# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကို တားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒ ပေါ်လာလျှင် အဆောတလျင်ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက် | ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ ၂၇ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၇)၊ အမှတ် (၀၈၈)

# အကြိမ်(၇၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော အကြိမ်(၇၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ ကျင်းပသည်။

**ငါးပါးသီလခံယူ**

ရှေးဦးစွာ တိပိဋကဓရ တိပိဋက ကောဝိဒ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ ဥက္ကဋ္ဌ လှိုင်သာယာမြို့နယ် သာသနဝ္ဂုဏ်ရည် ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တပညိဿရာဘိဝံသ ထံမှ ပရိသတ်တို့က ငါးပါး သီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာ ဘိဝံသ က

*စာမျက်နှာ ၃ ကော်လံ ၁* ✻





အကြိမ်(၇၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲတွင် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တပညိဿရာဘိဝံသ ဆရာတော်ထံမှ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။ သတင်းစဉ်

# အစီရင်ခံစာပါကဏ္ဍရပ်များကို မကြာခဏ ပြန်လည်လေ့လာသုံးသပ်၍ အမြန်ဆုံးအကောင်အထည်ဖော်နိုင်မည့် လုပ်ငန်းများကို ရွေးချယ်

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေး ကော်မတီ၏ (၆/၂၀၁၇) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက အဖွင့်အမှာစကားပြောကြားရာတွင် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီအနေဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ညှိနှိုင်းအစည်းအဝေးများကျင်းပ၍ လုပ်ငန်းများဆောင်ရွက်နေသည်မှာ ယခုအကြိမ်အပါအဝင် (၆)ကြိမ် ရှိနေပြီဖြစ်ပါကြောင်း၊ အစီရင်ခံစာ၏ အကြံပြုဖော်ပြချက်များသည် ရခိုင်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်း ပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဓိကထား၍ အကြံပြုထားသည့် လုပ်ငန်းများဖြစ်ကြောင်း၊ လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်ခြင်းသည် ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်ခြင်းဖြစ်ပြီး ရခိုင်ဒေသသာမက နိုင်ငံတစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်ခြင်းပင် ဖြစ်ပါကြောင်း။

အကြံပြုချက်တွင် ဖော်ပြထားသည့် ကဏ္ဍ ၁၈ ခုရှိပြီး ကဏ္ဍတိုင်းတွင်

*စာမျက်နှာ ၃ ကော်လံ ၁* ❒

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by EUROMONEY 2017

မြန်မာ့အလင်း

# သားရွှေအိုးထမ်း မြင်စေမည့် လျှော်ဖြူ

မြန်မာနိုင်ငံ လူဦးရေ၏ သုံးပုံနှစ်ပုံခန့်သည် လယ်ယာစိုက်ပျိုးရေးကဏ္ဍအပေါ် မှီခိုနေရသည်ဖြစ်၍ လယ်ယာစိုက်ပျိုးရေးကဏ္ဍတိုးတက်ရေးသည် မြန်မာနိုင်ငံအတွက် မရှိမဖြစ် လိုအပ်ချက်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လယ်ယာစိုက်ပျိုးရေးကဏ္ဍတိုးတက်ရေးအတွက် အစဉ်အလာ စိုက်ပင်တို့ကိုသာမက အသစ်အသစ်တို့ကိုလည်း ရှာဖွေ တိုးချဲ့စိုက်ပျိုးရမည်ဖြစ်ပါသည်။

လျှော်ဖြူပင်သည် အစဉ်အလာမဟုတ်သော စိုက်ပင်တို့အနက် ကျေးလက်ပြည်သူတို့၏ နေ့စဉ်ဝင်ငွေနှင့်အတူ တိုင်းပြည်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍကိုပါ မြှင့်တင်ခိုင်မာစေမည့် အပင်တစ်မျိုးဖြစ်ပါသည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနက လျှော်ဖြူစိုက်ပျိုးရေးကို ဒေသခံအစုအဖွဲ့ပိုင် သီးနှံသစ်တော ရောနှောစိုက်ခင်းအဖြစ် ခွင့်ပြုပေးလျက် ရှိပါသည်။ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်အရှေ့ခြမ်း ရွာင်မြို့နယ်ရှိ တောင်ကြီးကုန်းကြီးဝိုင်းမြေ၌ လျှော်ဖြူတို့ကို ဧက ၅၅၀ အထိ စိုက်ပျိုးထားကြောင်း သိရှိရပါသည်။ တစ်ဧကလျှင် လျှော်ဖြူပင် ၂၀၀ ခန့်အထိ စိုက်ပျိုးနိုင်ကြောင်း သိရှိရပါသည်။

လျှော်ဖြူပင်၏အဆီသည် တစ်ပိဿာလျှင် ငွေကျပ်လေးသောင်းခန့်အထိ ဈေးရရှိပါသည်။ အဆိုပါ လျှော်ဖြူပင်၏ အဆီကို တစ်နှစ်လျှင် ငါးလအထိ ထုတ်ယူနိုင်ပါသည်။ လျှော်ဖြူပင် ၁၀ ဧကအထိ စိုက်ပျိုးထားသူတစ်ဦးသည် တစ်ရက်လျှင် လျှော်ဖြူအဆီ ၁၀ ပိဿာမှ ၁၅ ပိဿာအထိ ရရှိနိုင်သောကြောင့် တစ်နေ့လျှင် ဝင်ငွေကျပ်လေးသိန်းမှ ငါးသိန်းခန့်အထိ ရရှိနိုင်ကြောင်း သိရှိရပါသည်။ ဝမ်းတွင်းမြို့နယ်ရှိ ကျေးလက်ပြည်သူတို့အနေဖြင့် လျှော်ဖြူမျိုးစေ့နှင့် ပျိုးပင်များဝယ်ယူလိုပါက ရိုးစုံအုပ်စု တောင်ကြီးကုန်းစိုက်ကွင်း၊ ဒေသအစုအဖွဲ့ပိုင် လျှော်ဖြူစိုက်ခင်း၌ ဝယ်ယူရရှိနိုင်ကြောင်း သိရှိရပါသည်။

လျှော်ဖြူပင်သည် ဘက်စုံအသုံးဝင်သော အပင်တစ်မျိုးဖြစ်ပါသည်။ ပြည်သူတိုင်း သိရှိကြသော ဆေးကုလားမကို လျှော်ဖြူအစေးမှ ထုတ်လုပ်ခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လျှော်ဖြူပင်ကို ဆေးကုလားမပင်ဟုလည်း ခေါ်ဝေါ်ပြောဆိုကြပါသည်။ လျှော်ဖြူအစေးမှုန့်ကိုလည်း ချည်ထည်လုပ်ငန်း၊ အလှကုန်ပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်းနှင့် စက်မှုကုန်ကြမ်းလုပ်ငန်းတို့၌ အသုံးပြုကြပါသည်။ အဆင့်မြင့် လျှော်ဖြူထုတ်ကုန်တစ်မျိုးကို ရည်ညွှန်းဖော်ပြရမည်ဆိုပါက မော်တော်ကားမှန်ကို ရည်ညွှန်းရမည်ဖြစ်ပါသည်။ ယခုအခါ ဂျာမနီနိုင်ငံမှ မာစီးဒီးနှင့် ဂျပန်နိုင်ငံမှ ဆူမီမိုကုမ္ပဏီတို့သည် မြန်မာနိုင်ငံ၌ ကားမှန်ပြုလုပ်သော Glassfiber စက်ရုံတည်ဆောက်ရန် သစ်တော၊ သယံဇာတပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေး (FREDA) အသင်းနှင့် ညှိနှိုင်းဆွေးနွေးလျက် ရှိကြောင်း သိရှိရသည်။ ဤကဲ့သို့သော ကားမှန်စက်ရုံမျိုးသာတည်ဆောက်နိုင်ပါက ကျေးလက်ပြည်သူတို့၏ နေ့စဉ်ဝင်ငွေကို အကြီးအကျယ် မြင့်မားလာစေနိုင်သည့် လျှော်ဖြူပင်စိုက်ပျိုးရေးသည် အရှိန်အဟုန်ဖြင့် ကျယ်ပြန့်လာမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျေးလက်ပြည်သူတို့ကို သားရွှေအိုးထမ်းမြင်စေမည့်ကိန်း ဖြစ်စေနိုင်သော လျှော်ဖြူပင်စိုက်ပျိုးရေးကို အရှိန်အဟုန်ဖြင့် တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ကြပါရန် လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

# (၆၆)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနား ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး

**လွိုင်ကော် ဒီဇင်ဘာ ၂၆**

၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ကျရောက်မည့် ကယားပြည်နယ်နေ့ ပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



**တက်ရောက်**

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ဆပ်ကော်မတီအလိုက် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကဏ္ဍအလိုက်ဆွေးနွေး**

ညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အမှာစကားပြောကြားပြီး ကျင်းပရေးဦးစီးကော်မတီအတွင်းရေးမှူး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက လည်းကောင်း၊ သက်ဆိုင်ရာဆပ်ကော်မတီ အသီးသီးမှ တာဝန်ရှိသူများက လည်းကောင်း သက်ဆိုင်ရာ ကဏ္ဍအလိုက်ဆွေးနွေး တင်ပြကြသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဈေးဆိုင်ခန်းများကို အမှန်တကယ်ရောင်းချမည့် ပုဂ္ဂိုလ်များကိုသာ ရောင်းချနိုင်ရေး၊ ဆိုင်ခန်းအမျိုးအစားအလိုက် မဲစနစ်ဖြင့် ရောင်းချရေး၊ ဈေးနှုန်းများအား သင့်တင့်မျှတသော ဈေးနှုန်းများ သတ်မှတ်ခဲ့ပြီး ပွဲတော်ကာလတစ်ခုလုံးအတွက် ဆိုင်ခန်းတစ်ခန်းလျှင် အနိမ့်ဆုံး ငွေကျပ် ခြောက်သောင်းမှ အမြင့်ဆုံး ငွေကျပ် သုံးသိန်းအဖြစ် လည်းကောင်း၊ ပျံကျဈေးရောင်းသူများ အဆင်ပြေစေရေးအတွက် ပွဲတော်သို့ လာရောက်သည့် ပြည်သူများအတွက် ဆိုင်ကယ်၊ ကားများ သတ်မှတ်ဈေးနှုန်းဖြင့်သာ အပ်နှံနိုင်ရေး၊ အမှိုက်များ စနစ်တကျစွန့်ပစ်ရန် အမှိုက်ပုံးများထားရှိဆောင်ရွက်ပြီး ပြည်သူများ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

**အခမဲ့ဖျော်ဖြေပေးသွားမည်**

ထို့အပြင် ပွဲတော်ကာလအတွင်း စည်ကားသိုက်မြိုက်စေရေး အတွက် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၀၊ ၁၁၊ ၁၂ ရက်များတွင် ရွှေမဟာဇာတ်သဘင်ဖြင့် လည်းကောင်း၊ ၁၃၊ ၁၄၊ ၁၅ ရက်များတွင် ရွှေထိပ်တင်ဇာတ် သဘင်ဖြင့် လည်းကောင်း၊ ၁၆ ရက်တွင် Iron Cross တေးဂီတအဖွဲ့ဖြင့်လည်းကောင်း၊ ကျန်ရက်များတွင် New Five Star အဖွဲ့၊ မေတ္တာ၊ ပွမ်ပွမ်စသည့် ဟာသလူရွှင်တော်များဖြင့် ပွဲတော်ကာလတစ်လျှောက်လုံး အခမဲ့ဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြသသွားမည်**

အခြားပွဲကန်ထရိုက်များမှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၄ ရက်နှင့် ၁၅ ရက်များတွင် နာမည်ကျော် အဆိုတော်များဖြင့် ဝင်ကြေးအနည်းဆုံးနှုန်းဖြင့် ဆောင်ရွက်ရန် လျာထားကြောင်းနှင့် ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ပြည်နယ်မှ ကုန်စည်များ လာရောက်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ရမည်းသင်း၌ တောင်သူပညာပေး သင်တန်းဖွင့်

**ရမည်းသင်း ဒီဇင်ဘာ ၂၆**

ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မိုးရေကို အကျိုးရှိစွာ စီမံခန့်ခွဲခြင်းစီမံကိန်း တောင်သူပညာပေးသင်တန်းကို ဒီဇင်ဘာ ၂၆ ရက်က ရမည်းသင်းမြို့နယ် ဆည်ကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာနခွဲ ညွှန်ကြားရေးမှူး ဒေါ်သူဇာမြင့်၊ ရမည်းသင်းခရိုင်ဦးစီးမှူး ဦးသက်ဦးနှင့် မြို့နယ်ဦးစီးမှူး ဦးသက်နိုင်အေးတို့က အမှာစကားနှင့် သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို အာရှဖွံ့ဖြိုးရေးဘဏ်နှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ရေကိုအသုံးပြု၍ သီးထပ်စွမ်းအင်တိုးတက်ရေးနှင့် ဘေးကင်းစိတ်ချရသော စိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ရေးအတွက် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

# ရွှေ၊ ငွေ၊ စက် သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၆-၁၂-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၂၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၀၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၂၅၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၇၇၀/၇၈၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၇၅/၇၉၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၀/၈၃၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၉၀/၈၀၅ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၄ · ၀ |
| ဥရောပ | တစ်ယူရို | ၁၆၁၃ · ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၂ · ၂ |
| ထိုင်း | တစ်ဘတ် | ၄၁ · ၈ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ · ၁ |
| တရုတ် | တစ်ယွမ် | ၂၀၆ · ၀၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၅ · ၃ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းမှူးများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

## လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများ တွေ့ဆုံပွဲပြုလုပ်

**နတ်တလင်း ဒီဇင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့ ရွှေလင်းခန်းမ၌ ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများ တွေ့ဆုံပွဲကျင်းပရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းက အမှာစကားပြောရာတွင် ပြည်သူများ၏ လိုအပ်ချက်အပေါ် ဌာနဆိုင်ရာများ၏ ဆောင်ရွက်မှုများတွင် အားသာချက်၊ အားနည်းချက်များကို သက်ဆိုင်ရာ ကျေးရွာ၊ ရပ်ကွက် နယ်မြေများအလိုက် ဖြစ်ပေါ်ခံစားနေရမှုအပေါ် တင်ပြဆွေးနွေးကြရန်၊ ဖြစ်နိုင်ခြေရှိသည်များကိုသာ တင်ပြကြရန်နှင့် ပုဂ္ဂိုလ်ရေးရာ မကျေနပ်ချက်များရှိ၍ တင်ပြမှုမျိုးမဖြစ်ကြရန်၊ မိမိဒေသအတွက် အမှန်တကယ် လိုအပ်နေမှု၊ ခံစားနေရမှုတို့ကို တင်ပြကြရန် ပြောကြားသည်။

ယင်းနောက် နတ်တလင်းမြို့နယ် အလုပ်အမှုဆောင်ဟောင်းဦးအေးထွန်းက လည်းကောင်း၊ အလုပ်အမှုဆောင် ဦးဝင်းမြင့်က လည်းကောင်း၊ ခရိုင် NLD ပါတီဥက္ကဋ္ဌဟောင်း ဦးအုန်းထွန်းက လည်းကောင်း အမှာစကားပြောကြားကြပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် မြို့နယ်အရှေ့ခြမ်း၊ အနောက်ခြမ်းရှိ NLD ပါတီဝင်များ၊ ပြည်သူများက လမ်း၊ တံတား၊ စာသင်ကျောင်း၊ ကျေးရွာလျှပ်စစ်မီးရရှိရေး၊ ကျန်းမာရေး စသည့်ကိစ္စရပ်များကို တင်ပြဆွေးနွေးကြ၍ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြသည်။ တွေ့ဆုံပွဲသို့ ပါတီဝင်များနှင့် ပြည်သူများ၊ ဌာနဆိုင်ရာ တာဝန် ရှိသူများ စုစုပေါင်း ၇၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**



အကြိမ်(၇၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ သံဃာတော်များ အာဂုံပြန် ဖြေဆိုကြစဉ်။ သတင်းစဉ်

✻ ရှေ့ဖုံးမှ

သာရဏီယ ဩဝါဒကထာ မြွက်ကြားတော်မူသည်။

**(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်၏ သာရဏီယ ဩဝါဒကထာကို စာမျက်နှာ ၄ တွင် ဖော်ပြထားပါသည်)**

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် သာသနာတော် သုံးရပ်ရှိရာတွင် ပရိယတ္တိသာသနာတော်သည် ပင်စည်ရေသောက်မြစ်သဖွယ် အခြေခံမူလ ပဓာနကြပြီး သာသနာ့ ပင်စည်ရေသောက်မြစ် တည်တံ့ခိုင်မြဲ ရှည်လျားတိုးပွားစေရန် ရည်သန်၍ ပါဠိပထမပြန်စာမေးပွဲ၊ ဓမ္မာစရိယ စာမေးပွဲ၊ နိကာယ်စာမေးပွဲ၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ စသည့် ပရိယတ္တိစာမေးပွဲများကို ယခုအခါ ကျင်းပလျက်ရှိပါကြောင်း၊ မြတ်ဗုဒ္ဓသာသနာ အရှည်ခံ့တည်တံ့ရေးအတွက် ပရိယတ္တိပင်စည်ကြီး တည်တံ့ခိုင်မြဲပွားစည်းရေးတွင် ပရိယတ္တိစာသင်တိုက်များ၏ အခန်းကဏ္ဍသည်လည်း မရှိမဖြစ် လိုအပ်လှပါကြောင်း၊ အနာဂတ်သာသနာတော် တာဝန်ကို ပခုံးပြောင်းထမ်းဆောင် စောင့်ရှောက်ကြမည့် ကလေးသူငယ်များနှင့် ရှင်ငယ် ရဟန်းငယ်တို့၏ နုနယ်လှသည့် နှလုံးသားထဲသို့ ဘာသာသွေး၊ ဘာသာစိတ်ဓာတ်များ ကိန်းအောင်းနေအောင် သာသနာသွေး၊ သာသနာစိတ် မပျက်ယွင်းရအောင် ပရိယတ္တိ စာသင်တိုက်ကြီးများက ပြုစုပျိုးထောင် ထိန်းကျောင်းပေးနေကြသည်ကို မြင်တွေ့နိုင်ပါကြောင်း။

အခြေခံမူလကျသည့် ပရိယတ္တိသာသနာ ထွန်းလင်းနေလျှင် မှန်ကန်မြင့်မြတ်သည့် ပဋိပတ္တိသာသနာ လင်းလက်နေမည်ဖြစ်သကဲ့သို့ မဂ်ဖိုလ်နိဗ္ဗာန် အသီးအပွင့်တည်းဟူသော ပဋိဝေဓ သာသနာသည်လည်း မည်သည့်အခါမျှ ဆိတ်သုဉ်းပျောက်ကွယ်မည် မဟုတ်ပါကြောင်း၊ သာသနာတော်သုံးရပ် အရှည်တည်တံ့စေရန် ဆရာတော် သံဃာတော် အရှင်မြတ်တို့က သင်ယူကျင့်ပွားခြင်းဖြင့် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြသကဲ့သို့ ရှေးရှေးသော သာသနာပြု မင်းအစိုးရတို့နည်းတူ ယနေ့ မျက်မှောက်ခေတ် အစိုးရအဆက်ဆက်တို့နှင့် ဗုဒ္ဓဘာသာဝင် ဒါယကာ ဒါယိကာမများကလည်း ပရိယတ္တိ၊ ပဋိပတ္တိ သာသနာ့ဝန်ဆောင် မဟာထေရ်အဆက်ဆက်တို့အား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး တို့ဖြင့် စဉ်ဆက်မပြတ် ထောက်ပံ့လှူဒါန်းကြလျက် သာသနာတော် တည်တံ့ပြန့်ပွားရေးလုပ်ငန်းများကို အားပေးချီးမြှောက် ထောက်ပံ့လျက်ရှိကြပါကြောင်း။

ယနေ့ကျင်းပသည့် အကြိမ်(၇၀)မြောက် တိပိဋကဓရ တိပိဋက ကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးသည် ဝိနည်းပိဋက၊ သုတ္တန်ပိဋက၊ အဘိဓမ္မာပိဋက ဟူသော ပိဋကသုံးပုံကို အာဂုံပြန်ဆိုရေးဖြေကြရသည့် စာမေးပွဲကြီးဖြစ်၍ သာသနာတော်စောင့် စာမေးပွဲကြီးလည်း ဖြစ်ပါကြောင်း၊ ထို့ပြင် ဝိနည်းပိဋကသည် သီလနှင့်ပြည့်စုံခြင်း သီလသမ္ပဒါအား ကျေးဇူးများ၍ သုတ္တန်ပိဋကသည် တည်ကြည်မှုနှင့် ပြည့်စုံခြင်း သမာဓိသမ္ပဒါအား ကျေးဇူးများကာ အဘိဓမ္မာပိဋကသည် ပညာနှင့် ပြည့်စုံခြင်းပညာသမ္ပဒါအား ကျေးဇူးများသဖြင့် သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာ သုံးရပ်ကို ဖြည့်ဆည်းပြည့်စုံစေသည့် စာမေးပွဲကြီး ဖြစ်ကြောင်းကိုလည်း ဆရာတော်ကြီးများထံမှ နာယူ မှတ်သားရသဖြင့် အထူးပင် ကြည်ညိုဆပွား သဒ္ဓါတရား တိုးပွားရပါကြောင်း။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီး စတင်ကျင်းပပြုလုပ်ခဲ့သည့် ၁၃၁၀ ပြည့်နှစ်မှစ၍ ကျင်းပပြီးစီးခဲ့သည့် (၆၉)ကြိမ်မြောက်အထိ တိပိဋကဓရ တိပိဋကကောဝိဒ အာဂုံ၊ ရေးဖြေအောင် သာသနာ့အာဇာနည် အရှင်မြတ်ကြီး ၁၄ ပါး၊ တိပိဋကဓရ ပိဋကသုံးပုံ အာဂုံဆောင် သာသနာ့အာဇာနည် ခုနစ်ပါးသာ ပေါ်ထွန်းခဲ့သည်ကို ကြည့်ခြင်းအားဖြင့် မြန်မာပြည်မှာသာမက ကမ္ဘာမှာပါ အခက်ခဲဆုံး အနက်နဲဆုံးသော စာမေးပွဲကြီးဖြစ်သည်မှာ မျက်ဝါးထင်ထင် မြင်တွေ့ရပါကြောင်း၊ မည်မျှပင် ခက်ခဲနက်နဲသော်လည်း ဝင်ရောက်ဖြေဆိုရေးဖြေလိုသော သာသနာ့အာဇာနည် အရှင်မြတ်များမှာ လျော့နည်းသွားခြင်း မရှိသဖြင့် အနာဂတ်သာသနာတော်ကြီးအတွက် အတိုင်းမသိ ဝမ်းမြောက်ကြည်နူးမှုများ တဖွားဖွား ပေါ်ပေါက်ခံစားကြရပါကြောင်း။

ဗုဒ္ဓဘာသာဝင် သူတော်စင်တို့၏ စိတ်အာရုံဝယ် မြတ်စွာဘုရားရှင်၏ အဆုံးအမခေါ် ပိဋကတ်တော်များ မြဲစွာ ထုံမွမ်းနေမှသာ ရတနာမြတ်သုံးပါးကိုလည်းကောင်း၊ မိမိကိုယ်ကိုလည်းကောင်း ယုံကြည်မှုသဒ္ဓါတရား များစွာတိုးပွားကာ လောဘ၊ ဒေါသ၊ မောဟ စသော တရားများ ချုပ်ငြိမ်း၍ ရခဲလှစွာသော လူ့ဘဝတွင် လူဖြစ်ကျိုးနပ်ကြမည် ဖြစ်ပါကြောင်း၊ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုသည် ဗုဒ္ဓဘာသာတရားတော်၏ အဆုံးအမများကို အခြေခံ၍ တိုးတက်မြင့်မားခဲ့သည့်အားလျော်စွာ အခြားသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ် အားလုံးမှာလည်း ဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့် ကင်းသည့်အရာ မရှိသလောက်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ပရိယတ္တိအရာ ကျွမ်းကျင်နှံ့စပ်တော်မူကြသော ဆရာတော် သံဃာတော် အရှင်မြတ်များ အနေဖြင့် တပည့်ဒါယကာ ဒါယိကာမများ နှင့် မျိုးဆက်သစ် လူငယ် လူရွယ်များအား လောကသံသရာ နှစ်ဖြာကြီးပွားကြောင်း တရားတော်များကို ဟောဖော်ညွှန်းပြ ဆုံးမပေးခြင်းဖြင့် စောင့်ရှောက်ပေးတော်မူကြပါရန် လျှောက်ထားသည်။

ထို့နောက် အလှူရှင်များက အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးတို့က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ လှူဒါန်းမှုအစုစုတို့အတွက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်း ပထမပြန် စာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ပရိသတ်တို့က အနုမောဒနာတရားနာကြားကြပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် သာသနာရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းမောင် က ဓမ္မာသနပလ္လင်တော်များနှင့် ကနက္ကဒဏ် ထီးဖြူတော်များကို အဘိသေကမန္တန်တော်ဖြင့် ဘိသိက်သွန်း၍ ပလ္လင်တော်များထက်သို့ ကြွရောက်ရန် သာသနာ့အာဇာနည်များအား ပင့်လျှောက်တော်မူသည်။

အကြိမ်(၇၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကို ယနေ့မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၇ ရက်အထိ ၃၃ ရက်တိုင် ကျင်းပသွားမည်ဖြစ်ပြီး အာဂုံပြန်ဆို စာမေးပွဲသို့ သံဃာတော် အရှင်သူမြတ် အပါး ၂၁၀ နှင့် ရေးဖြေစာမေးပွဲသို့ သံဃာတော် အရှင်သူမြတ် အပါး ၁၇၀ တို့ ဖြေဆိုတော်မူကြမည်ဖြစ်သည်။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီး စတင်ကျင်းပခဲ့သည့် ၁၃၁၀ ပြည့်နှစ်မှစ၍ (၆၉)ကြိမ်မြောက်အထိ တိပိဋကဓရ တိပိဋကကောဝိဒ အာဂုံနှင့် ရေးဖြေအောင် သာသနာ့အာဇာနည် အရှင်သူမြတ် ၁၄ ပါးနှင့် တိပိဋကဓရ ပိဋကသုံးပုံ အာဂုံဆောင် သာသနာ့အာဇာနည် ခုနစ်ပါးတို့ ပေါ်ထွန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ (၆/၂၀၁၇) လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

❒ ရှေ့ဖုံးမှ

ဝန်ကြီးဌာနတစ်ခုတည်း အကောင်အထည်ဖော်ရသော လုပ်ငန်းရပ်များထက် ဝန်ကြီးဌာန သုံး၊ လေးခု ပေါင်းစပ်အကောင်အထည်ဖော်ရသော လုပ်ငန်းရပ်များက ပိုမိုများပြားပါကြောင်း၊ ထို့ကြောင့် ပေါင်းစပ်ညှိနှိုင်းခြင်းသည် အဓိကအရေးကြီးပါကြောင်း၊ အစီရင်ခံစာပါ ကဏ္ဍရပ်များကို မကြာခဏ ပြန်လည်လေ့လာသုံးသပ်၍ အမြန်ဆုံး အကောင်အထည်ဖော်နိုင်မည့် လုပ်ငန်းများကို ရွေးချယ်ဦးစားပေး ဆောင်ရွက်ကြစေလိုပါကြောင်း၊ ကော်မတီ၏ လုပ်ငန်းတာဝန်သတ်မှတ်ချက်အရ ကော်မတီအနေဖြင့် လေးလတစ်ကြိမ် အစီရင်ခံစာထုတ်ပြန်၍ ပြည်သူသို့ အသိပေးရမည်ဖြစ်၍ ကော်မတီဝင် ဝန်ကြီးဌာနများအနေဖြင့် လေးလအတွင်း အကြံပြုချက်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုကို တိုတိုကျဉ်းကျဉ်းနှင့် ထိထိမိမိရေးသား၍ အစီရင်ခံစာများ ပေးပို့နိုင်ရေး ဆောင်ရွက်ပေးကြစေလိုကြောင်း။

ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများအပေါ် ပိုမိုတိုးမြှင့်နိုင်ရေးအတွက် ပြည်တွင်း ပြည်ပ အတွေ့အကြုံများကို အခြေခံ၍ အကြံပြုပေးမည့် အကြံပေးအဖွဲ့ကို ဖွဲ့စည်းပေးထားပြီးဖြစ်၍ မိမိတို့ကော်မတီနှင့် အကြံပေးအဖွဲ့တို့ ဇန်နဝါရီလ နောက်ဆုံးရက်သတ္တပတ်တွင် တွေ့ဆုံဆွေးနွေးညှိနှိုင်းရန် စီစဉ်ထားပါကြောင်း၊ ယနေ့ အစည်းအဝေးတွင် ဝန်ကြီးဌာနများအနေဖြင့် မိမိတို့၏ လုပ်ငန်းအကောင်အထည်ဖော်မှုများကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးနိုင်ရေး လိုအပ်ချက်၊ အားနည်းချက် အားသာချက်များ အလိုက် တွေ့ရှိဆောင်ရွက်ရမှုများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန် ပြောကြားသည်။

ကော်မတီပူးတွဲဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားရာတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရာ၌ မြေပြင်၌ အမှန်တကယ်ဖြစ်တည်နေမှု မြေပြင်၏ လိုအပ်ချက်တို့အပေါ် မူတည်၍ လုပ်ငန်းများကို ပြည်နယ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်နေခြင်းကို ပိုမိုအရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ပြန်လည်လက်ခံရေး လုပ်ငန်းများအတွက် ပြင်ဆင်မှုများ ပူးပေါင်းမှုဖြင့် ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း၊ သတင်းမီဒီယာများ သတင်းရယူ၍ သတင်းမှန်ထုတ်ပြန်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပြည်နယ်အစိုးရတို့ ပူးပေါင်းဆောင်ရွက်၍ ရခိုင်ပြည်နယ်ဆိုင်ရာ သတင်းမှန်များ မြန်ဆန်ကျယ်ပြန့်စွာ ထုတ်ပြန်နိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ကော်မတီပူးတွဲဥက္ကဋ္ဌ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု၊ ကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကော်မတီအတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တွဲဖက်အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကော်မတီဝင် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက မိမိတို့ လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှုများ၊ ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းများ ပေါင်းစပ်ဆောင်ရွက်ပေးရန် လိုအပ်မှုများကို ဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌနှင့် ပူးတွဲဥက္ကဋ္ဌတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် သတင်းစကားကို ကျယ်ပြန့်ထိရောက်စွာ သိရှိကြစေရန် ဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ ရခိုင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်း လူမှုအဖွဲ့အစည်းများ ညီညီညွတ်ညွတ် စည်းစည်းလုံးလုံး ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း၊ ဒေသတွင်း တရားဥပဒေစိုးမိုးပါက အကြံပြုချက်ပါ လုပ်ငန်းစဉ်များ အမြန်အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူများ အကြားအမြင်ပိုမိုကျယ်ပြန့်ပြီး စဉ်းစားဆင်ခြင်တွေးခေါ်မှု မြင့်မားစွာဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရန်နှင့် စိတ်ရှည်စွာဖြင့် စည်းရုံးလက်တွဲ ဖော်ဆောင်ကြရန် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဝိနည်းနှင့် သာသနာမှာ ရဟန်းတော်များ၌သာ ရှိသည်မဟုတ် လူပုဂ္ဂိုလ်များ၌လည်း လူပုဂ္ဂိုလ်များအလိုက် ငါးပါးသီလအစရှိသော လူ့ဝိနည်း လူ့ကျင့်ဝတ် လူ၏ယဉ်ကျေးမှုများရှိ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော အကြိမ် (၇၀) မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနား၌ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ (ဝဋံသကာပါဠိသိရောမဏိ) မိန့်ကြားတော်မူအပ်သော သာရဏီယ ဩဝါဒကထာ**

အကြိမ် (၇၀)မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးသို့ ဝင်ရောက်ပြန်ဆိုရေးဖြေလို၍ အဓိပတိတရားလေးပါး လက်ကိုင်ထားလျက် အားခဲ၍ ကြွရောက်တော်မူလာကြသည့် သာသနာ့အာဇာနည် အရှင်မြတ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ စာသင်တိုက်ကြီးများမှ ကြွရောက်တော်မူလာကြသည့် စာထောက်စာမ ဆရာတော်များနှင့်တကွ နိုင်ငံတော်အစိုးရ အမှူးပြုသော ဥပါသကာ၊ ဥပါသိကာမအပေါင်း သူတော်ကောင်းတို့အား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ကိုယ်စား ဩဝါဒစကား မြွက်ကြားလိုသည်မှာ-

ပမုဋ္ဌမှိ စ သုတ္တန္တေ၊အဘိဓမ္မေ စ တာဝဒေ။

ဝိနယေ အဝိနဋ္ဌမှိ၊ ပုန တိဋ္ဌတိ သာသနံ။ [ဝိ၊၃၊၁၃၇]

ဟူသော ဒေသနာတော်အရ မြတ်စွာဘုရားရှင်၏ သာသနာတော်၌ သုတ္တန် အဘိဓမ္မာ နှစ်ဖြာသောဒေသနာတော်ကြီးများ မေ့ပျောက်ပျက်စီး၍ သွားသော်လည်း ဝိနည်းဒေသနာတော်ကြီးတစ်ခု တည်မြဲလျက်ရှိပါက သာသနာတော်ကြီး တည်မြဲနိုင်ပေသည်။ ဝိနည်းသည် သာသနာတော်၏ အသက်ပင်ဖြစ်ပေသည်။ ထို့ကြောင့် ဝိနယော နာမ ဗုဒ္ဓ သာသနဿ အာယု၊ ဝိနယေ ဌိတေ သာသနံ ဌိတံ ဟု (ဝိ၊ဋ္ဌ၊ ၁၊၁၁။)၌ မိန့်ဆိုထားပါသည် ဘုရား။

ဝိနည်းဆိုသည်မှာ မြတ်စွာဘုရားရှင်၏ အဆုံးအမ ဩဝါဒပင်ဖြစ်ပေသည်။ ဝိနည်းနှင့်သာသနာမှာ ရဟန်းတော်များ၌သာ ရှိသည်မဟုတ် လူပုဂ္ဂိုလ်များ၌လည်း လူပုဂ္ဂိုလ်များ အလိုက် ငါးပါးသီလအစရှိသော လူ့ဝိနည်း လူ့ကျင့်ဝတ် လူ၏ယဉ်ကျေးမှုများ ရှိကြပေသည်။ လူဖြစ်စေ ရဟန်းဖြစ်စေ အကြင်ပုဂ္ဂိုလ်သည် ဘုရားရှင်၏ အဆုံးအမဩဝါဒအတိုင်း လိုက်နာကျင့်သုံး၏။ ထိုပုဂ္ဂိုလ်၏သန္တာန်၌ သာသနာတည်ရှိနိုင်ပါသည် ဘုရား။

အရှင်မြတ်တို့၏စိတ်သန္တာန်၌ မြတ်စွာဘုရားရှင် သာသနာတော်၏ အသက်ကားဝိနည်းတရားပင်ဖြစ်သည်ဟု ယုံကြည်ခြင်း သဒ္ဓါတရားရှိကြသည့် အားလျော်စွာ ဝိနည်းဒေသနာတော်ကို ဦးစွာပထမ နှုတ်တိုက်အာဂုံဆောင်ကြကာ နက်နဲသော အနက်အဓိပ္ပာယ်သဘောတို့ကိုလည်း သိမြင်လေ့လာ လိမ္မာကျွမ်းကျင်လိုသော ကုသိုလ်ဆန္ဒ ထက်သန်စွာဖြစ်ရှိကြမည်ကို အလေးအနက်ထား သတိတရားလက်ကိုင်ထားလျက် သိမြင်ရင်းရှိကြသဖြင့် ဝိနယဘာသာ ဥဘတောဝိဘင်းကို တစ်ပိုင်း၊ခန္ဓကပရိဝါရကို တစ်ပိုင်း နှစ်ပိုင်းခွဲခြား၍ အလွယ်တကူအောင်ပန်းကို ဆွတ်ခူးရရှိနိုင်ကြစေရန် ပြဋ္ဌာန်းသတ်မှတ်ခဲ့ကြပါသည် ဘုရား။

အရှင်မြတ်များသည် မကြာမီအနာဂတ်ကာလ၌ သာသနာ့ရှေ့တန်းမှစွမ်းစွမ်းတမံ သာသနာ့တာဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်ကြရမည့် ကေန်အမှန်ပင်ဖြစ်ကြ၍ ဝိနယဓရ ဝိနယကောဝိဒ သာသနာ့သက်စောင့်ပုဂ္ဂိုလ်များပီပီ ဤသာသနာတော် အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေးအတွက် ကျေးဇူးပြုကြမည့်ပုဂ္ဂိုလ်များ ထူးခြားစွာ ကေန်အမှန်ပင် ဖြစ်ကြလိမ့်မည်ဟု ယုံကြည်ကြ၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးက ဝိနည်းကိုအလေးထား စာပြန်စာဖြေအရှင်မြတ်တို့လည်း ဆောင်အားရှိအောင် ပိုင်းခြားသတ်မှတ်ကာ အရှင်မြတ်များသည်လည်း သာသနာတော်၏ အသက် ဆက်လက်ထမ်းပိုးတို့၍ ရှည်ပါစေဟုနှလုံးသွင်းကောင်းထားကြလျက် ကြိုးစားပြန်ဆိုဖြေဆိုတော်မူကြလိမ့်မည်ဟု နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးမှ စာပြန်စာဖြေအရှင်မြတ်တို့၏ ပါရမီကုသိုလ်ထူးကို ယုံကြည်ကိုးစားအားထားလျက်ရှိကြပါသည် ဘုရား။

အရှင်မြတ်တို့သည် ဝိနည်းပိဋကတ်ကို အထပ်ထပ်ရွတ်



**နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ၊အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ**

အံကြံစည်ပွားများ မှတ်သားကျင့်ကြံခြင်းဖြင့် သီလသမ္ပဒါကို လွယ်လင့်တကူ ဖြည့်ကျင့်နိုင်ကြပြီး သုတ္တန်ပိဋက အဘိဓမ္မာပိဋကတို့ကို အထပ်ထပ်ရွတ်အံကြံစည်ပွားများ မှတ်သားကျင့်ကြံခြင်းတို့ဖြင့် သမာဓိသမ္ပဒါ + ပညာသမ္ပဒါ နှစ်ဖြာတို့ကိုလည်း လွယ်ကူစွာ ကျင့်နိုင်ကြမည်ဖြစ်ပါသည်ဘုရား။ ဤနည်းအားဖြင့် သီလ၊သမာဓိ၊ပညာ သိက္ခာသုံးပါး ဘုရားသာသနာတော်သည် စာပြန်စာဖြေအရှင်မြတ်တို့၏ လုံ့လဝီရိယဖြင့် ဆတက်ထမ်းပိုး တိုးတက်လင်းပြောင် အရောင်ပဝင်း ထွန်းလင်းမည်ကေန်အမှန်ပင် ဖြစ်ပါသည်ဘုရား။

အရှင်မြတ်တို့သည် အလင်္ကာဒ္ဒူပမစာသင်နည်းကို ရှောင်ရှား နိဿရဏတ္ထ စာသင်နည်းကိုလိုက်စားကြလျက် လေးပါးသော သမ္မပ္ပဓာန ဝီရိယခြေအစုံတို့ဖြင့် သီလသမ္ပဒါ အကျင့်မြတ်တို့၌ ရပ်တည်ကြကာ သမာဓိပညာ သမ္ပဒါနှစ်ပါး နှစ်ဖက်သွား စိန်သန်လျက်ဖြင့် ကိလေသာမာရ်နတ်၏ စစ်သည်များကို ချိုးနှိမ်ပယ်သတ်၍ အရဟတ္တဖိုလ်အောင်နန်းကို သိမ်းမြန်း စိုးစံနိုင်ကြောင်း နည်းလမ်းကောင်းကို အမှန်ရကြပြီဖြစ်ပါသည်။ သို့ဖြစ်သောကြောင့် စာပြန်စာဖြေအရှင်မြတ်တို့အနေဖြင့် ငါတို့သည် သာသနာတော်တွင် အဓိကကျသော သာသနာ့တာဝန်ကို ထမ်းဆောင်၍ သာသနာတော်ကို စောင့်ရှောက် နေသူများဖြစ်သည်ဟု နှလုံးသွင်းကာ ဂုဏ်ယူဝမ်းမြောက်စွာဖြင့် အာဂုံရေးဖြေ ပြန်ဆို ဖြေဆိုကြရမည် ဖြစ်ပါသည် ဘုရား။

နိုင်ငံတော်အစိုးရအမှူးပြုသော ဒါယကာ ဒါယိကာမ အပေါင်းတို့အနေဖြင့်လည်း-

သာသနံ ပုညဝန္တဿ၊ ပုညဝန္တာဝ လဗ္ဘရေ။

နုပ္ပပုညာ ကရဟစိ၊ ပဂ္ဂဏှိတု မဝိသယာ-

ဟူသော ရှေးပညာရှိဆရာတော်ကြီးများ၏ ဩဝါဒမိန့်ကြားချက်အရ ဘုန်းရှင်ကံရှင်သဗ္ဗညုရှင်ဖြစ်တော်မူသော မြတ်ဗုဒ္ဓ၏ သာသနာတော်မြတ်ကြီးကို လိုအပ်ရာရာအာမိသဖြင့် ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းနေကြသော ငါတို့သည် ရှေးအခါက ဆည်းပူးခဲ့ပြုခဲ့ဖူးသော ပါရမီဘုန်းကံရှိသူများ ဖြစ်သောကြောင့်သာ လှူဒါန်းထောက်ပံ့နေနိုင်ကြပေသည်ဟု သိရှိကြကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သင့်ကြပေသည်။

မြတ်ဗုဒ္ဓသာသနာနှင့်ကြုံကြိုက်ကြ၍သာ ဆရာဒကာဆိုင်ရာတာဝန်ကို ထမ်းရွက်ကြခြင်းဖြင့် ကုသိုလ်တရားများကို ဆည်းပူးရရှိကြပြီး ဖြစ်ပါသည်။ ထိုကုသိုလ်ကောင်းမှု၏ အရှိန်ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာဖွံ့ဖြိုး၍ နိုင်ငံသူနိုင်ငံသားအားလုံးတို့လည်း နိဗ္ဗာန်တိုင်ထိ သမ္ပတ္တိအကျိုးများ ရရှိနိုင်ကြပါစေ စာပြန်စာဖြေ အရှင်မြတ်များလည်း နှုတ်တက်ရွရွ အာဂုံပြန်ဆိုနိုင်ကြပြီး သဘောရေးဖြေစာမေးပွဲကိုလည်း ချောမောစွာ ရေးသားဖြေဆိုနိုင်ကြပါစေဟု ပတ္ထနာပြု၍ သာရဏီယဩဝါဒကထာကို နိဂုံးချုပ်အပ်ပါသတည်း။ ။

# ဟားခါးမြို့ ရေပေးဝေရေး သတင်းစာရှင်းလင်းပွဲပြုလုပ်

**ဟားခါး ဒီဇင်ဘာ ၂၆**

ချင်းပြည်နယ် ဟားခါးမြို့ ရေပေးဝေရေး စီမံကိန်းနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက ဟားခါးမြို့ မြို့နယ်စုပေါင်းရုံးရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးခန်း၌ ကျင်းပသည်။**(အောက်ပုံ)**

သတင်းစာရှင်းလင်းပွဲတွင် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအို၊ စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဟားခါးမြို့ပေါ်ရှိ သတင်းမီဒီယာဌာနများမှ သတင်းထောက်များ တက်ရောက်ကြပြီး ချင်းပြည်နယ် အစိုးရအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူနှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်က ဟားခါးမြို့ ရေပေးဝေရေးကိစ္စနှင့် စပ်လျဉ်းပြီး မြို့တွင်းရေပေးဝေရေးစနစ် အမြန်ဆုံး အကောင်အထည်ဖော်စီမံဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပြည်သူများပူးပေါင်း ပါဝင်ကူညီဆောင်ရွက်ရမည့် အခြေအနေများ စသည်တို့ကို Power Point ဖြင့် အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။



ထို့နောက် တက်ရောက်လာကြသူများက ဟားခါးမြို့ရေပေးဝေရေးစီမံကိန်းနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ဟားခါးမြို့ရေပေးဝေရေး စီမံကိန်းလုပ်ငန်းများ ပြီးစီးသွားပါက Main-Tank ၁၂ ခု၊Sub-Tank ၄၃ ခု၊ ထိန်းချုပ်ကန် ၂၈ ကန်၊ မီတာအလုံးရေ ၃၄၃၂ လုံးဖြင့် အိမ်ခြေများအား ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

❒ ***ကျော့ဖုံးမှ***

အခန်းခတွေကတော့ အမျိုးအစားအလိုက် ဈေးနှုန်းက အမျိုးမျိုးရှိပါတယ်၊ ခြောက်သောင်းကနေ မိသားစုငါးယောက်ဆို ငွေကျပ် သုံးသိန်းအထိရှိပါတယ်”ဟု ငွေဆောင်ရှိ ဟိုတယ်တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ တချို့ဟိုတယ်၊ တည်းခိုခန်းများသည် ပြည်တွင်း ပြည်ပ ခရီးသွားများလာရောက်မှု များပြားသည့်အတွက် အခန်းခများကို ပုံမှန်ထက် နှစ်ဆခန့် တောင်းယူနေပြီး ဝန်ဆောင်မှုများလည်း မပြည့်စုံကြောင်း ရုံးပိတ်ရက်တွင် ငွေဆောင်သို့လာရောက်အပန်းဖြေသည့် မဇင်မာက ပြောသည်။

“ကျွန်မက ရန်ကုန်ကပါ၊ ရုံးပိတ်ရက်လေး အပန်းဖြေချင်တာနဲ့ သူငယ်ချင်းတွေနဲ့ စုပြီး ငွေဆောင်ကို လာရောက် အပန်းဖြေဖြစ်တာပါ၊ ဒီမှာ ဟိုတယ်အခန်းတွေ လိုက်ရှာတော့ ဈေးက နှစ်ဆလောက် တက်နေတာကို တွေ့ရပါတယ်၊ တချို့ဟိုတယ်တွေဆို နောက်တစ်ပတ် နှစ်ပတ်လောက်အထိ အခန်းတွေ မအားဘူး၊ အခန်းအားတဲ့ ဟိုတယ်တွေဆိုရင်လည်း ဈေးက တိုးတောင်းထားတာတွေရှိတာကြောင့် ကျွန်မတို့အဖွဲ့ ရွာထဲမှာရှိတဲ့ တည်းခိုခန်းတွေမှာ ငှားဖြစ်တယ်၊ အဲဒီက အခန်းခက နှစ်ယောက်အိပ်တစ်ခန်းကို နှစ်သောင်းဆိုတော့ အဆင်ပြေတာနဲ့ ရွာထဲမှာပဲ ငှားဖြစ်ပါတယ်၊ ငွေဆောင် အပန်းဖြေစခန်းမှာ လာရောက်အပန်းဖြေသူတွေ များပြားတာကြောင့် ဈေးဆိုင်တွေ၊ ခေါင်းရွက်ဗျပ်ထိုးဈေးသည်များကလည်း ဈေးနှုန်းများကို အဆမတန် တင်ရောင်းနေတာတွေရှိပါတယ်”ဟု ၎င်းက ဆက်လက်ပြောသည်။

ယခုခရီးသွားရာသီတွင် ငွေဆောင်အပန်းဖြေစခန်း၌ ပင်လယ်ရေဖြင့် ဆော့ကစားသူများ၊ လှိုင်းလုံးစီးသူများ၊ ကမ်းစပ်တစ်လျှောက်တွင် စက်ဘီး၊ ဆိုင်ကယ်၊ မြင်းစီးသူများနှင့် လေညင်းခံသူ ခရီးသွားများဖြင့် ယခင်နှစ်များကထက် ပိုမိုစည်ကားလျက်ရှိကြောင်း သိရသည်။

**သတင်း- မောင်ကျော်ကြီး**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဒီဇင်ဘာ ၂၆**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**




## ညီညွတ်စွာပေါင်းစည်းနိုင်ရေးဟာ အလွန်အရေးကြီး

**မြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုးစု အများအပြားနေထိုင်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မတူကွဲပြားတဲ့ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းတွေ၊ ယုံကြည်ကိုးကွယ်မှုအမျိုးမျိုးတို့လည်း ဒွန်တွဲတည်ရှိနေပါတယ်။ မတူကွဲပြားမှုတွေအကြားမှာ လိုက်လျောညီထွေ သဟဇာတဖြစ်ရေးနဲ့ ညီညွတ်စွာပေါင်းစည်းနိုင်ရေးဟာ အလွန်အရေးကြီးပါတယ်။ ဒီလိုပေါင်းစည်းရာမှာ အားလုံးသဘောတူလက်ခံနိုင်တဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ်တစ်ရပ်ပေါ်ထွန်းလာဖို့ လိုအပ်နေပါတယ်။**

(နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ၁၅-၉-၂၀၁၇ ရက်နေ့ (၇)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကန်သာယာအထူးကုဆေးရုံကြီးအား ဖွင့်လှစ်ပေး




**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာစီးပွားရေးကော်ပိုရေးရှင်း၏ Kan Thar Yar International Specialist Hospital ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။** သတင်းစဉ်

**နေပြည်တော် ဒီဇင်ဘာ ၂၆**
မြန်မာစီးပွားရေးကော်ပိုရေးရှင်း၏ Kan Thar Yar International Specialist Hospital ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမှတ် ၈၇၊ ပြည်လမ်း ၆ မိုင်ခွဲ အင်းလျားကန်ဘောင်အနီးရှိ အဆိုပါအထူးကုဆေးရုံကြီး၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးမောင်မောင်စိုးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က Kan Thar Yar International Specialist Hospital ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုသည်။

ယနေ့ဖွင့်လှစ်လိုက်သည့် Kan Thar Yar International Specialist Hospital သည် ရန်ကုန်မြို့ အမှတ် ၈၇၊ ပြည်လမ်း ၆ မိုင်ခွဲ၊ အင်းလျားကန်ဘောင်အနီးတွင် တည်ရှိသည်။

**၂၄ နာရီ ဝန်ဆောင်မှုများပေး**

နှလုံးနှင့် ကျောက်ကပ်ရောဂါများကို အထူးကုသရာတွင် (One Stop Service Center) တစ်နေရာတည်း၌ပင် ပြည့်စုံလုံလောက်သော ကျန်းမာရေးဝန်ဆောင်မှုပေးနိုင်စေရန်၊ နိုင်ငံသားများ ပြည်ပနိုင်ငံများသို့ သွားရောက်ဆေးကုသခံယူခြင်းအစား နိုင်ငံအတွင်းတွင် စရိတ်မျှတ၍ ကိုယ်စိတ်ချမ်းသာစွာဖြင့် ကုသခံနိုင်ရန်၊ ဆေးရုံနှင့် လူနာ မမျှတမှုကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန်၊ အဆင့်မြင့်ရောဂါရှာဖွေကုသရေးဆိုင်ရာ စက်ပစ္စည်းကိရိယာများနှင့် နည်းပညာအဆင့်မြင့်မားသည့် ကုသမှုများကို ပြည်သူလူထုအများ ရရှိနိုင်စေရန် ရည်ရွယ်၍ နိုင်ငံတကာအဆင့်မီ ကန်သာယာအထူးကုဆေးရုံကြီးကို တည်ဆောက်ဖွင့်လှစ်ထားခြင်းဖြစ်ပြီး နှလုံးပြင်ပလူနာကုသမှုဌာန၊ ကျောက်ကပ်ပြင်ပလူနာကုသမှုဌာန၊ နှလုံးသွေးကြောချဲ့ကုသမှုဌာန၊ ကျောက်ကပ်သွေးသန့်စင်ကုသမှုဌာန၊ နှလုံးဆိုင်ရာ အထူးကြပ်မတ်ကုသမှုဌာန၊ အရေးပေါ်ကုသမှုဌာန၊ ခွဲစိတ်ခန်းမကြီးများနှင့် ဖွဲ့စည်းထားရှိပြီး ရောဂါရှာဖွေစမ်းသပ် စစ်ဆေးဆောင်ရွက်ရာတွင်လည်း ကျွမ်းကျင်သော သမားတော်ကြီးများ၊ ခွဲစိတ်ကုသမှုဆိုင်ရာ ပါရဂူကြီးများက နိုင်ငံတကာအဆင့်မီ စက်ပစ္စည်းကိရိယာများ၊ အကောင်းဆုံးဝန်ဆောင်မှုများဖြင့် ၂၄ နာရီပတ်လုံး ဝန်ဆောင်မှုများ ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နှစ်နိုင်ငံနယ်စပ်ပြဿနာများတွင် ညှိနှိုင်းပူးပေါင်းဖြေရှင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၆**
ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Institute for International Strategic Studies(CIISS) ဥက္ကဋ္ဌ H.E.Admiral Sun Jianguo အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**ပူးပေါင်းဖြေရှင်း**

တွေ့ဆုံစဉ် ဒေသတွင်းလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ အကြမ်းဖက်တိုက်ခိုက်မှုများအတွက် သတင်းအချက်အလက်ဖလှယ်မှုမှတစ်ဆင့် ကြိုတင်ကာကွယ် တားဆီးသွားနိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့်



နှစ်နိုင်ငံ နယ်စပ်ပြဿနာများတွင် ညှိနှိုင်းပူးပေါင်း ဖြေရှင်းဆောင်ရွက်ရေး ခဲ့ကြကြောင်း သတင်းရရှိသည်။
ချစ်ကြည်ရင်းနှီးမှုကို အခြေခံလျက် ဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေး **သတင်းစဉ်**

# တောင်ငူမြို့၌ ဖွင့်လှစ်သည့် အခြေခံစက်ချုပ်သင်တန်းသို့ ဒုတိယဝန်ကြီး ဦးစိုးအောင် သွားရောက်ကြည့်ရှု

**နေပြည်တော် ဒီဇင်ဘာ ၂၆**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်သည် ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ လူမှုဝန်ထမ်းဦးစီးဌာန အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ပူးပေါင်းဖွင့်လှစ်သည့် အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ် ၁/၂၀၁၇ သင်တန်း ဖွင့်လှစ်ပို့ချနေမှုများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။ ထို့အပြင် ဒုတိယဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိသော မိခင်ဝိုင်းများအကြောင်းကိုလည်း သင်တန်းသူများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ သင်တန်းသို့ အုတ်တွင်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသူ ၄၀ တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ တစ်လဖြစ်သည်။ ဝန်ကြီးဌာနအနေဖြင့် ထူးချွန်သင်တန်းသူများအား သင်တန်းပြီးဆုံးချိန်တွင် အပ်ချုပ်စက်များ ချီးမြှင့်ပေးပြီး သင်တန်းပြီးမြောက်သူများ ကိုယ်ပိုင်ချုပ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စီစဉ်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဗိုလ်ချုပ်အောင်ဆန်းနှင့် အမျိုးသားညီညွတ်ရေး

**ဇွဲသန်းသျှင်း(သုံးဆယ်)**

**အမျိုးသားညီညွတ်ရေး**

မြန်မာလူမျိုးတို့ညီညီညွတ်ညွတ်မရှိခဲ့ကြသဖြင့် မြန်မာနိုင်ငံသည် အင်္ဂလိပ်နယ်ချဲ့သမားတို့၏ တိုက်ခိုက်သိမ်းပိုက်ခြင်းကိုခံခဲ့ရပြီး သူ့ကျွန်ဘဝသို့ရောက်ကာ လွတ်လပ်ရေးဆုံးရှုံးခဲ့ရပါသည်။ လွတ်လပ်ရေးအတွက် အမျိုးသားညီညွတ်ရေးသည်အကြီးမားဆုံးနှင့် အဓိကအကျဆုံးဖြစ်ပေသည်။ သို့ဖြစ်ရာမြန်မာလူမျိုးတို့သည် ခိုင်မာတောင့်တင်းသည့် သွေးစည်းညီညွတ်မှုရှိကြမည်ဆိုလျှင် မြန်မာ့လွတ်လပ်ရေးသည် ဧကန်မုချရမည်ဟု အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက အခိုင်အမာယုံကြည်ခဲ့ပါသည်။

အမျိုးသားညီညွတ်ရေးအဓိပ္ပာယ်နှင့် ပတ်သက်၍လည်း ဗိုလ်ချုပ်အောင်ဆန်းက "အမျိုးသားညီညွတ်ရေးဆိုသည်မှာ ခေါင်းဆောင်များသာ ညီညွတ်ခြင်းကို မဆိုလို၊ လူမျိုး၊ ဘာသာ၊ ယောကျ်ား၊ မိန်းမ၊ ဂိုဏ်းဂဏမရွေး တစ်နိုင်ငံလုံး ပြည်သူပြည်သားလူထုတစ်ရပ်လုံးအမျိုးသားတို့၏ လိုအင်ဆန္ဒများကို ပြည့်ဝနိုင်ရန် အမျိုးသားတို့၏ လုပ်ငန်းများတွင် သောင်းသောင်းဖြဖြစိတ်ရောကိုယ်ပါညီညွတ်ကြသည်ကို ဆိုလိုသည်"ဟု အဓိပ္ပာယ်ဖွင့်ဆိုရှင်းပြခဲ့ပါသည်။

**ထင်ရှားသည့်မိန့်ခွန်း**

ညီညွတ်သည်ဆိုရာ၌ ရာထူးယူဖို့ညီညွတ်ခြင်း၊ တိုင်းသူပြည်သားတို့ကို နှိပ်စက်ဖို့ညီညွတ်ခြင်းမျိုးမဟုတ်၊ တူညီသောအကျိုး၊ တူညီသောအလုပ်၊ တူညီသောရည်ရွယ်ချက်တို့တွင် အခြေတည်ပါမှ ညီညွတ်ရေးဟု ခေါ်ဆိုနိုင်မည်ဖြစ်ကြောင်း ဗိုလ်ချုပ်အောင်ဆန်းက သုံးသပ်ခဲ့ပါသည်။ ထိုအကြောင်းများကို ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့က ကျင်းပသည့် ဖဆပလပြည်လုံးကျွတ် ညီလာခံကြီးတွင် ဗိုလ်ချုပ်အောင်ဆန်းက ညီညွတ်ရေးအဆိုကို တင်သွင်းရာ၌ အောက်ပါအတိုင်း ထောက်ပြထားပါသည် —

"ညီညွတ်ရေးဆိုတာဘာလဲ၊ နားလည်ဖို့လိုတယ်။ တူညီသောအကျိုး၊ တူညီသောအလုပ်၊ တူညီသောရည်ရွယ်ချက်ရှိရမယ်၊ ညီညွတ်ရေးဆိုတာဘာလဲ ဘယ်လိုရည်ရွယ်ချက်နှင့် ညီညွတ်ရမှာလဲ၊ ရည်ရွယ်ချက်ဆိုတာရှိရမယ်၊ ညီညွတ်ရေးဆိုတာ ရာထူးယူဖို့ညီညွတ်ရမှာလား၊ ဒါမှမဟုတ်ရင် ဒီတိုင်းပြည်ရဲ့တိုင်းသူပြည်သားတွေကို နှိပ်စက်ဖို့ညီညွတ်ရမှာလား၊ ဘာအတွက်ညီညွတ်ရမှာလဲ၊ ကျွန်တော်လိုချင်တဲ့ညီညွတ်ရေးက တစ်တိုင်းတစ်ပြည်လုံး၊ လူမျိုးတစ်မျိုးလုံးရဲ့ လွတ်လပ်ရေး၊ လူမျိုးတစ်မျိုးလုံးရဲ့အကျိုး၊ အဲဒီလိုတူညီတဲ့ ရည်ရွယ်ချက်တူညီတဲ့၊ အကျိုးတူညီတဲ့အလုပ်ဒါတွေကိုရအောင် အဲဒီလိုတူညီတဲ့အကျိုး တိုင်းသူပြည်သားတွေရအောင် တူညီတဲ့အလုပ်လုပ်တဲ့ညီညွတ်ရေးမျိုးဖြစ်ရမယ်၊ အလုပ်မှာလည်းတူရမယ်၊ အကျိုးမှာလည်းတူရမယ်၊ ရည်ရွယ်ချက်မှာလည်းတူရမယ်၊ အဲဒါမျိုးကိုရမှ ညီညွတ်ရေးလို့ခေါ်ထိုက်တယ်"

ဗိုလ်ချုပ်အောင်ဆန်းက မြန်မာနိုင်ငံတွင် အမျိုးသားညီညွတ်ရေးသည် မရှိမဖြစ်အရေးကြီးကြောင်း တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး၊ တိုင်းသူပြည်သားလူထုညီညွတ်ရေး၊ အဆိုပါ ညီညွတ်ရေးနှစ်ခု မရှိသမျှကာလပတ်လုံး မြန်မာနိုင်ငံသည် လွတ်လပ်ပင်လွတ်လပ်သော်လည်း ဘယ်ပါတီတက်တက်၊ ဘယ်အစိုးရလုပ်လုပ်-ဒသည်တိုင်းပြည် ဖြစ်မှာပဲဟု မြို့တော်ခန်းမကြီးတွင် ကျင်းပသော ပြည်သူ့အစည်းအဝေးကြီးတွင် မိန့်ကြားခဲ့သော မိန့်ကြားချက်သည် ဗိုလ်ချုပ်အောင်ဆန်း၏အမျိုးသားညီညွတ်ရေးကြိုးပမ်းမှုသမိုင်းတွင် ထင်ရှားသည့်မိန့်ခွန်းတစ်ရပ်ဖြစ်ပါသည်။

**လွတ်လပ်ရေးရရှိခဲ့**

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်ကြသည်။ ၎င်းတို့သည် လူမျိုးစုချင်း၊ ဘာသာစကားချင်း၊ ယဉ်ကျေးမှုချင်း၊ ဓလေ့ထုံးစံချင်း၊ ကိုးကွယ်မှု၊ ယုံကြည်မှုချင်း၊ ဓလေ့ထုံးစံများကို အခြားလူမျိုးစုများက လေးစားခြင်း၊ အသိအမှတ်ပြုခြင်းရှိရမည်။ သို့မှသာ ညီညွတ်မှုရနိုင်မည်ဟု အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းက ယုံကြည်ပါသည်။

တိုင်းရင်းသားခေါင်းဆောင်ကြီးများသည် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ညီညီညွတ်ညွတ်ရှိခဲ့ကြသဖြင့် မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့ပါသည်။ တိုင်းရင်းသားလူမျိုးစုများ ညီညီညွတ်ညွတ်ရှိခဲ့သည်ကို ပင်လုံစာချုပ်က သက်သေထူနိုင်ခဲ့ပါသည်။

**စစ်မှန်သောညီညွတ်ရေး**

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် အမျိုးသားညီညွတ်ရေးသည် ယိမ်းယိုင်လာခဲ့သည်။ ထို့ကြောင့် ခေတ်အဆက်ဆက်နိုင်ငံရေး ခေါင်းဆောင်များသည် ယိမ်းယိုင်နေသည့် အမျိုးသားညီညွတ်ရေးကို တည်ဆောက်ရန် ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ ပြည်သူလူထုကလည်း အမျိုးသားညီညွတ်ရေးကို တည်ဆောက်ကာ ငြိမ်းချမ်းရေးကို ရရှိခံစားချင်ခဲ့ကြပါသည်။ သို့ရာတွင် နှစ် ၇၀ နီးပါးရှိလာခဲ့သည့်တိုင် အမျိုးသားညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးကို ပြည်သူတို့မရရှိနိုင်ကြသေးပေ။

အမျိုးသားညီညွတ်ရေးကို မတည်ဆောက်ဘဲငြိမ်းချမ်းရေးကို မတည်ဆောက်နိုင်ပေ။ ထို့ကြောင့် အဖွဲ့အစည်းချင်း၊ အင်အားစုချင်း၊ ညီညွတ်ရေးတည်ဆောက်နိုင်ရန် အဖွဲ့အစည်းများ၊ အင်အားစုများအတွင်း၌လည်း ညီညွတ်ရေးတည်ဆောက်ရန် လိုအပ်မည်ဖြစ်ပါသည်။ ထို့အပြင် တိုင်းရင်းသားလူမျိုးစု၏ မျှော်လင့်ချက်၊ ခံစားချက်၊ ယုံကြည်ချက်တို့ကို အခြားလူမျိုးစုများက လေးစားပါမှ စစ်မှန်သောညီညွတ်ရေးကို ဖော်ဆောင်နိုင်ပြီး ငြိမ်းချမ်းရေးလည်း ရနိုင်မည်ဖြစ်ကြောင်း တင်ပြရင်း နှစ် (၇၀) ပြည့်မြောက်လွတ်လပ်ရေးနေ့အား ကြိုဆိုလိုက်ရပါသည်။ ။

## ၂၀၁၈ ခုနှစ် နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(၂) ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်တော်သည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(၄) နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် "ထာဝရငြိမ်းချမ်းရေး" ပန်းတိုင်သို့ ရောက်ရှိအောင် ပြည်ထောင်စုတိုင်းရင်းသားအားလုံးမှ နိုင်ငံတော်နှင့် အတူ ပူးပေါင်းပါဝင်ရေး။

(၅) စီးပွားရေး၏ အဓိကမောင်းနှင်အားဖြစ်သည့် ပုဂ္ဂလိကကဏ္ဍကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

**"အဖွဲ့အစည်းချင်း၊ အင်အားစုချင်း၊ ညီညွတ်ရေးတည်ဆောက်နိုင်ရန် အဖွဲ့အစည်းများ၊ အင်အားစုများအတွင်း၌လည်း ညီညွတ်ရေးတည်ဆောက်ရန် လိုအပ်မည် ဖြစ်ပါသည်။ ထို့အပြင် တိုင်းရင်းသားလူမျိုးစု၏ မျှော်လင့်ချက်၊ ခံစားချက်၊ ယုံကြည်ချက်တို့ကို အခြားလူမျိုးစုများက လေးစားပါမှ စစ်မှန်သောညီညွတ်ရေးကို ဖော်ဆောင်နိုင်ပြီး ငြိမ်းချမ်းရေးလည်းရနိုင်မည်ဖြစ်"**

# ဂန့်ဂေါ၌ လွတ်လပ်ရေးနေ့ကို စည်ကားစွာကျင်းပရေး ဆောင်ရွက်

**ဂန့်ဂေါ**

နှစ်(၇၀) ပြည့် လွတ်လပ်ရေးနေ့ကို ဦးတည်ချက်များနှင့်အညီ ဂန့်ဂေါမြို့နယ်၌ စည်ကားစွာကျင်းပနိုင်ရေး အစည်းအဝေးကို ဒီဇင်ဘာ ၂၆ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်နိုင်က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်က လွတ်လပ်ရေးနေ့ကျင်းပရေးလုပ်ငန်းစီမံချက်ကိုလည်းကောင်း၊ အထောက်အကူပြုလုပ်ငန်းကော်မတီဥက္ကဋ္ဌများက ကော်မတီအလိုက် လုပ်ငန်း ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း ဆွေးနွေးကြသည်။

ဂန့်ဂေါမြို့နယ်၌ နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ကို ဟောပြောပွဲ၊ ကဗျာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်၊ မာရသွန်၊ ဖူဆယ်၊ စစ်တုရင်စသည့် အားကစားပြိုင်ပွဲများ၊ ကလေးပြပွဲ၊ ပြိုင်ပွဲ ၊ သစ်သီးဝလံပြပွဲ၊ ပြိုင်ပွဲများကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သန်းဆွေ**

# နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ ကြိုဆိုဂုဏ်ပြုပွဲများပြုလုပ်

**ပင်းတယ**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူငယ် ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ နှစ်(၇၀) ပြည့်လွတ်လပ်ရေးနေ့ အကြိုနယ်လှည့်ဟောပြောပွဲကို ဒီဇင်ဘာ ၂၄ ရက်က ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးထွေးက လွတ်လပ်ရေးရယူပေးခဲ့သည့်နိုင်ငံခေါင်းဆောင်ကြီးများ၏ လုပ်ဆောင်ချက်များနှင့် ကျေးဇူးတရားကြီးမားပုံနှင့် လွတ်လပ်ရေး သမိုင်းကြောင်းများအား ဟောပြောခဲ့သည်။

ထို့နောက် မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ဆိုးကျိုးများနှင့် လွတ်လပ်ရေးနေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းများ၊ လွတ်လပ်ရေးကြိုးပမ်းပေးခဲ့သည့် ဖခင်ကြီးများ၏ ပုံတူပန်းချီကိုလည်းနံရံကပ်စာစောင်များဖြင့်ပြသပေးခဲ့ရာ ကျောင်းသား၊ ကျောင်းသူများ စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ခင်မျိုးနွယ်(ပင်းတယ)**

**ထန်တလန်**

ချင်းပြည်နယ် ထန်တလန်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြုမူလတန်းကြိုကျောင်းတို့ပူးပေါင်းကာ ကလေးငယ်များအား ဆေးရောင်ခြယ်ပြိုင်ပွဲကို မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် ဒီဇင်ဘာလတတိယပတ်က ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ကလေး ၂၀ ယှဉ်ပြိုင်ကာ အသပ်ရပ်ဆုံးနှင့် အကောင်းဆုံးဆေးရောင်ခြယ်နိုင်သူသုံးဦးအား မြို့နယ်ဦးစီးမှူး ဒေါ်ခမ်ငိုက်မန်က ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ ဆက်လက်၍ ပြိုင်ပွဲဝင်ကလေးများအားလုံးကို စာအုပ်တစ်အုပ်၊ ခဲတံတစ်ချောင်းစီပေးဝေကာ ပဲနို့နှင့်မုန့်ဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# ကျောက်ပန်းတောင်းရှိ ပုပ္ပားတောင်မကြီး တက်ရောက်သူများဖြင့် စည်ကား

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်မကြီးတွင် ဒီဇင်ဘာ ၂၅ ရက်က ခရစ္စမတ်ရက်အားလပ်ရက် အားကစားလှုပ်ရှားမှုအဖြစ် ပုပ္ပားတောင်တက်ရောက်သူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

ခရစ္စမတ်နေ့တွင် ကျောက်ပန်းတောင်းမြို့နယ်ရှိ အမြင့် ၄၉၈၁ ပေရှိသည့် ပုပ္ပားတောင်မကြီးကို ကျောက်ပန်းတောင်းမြို့ပေါ်မှ အားကစားဝါသနာရှင်လူငယ်များသာမက ချောက်၊ရေနံချောင်း၊မိတ္ထီလာ၊ မြင်းခြံ၊ ညောင်ဦး၊ မကွေး အစရှိသည့်မြို့များမှ ကိုယ်ပိုင်ကျောင်းများ၊ ရုံးဌာနအစုအဖွဲ့များ၊ မိသားစုများ၊သူငယ်ချင်းအပေါင်းအသင်းများစုဖွဲ့၍ မော်တော်ကားများ၊ ဆိုင်ကယ်များဖြင့် ပုပ္ပားတောင်သို့ တက်ရောက်ကြကြောင်း သိရသည်။

ပုပ္ပားတောင်မကြီးအား ယခုအခါ အမိကမ္ဘာစခန်းသာအဖြစ် ယူနက်စကိုအသိအမှတ်ပြုသည့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်စေရေး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အဆိုပါပုပ္ပားတောင်မကြီးသည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့် ၄၉၈၁ ပေရှိကြောင်း၊ သဘာဝသစ်မြစ်သစ်ဥများ၊ သစ်ခွမျိုးနွယ်များပေါများပြီး သဘာဝရေထွက်များဖြင့် တင့်တယ်လှပသည့်နေရာတစ်ခုဖြစ်ရာ ပြည်တွင်း၊ ပြည်ပခရီးသွားများစိတ်ဝင်စားသည့်နေရာတစ်ခုဖြစ်ကြောင်း ဘူမိဗေဒဆိုင်ရာပညာရပ်အတွက် လေ့လာစရာနေရာတစ်ခုအဖြစ်လည်းထင်ရှားကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# မြန်မာ- UNICEF ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၂၂)အရ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့်ကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၂၆**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် UNICEF ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် June Kunugi အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် UNICEF တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စများ၊ မြန်မာ- UNICEF ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၂၂)အရ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် ကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# (၁၆) ကြိမ်မြောက် တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲဖွင့်၊ မြန်မာနိုင်ငံမှ ပြခန်းပေါင်း ၅၄ ခန်း ပါဝင်ပြသ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

(၁၆) ကြိမ်မြောက် တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ရွှေလီမြို့တွင် ယနေ့နံနက် ၉ နာရီခွဲတွင် ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်အမှာစကား ပြောကြားသည်။




**ပူးပေါင်းဆောင်ရွက်**

ဒုတိယဝန်ကြီးက နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ကုန်သွယ်ရေးကဏ္ဍ စဉ်ဆက်မပြတ် တိုးတက်ရေးတို့အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား သံတမန်ဆက်သွယ်မှုဖြင့် မဟာဗျူဟာမြောက် ဆက်သွယ်ဆက်ဆံခဲ့ရုံမျှသာမက ရှေးအစဉ်အလာကတည်းကပင် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုဖြင့် ဆက်ဆံခဲ့ကြသည့်အပြင် အာဆီယံ-တရုတ် မဟာဗျူဟာဆက်ဆံရေးမှာပါ ပိုမိုခိုင်မာအောင် ဆောင်ရွက်နေသည့်အတွက် ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်လျက်ရှိနေပါကြောင်း။

**အထောက်အကူပြုစေမည်**

ယနေ့ပြပွဲအပြင် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေးကော်မတီ အစည်းအဝေး (JBTCCC) ကို ကျင်းပသွားမည်ဖြစ်ပြီး ကုန်သွယ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံကိုယ်စားလှယ်များအနေဖြင့် နည်းလမ်းကောင်းများ ရှာဖွေညှိနှိုင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြန်မာ-တရုတ်(နယ်စပ်) ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁ ဘီလီယံအထိ တိုးတက်ဆောင်ရွက်နိုင်ခဲ့ပြီး ပင်လယ်ရေကြောင်းအပါအဝင် စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၈၁ ဘီလီယံအထိ ရှိလာခဲ့ကြောင်း၊ မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်သည် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးအတွက် အရေးပါရုံသာမက ဒေသတွင်းအရှေ့တောင်အာရှနှင့် တောင်အာရှနိုင်ငံများအကြား မဟာဗျူဟာကျသည့် ကုန်သွယ်ရေးဇုန် တစ်ခုဖြစ်သည့်အတွက် ယခုလို ကုန်စည်ပြပွဲကျင်းပရခြင်းဖြင့် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်နိုင်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြပွဲကို နှစ်နိုင်ငံကုန်သွယ်မှုတိုးမြှင့်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့ကို ရည်ရွယ်၍ တံခါးဖွင့်ခြင်း၊ ရင်းနှီးမြှုပ်နှံခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အကျိုးမျှဝေခံစားခြင်းဆိုသည့် ခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားတွင် တယ်ဟုန်တိုင်း၊ ပြည်သူ့အစိုးရပါတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ဝမ်ကျင့်ချန်ကလည်း အဖွင့်အမှာစကား ပြောကြားသည်။

**ပြခန်းပေါင်း ၁၅၀ ခန့် ခင်းကျင်းပြသ**

တရုတ်-မြန်မာ နှစ်နိုင်ငံကုန်စည်ပြပွဲကို ၂၀၀၁ ခုနှစ်မှ စတင်၍ နှစ်နိုင်ငံအလှည့်ကျ ကျင်းပလာခဲ့ရာ ယခုအခါ (၁၆) ကြိမ်မြောက် ကျင်းပနိုင်ခဲ့ပြီး ယခုနှစ်တွင် မြန်မာနိုင်ငံဘက်မှ ကုမ္ပဏီပေါင်း ၃၉ ခုမှ ပြခန်းပေါင်း ၅၄ ခန်း ပြသခဲ့ကာ တရုတ်နိုင်ငံဘက်မှ ပြခန်းပေါင်း ၁၅၀ ခန့် ခင်းကျင်းပြသသည်။

အဆိုပါပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ ကချင်ပြည်နယ် ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝေလင်း၊ ကူမင်းမြို့ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကောင်စစ်ဝန်ချုပ် ဦးစိုးပိုင်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာကုန်သည်လုပ်ငန်းရှင်များ တက်ရောက်ခဲ့ပြီး တရုတ်နိုင်ငံဘက်မှ တယ်ဟုန်တိုင်း၊ ပြည်သူ့အစိုးရပါတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ဝမ်ကျင့်ချန်နှင့် ယူနန်ပြည်နယ်၊ ပြည်သူ့အစိုးရပါတီကော်မတီဝင် မစ္စတာ ကောက်စူချင်းတို့ ဦးဆောင်ကာ ကုန်သည်လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး မြင်းခြံဒေသတွင် ၂၂၅ မဂ္ဂါဝပ်ထွက်ရှိမည့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ စမ်းသပ်မောင်းနှင်

**နေပြည်တော် ဒီဇင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံဒေသတွင် Sembcorp Myingyan Power Company Limited မှ IPP/BOT စနစ်ဖြင့် အကောင်အထည်ဖော်လျက်ရှိသော ၂၂၅ မဂ္ဂါဝပ်ထွက်ရှိမည့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ စမ်းသပ်မောင်းနှင်ခြင်းအား လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ အမြဲတမ်းအတွင်းဝန် ဦးတင်မောင်ဦး၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းမှ တာဝန်ရှိသူများသည် ဒီဇင်ဘာ ၂၄ ရက်တွင် မြင်းခြံသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးသည်။ **(အောက်ပုံ)**

အဆိုပါ ၂၂၅ မဂ္ဂါဝပ် ထုတ်လုပ်မည့် မြင်းခြံသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ဆောင်ရွက်ခဲ့မှု၊ စမ်းသပ်မောင်းနှင်လည်ပတ်မှု အခြေအနေအား စက်ရုံအတွင်းရှိ ရှင်းလင်းဆောင်တွင် တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

ဓာတ်အားပေးစက်ရုံ စီမံကိန်းမှာ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် သံမဏိစက်ရုံဝင်းအတွင်း တည်ရှိပြီး သဘာဝဓာတ်ငွေ့သုံးစက်(Gas Turbine)၇၁ ဒသမ ၅ မဂ္ဂါဝပ် နှစ်လုံး၊ စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံ (Stream Turbine Generation)၈၂ မဂ္ဂါဝပ် တစ်လုံး တည်ဆောက်ခြင်းလုပ်ငန်းကို (၂၉-၃-၂၀၁၆) မှ စတင်ဆောင်ရွက်ခဲ့ပြီး လိုအပ်သော သဘာဝဓာတ်ငွေ့ကို ရွှေကမ်းလွန်မှ ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်သည်။ စက်ရုံမှ ထွက်ရှိလာသည့် ဓာတ်အားများကို ၂၃၀ ကေဗွီ မြင်းခြံ(သံမဏိ) ပင်မဓာတ်အားခွဲရုံမှတစ်ဆင့် ဓာတ်အားစနစ်ကွန်ရက်အတွင်းသို့ ပို့လွှတ်သွားမည်ဖြစ်သည်။

လက်ရှိ ပထမအဆင့်အနေဖြင့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေး (Gas Turbine) ၇၁ ဒသမ ၅ မဂ္ဂါဝပ် စက်နှစ်လုံးကို စမ်းသပ်မောင်းနှင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အဆိုပါစက်ရုံမှ ဓာတ်အားများကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှစ၍ ပုံမှန်ထုတ်လုပ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## သဘာဝသယံဇာတ၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန သဘာဝသယံဇာတ၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေး(၂/၂၀၁၇)ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အင်ကြင်း ခန်းမ၌ ကျင်းပရာ အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီက တက်ရောက်လာကြသည့် ဌာနများအနေဖြင့် မိမိတို့ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ရသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစီမံချက်များ ရေးဆွဲသည့်အခါ ဇီဝမျိုးစုံမျိုးကွဲနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးကို ထည့်သွင်းပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ရေးဆွဲကြရန်နှင့် နိုင်ငံအတွက် လိုအပ်သည့် အကြံပြုချက်များကို ဖော်ထုတ်တင်ပြပေးကြရန် တိုက်တွန်းပြောကြားသည်။

အစည်းအဝေးသို့ သဘာဝသယံဇာတ၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းကော်မတီအဖွဲ့ဝင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**အစီရင်ခံစာထုတ်ပြန်**

လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ရာသီဥတုတည်ငြိမ်ရေးနှင့် သမိုင်းကြောင်း အစဉ်အလာများကို တည်တံ့ခိုင်မြဲရေးအတွက် ဇီဝမျိုးစုံမျိုးကွဲနှင့် ယဉ်ကျေးမှု အမွေအနှစ်များကို တာဝန်ယူထိန်းသိမ်းရာတွင် ဌာနအဖွဲ့တစ်ခုတည်းအင်အားဖြင့် မလုံလောက်ပါ၍ ဆက်စပ်ပတ်သက်သည့် ဌာနများ၊ အဖွဲ့အစည်းများနှင့် အားလုံးပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံ၏ လူဦးရေတိုးပွားလာမှု၊ စက်မှုလုပ်ငန်းများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမှု၊ သဘာဝအရင်းအမြစ်များ ပိုမိုသုံးစွဲလာမှုများကြောင့် လက်ရှိဖွံ့ဖြိုးတိုးတက်မှုပုံစံအတိုင်း ဆက်သွားမည်ဆိုပါက ရေရှည်တည်တံ့မှုမရှိသည့် ဖွံ့ဖြိုးတိုးတက်မှုပုံစံသို့ ရောက်ရှိသွားမည်ဖြစ်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ် Asian Development Bank (ADB) မှ အစီရင်ခံစာ ထုတ်ပြန်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရုတ်-မြန်မာ-ရွှေလီ-မူဆယ် နိုင်ငံတကာမာရသွန်ပြိုင်ပွဲ မြန်မာအားကစားအဖွဲ့များ ဝင်ရောက်ယှဉ်ပြိုင်မည်

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်သည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရုံးအမှတ် ၃၁ အစည်းအဝေးခန်းမ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်နှင့် မြန်မာနိုင်ငံ မူဆယ်မြို့တွင် ကျင်းပမည့် ၂၀၁၇ ခုနှစ် တရုတ်-မြန်မာ-ရွှေလီ-မူဆယ် နိုင်ငံတကာ မာရသွန်ပြိုင်ပွဲသို့ သွားရောက်မည့် ပြေးခုန်ပစ် အားကစားအဖွဲ့ဝင်များအား တွေ့ဆုံသည်။

တွေ့ဆုံရာတွင် ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က ယခုသွားရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များအနေဖြင့် တရုတ်-မြန်မာချစ်ကြည်ရေးအဖြစ် ပထမဆုံးအကြိမ် ကျင်းပသည့် ပြိုင်ပွဲဖြစ်ပြီး မိမိတို့၏ လုံခြုံရေးနှင့် ကျန်းမာရေးကို အထူးဂရုပြုရန် လိုအပ်ကြောင်း၊ ချစ်ကြည်ရေးပွဲ ဖြစ်သည့်အတွက် ပြိုင်ပွဲဝင်အားကစားသမားများအနေဖြင့် တစ်စုတစ်စည်းတည်း ပန်းဝင်သည်အထိ ကြိုးစားယှဉ်ပြိုင်ပြီး မြန်မာ့ဂုဏ်ကို အားကစားဖြင့် ပိုမိုမြှင့်တင်သွားရန် လိုအပ်ကြောင်း မှာကြားသည်။ မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲအမျိုးအစားများမှာ မာရသွန် ၂၆ မိုင်၊ မီနီမာရသွန် ၁၃ မိုင်နှင့် အားကစားသမား ၁၄ ဦး၊ အုပ်ချုပ်သူ၊ နည်းပြအပါအဝင် စုစုပေါင်း ၁၉ ဦး ပါဝင်မည် ဖြစ်သည်။

**မြန်မာ့အလင်း**




# ကရင်ပြည်နယ်အတွင်း စစ်တမ်းများအရ အာဟာရချို့တဲ့၍ ငါးနှစ်အောက်ကလေးအရပ်ပုနှုန်း ၂၅ ရာခိုင်နှုန်းနှင့် ပိန်လှီနှုန်း ၁၅ ရာခိုင်နှုန်းရှိ

ဘားအံ ဒီဇင်ဘာ ၂၆

**ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာများတွင် ဒေသအခြေပြု အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ ပေါင်းစည်းစီမံချက်ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီက ဘားအံမြို့ တော်ဝင်ရတနာဟိုတယ်၌ ကျင်းပသည့် ပေါင်းစည်း အာဟာရဖွံ့ဖြိုးရေးစီမံချက်(၂၀၁၈-၂၀၂၂) အပြီးသတ်ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲမှ သိရသည်။**



**အကောင်အထည်ဖော် ဆောင်ရွက်**

အဆိုပါအလုပ်ရုံ ဆွေးနွေးပွဲသို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကရင်ပြည်နယ် အာဟာရဖွံ့ဖြိုးရေးစီမံချက် ဦးဆောင်ကော်မတီဝင်များနှင့် လုပ်ငန်းကော်မတီဝင်များ၊ Unicef မှ တာဝန်ရှိသူများ၊ ကရင်အမျိုးသား ကျန်းမာရေးနှင့် ကယ်ဆယ်ရေးဌာနမှ တာဝန်ရှိသူများ၊ အခြားနှီးနွှယ်သော ဌာနများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် ရေးဆွဲခဲ့သည့် ပေါင်းစည်းအာဟာရဖွံ့ဖြိုးရေး ငါးနှစ်စီမံချက်မူကြမ်းကို အပြီးသတ်ရေးဆွဲရန်နှင့် လုပ်ငန်းများကို လက်တွေ့ကျကျ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ရွေးချယ်စားသောက်**

ကရင်ပြည်နယ်အတွင်း ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် စစ်တမ်းများအရ ငါးနှစ်အောက်ကလေးများတွင် နာတာရှည်အာဟာရချို့တဲ့ပြီး အရပ်ပုနှုန်းသည် ၂၅ ရာခိုင်နှုန်းရှိကြောင်း၊ ကလေးလေးဦးတွင် တစ်ဦးမှာ အရပ်ပုနေကြောင်း၊ အာဟာရချို့တဲ့၍ ပိန်လှီနှုန်းအနေဖြင့် ၁၅ ရာခိုင်နှုန်းရှိကြောင်း သိရှိရပြီး ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အဖွဲ့ခေါင်းဆောင် ဆရာဝန် (အာဟာရ) ဒေါက်တာ နိုနိုဇင်သက်က "အာဟာရကြွယ်ဝဖို့အတွက်ဆိုရင် အာဟာရကြွယ်ဝတဲ့ အစားအစာတွေကို သိရမယ်၊ ရွေးချယ်ပြီးတော့ စားသောက်တတ်ရမယ်၊ ဘေးဥပဒ်ဖြစ်စေမယ့် အစားအစာတွေကို ရှောင်ရှားရမယ်၊ အာဟာရပြည့်ဝမှ ကျန်းမာရေး ကောင်းမယ်၊ အခြားကူးစက်ရောဂါတွေ၊ နာတာရှည်ရောဂါတွေ မဖြစ်စေဖို့အတွက် ပြည်သူလူထုအနေနဲ့ အာဟာရပြည့်ဝတဲ့ သန့်ရှင်း လတ်ဆတ်ပြီးတော့ ဘေးအန္တရာယ်ကင်းရှင်းတဲ့ အစားအသောက်တွေကို ရွေးချယ်စားသောက်တတ်ဖို့ လိုပါတယ်"ဟု ပြောသည်။

**ပူးပေါင်းဆောင်ရွက်သွားမည်**

အဆိုပါစီမံချက် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် အာဟာရအပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှုရှိသော လုပ်ငန်းများ၊ သွယ်ဝိုက်အကျိုးသက်ရောက်မှုရှိသော လုပ်ငန်းများကို ဝေးလံခက်ခဲသော နေရာဒေသများထိ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ နှီးနွှယ်ဌာနများ၊ မိတ်မက် အဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ဘားအံ)**

# သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းများကို အများပြည်သူသိရှိရန် အသိပေးကြေညာချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲလျက်ရှိပါသည်။

၂။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်း၌ရောင်းချနေသည့် အလှကုန်ပစ္စည်းများကို စစ်ဆေးခဲ့ရာ အောက်ဖော်ပြပါ အလှကုန်ပစ္စည်းလေးမျိုးသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၌ မှတ်တမ်းတင်ထားခြင်း မရှိသည့်အပြင် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်းများ ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အများပြည်သူလူထုသုံးစွဲရန် မသင့်တော်ပါကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

| စဉ် | အလှကုန်ပစ္စည်းအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | Dr. YANHEE Skin Care Set (Pink Color) | ထိုင်းဘာသာဖြင့် ဖော်ပြထားပါသည်။ | Hydroquinone(+) Mercury (+) |
| ၂။ | Beauty Sleep Whitening Night Cream | Made in Korea | Mercury (+) |
| ၃။ | JinYan Ji Beauty White | Specially formulated by jinyanji laboratories. korea | Mercury (+) |
| ၄။ | 12 တရုတ်ဘာသာဖြင့် ဖော်ပြထားပါသည် | Specially formulated by yanji laboratories. korea | Mercury (+) |

၃။ အဆိပ်သင့်ဓာတုပစ္စည်းများသည် အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အဖြူအနီကွက်များဖြစ်ခြင်း၊ အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့ စုပ်ယူ၍ ထုံကျဉ်ခြင်း၊ ကြွက်သားတုန်ခါခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် စိတ်ကျရောဂါများအပြင် ရေရှည်သုံးစွဲပါက ကျောက်ကပ်ပျက်စီးခြင်းနှင့် အခြားရောဂါများ ဖြစ်ပွားနိုင်ပါသည်။

၄။ အလှကုန်ပစ္စည်းတင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချသည့်ကုမ္ပဏီနှင့် လက်လီလက်ကားဆိုင်များသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်တမ်းတင်ထားခြင်းမရှိသော အများပြည်သူသုံးစွဲရန် မသင့်ကြောင်းကြေညာထားသည့် အလှကုန်ပစ္စည်းများတင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချခြင်းများကိုကျင့်ဝတ်(Ethic) အရ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်း မရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေပုဒ်မ ၃၊ အပိုဒ် (၃)(ဃ)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## မြန်မာ့ရုပ်မြင်သံကြား ၂၇-၁၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့)

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၈း၄၅ - လွတ်လပ်သောစာပေ လွတ်လပ်သောအသံ စာပေ ညီလာခံ ၂၀၁၇
၁၄း၄၅ - ပြည်ကြီးမဏ္ဍိုင်အငြိမ့်
၁၆း၃၅ - ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍ အသီးသီးမှ ဆောင်ရွက်ချက်များ (၁၆)
၁၈း၃၅ - အာဆီယံပစ္စုပ္ပန်နှင့် အနာဂတ်ပူးပေါင်းဆက်နွှယ်မှုနှင့် စီးပွားရေး စကြံ်လမ်းမများ (ကမ္ဘောဒီးယား)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ



# တရုတ်နိုင်ငံသား ကိုးဦးအား ပြစ်ဒဏ်စေ့၍ ပြည်နှင်လွှဲပြောင်း

**တာချီလိတ် ဒီဇင်ဘာ ၂၆**

ပြစ်ဒဏ်စေ့သည့် တရုတ်နိုင်ငံသား ကိုးဦးအား တရုတ်နိုင်ငံ တာဝန်ရှိသူများထံ ပြည်နှင်လွှဲပြောင်းနိုင်ရန်အတွက် တာချီလိတ်လေဆိပ်မှတစ်ဆင့် လေကြောင်းခရီးဖြင့် လားရှိုးလေဆိပ်သို့ ဒီဇင်ဘာ ၂၆ ရက် ညနေပိုင်းက ပို့ဆောင်ခဲ့သည်။

အဆိုပါ ပြည်နှင်ဒဏ်အမိန့် ရရှိပြီးဖြစ်သော တရုတ်နိုင်ငံသား Mr.Lin Qingxing အပါအဝင် ကိုးဦးတို့အား မိုင်းဖြတ်မြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒုတိယလူဝင်မှုကြီးကြပ်ရေးမှူး ဦးအောင်လှိုင်ဝင်းနှင့် ပြည်နှင်အဖွဲ့က တာချီလိတ်လေဆိပ်မှတစ်ဆင့် လေကြောင်းခရီးဖြင့် လားရှိုးလေဆိပ်သို့ ပို့ဆောင်ပြီး ရှမ်းပြည်နယ် မြောက်ပိုင်း ဒုတိယပြည်နယ် ဦးစီးမှူးရုံး၏ အစီအမံဖြင့် မူဆယ်မြို့ နန်းတော်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံ တာဝန်ရှိသူများထံ စနစ်တကျ လွှဲပြောင်းပေးအပ်နိုင်ရန်အတွက် ထွက်ခွာသွားခဲ့သည်။

တရုတ်နိုင်ငံသား ကိုးဦးသည် ၂၀၁၇ ခုနှစ် ဧပြီ ၁၀ ရက်တွင် ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့ မိုင်းကိုးကျေးရွာအုပ်စု မောတို့(လားဟူ)ရွာအနီး တောင်ပေါ်၌ တရားမဝင် ရွှေတူးဖော်နေသဖြင့် ဖမ်းဆီးခံရကာ တာချီလိတ်မြို့နယ် တရားရုံး၌ အကြိမ် (၂၀)မြောက် ရုံးထုတ်စစ်ဆေး ခဲ့ပြီး ဒီဇင်ဘာ ၁၃ ရက် ရုံးချိန်းတွင် ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် ၎င်းတို့ကို အလုပ်နှင့် ထောင်ဒဏ် ခြောက်လကျခံခဲ့ပြီး ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် အကျဉ်းကျခံနေရာမှ ပြစ်ဒဏ်စေ့ လွတ်မြောက်ခဲ့ကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**













## မွန်ပြည်နယ် ရေးမြို့နယ် ခေါဇာမြို့အုပ်ချုပ်ရေးမှူး ဦးနောင်နောင်လင်းနှင့် ဦးထွန်းကြည် (ယခင် ကျုံညဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး) တို့ကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က တရားစွဲ အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

မွန်ပြည်နယ် ရေးမြို့နယ် ခေါဇာမြို့ ကျုံညဲရွာနေ နှစ်နာသူတို့က ကျုံညဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးထွန်းကြည်နှင့် ခေါဇာမြို့ အုပ်ချုပ်ရေးမှူး ဦးနောင်နောင်လင်းတို့သည် ကျုံညဲကျေးရွာရှိ ခြံမြေကွက်ပေါ်တွင် ပေ (၆၀× ၄၀) ခြံကွက် ၁၅ ကွက် ဖြစ်ပေါ်စေရန် ဆောင်ရွက်ပေးရာတွင် ငွေကြေးတောင်းခံ၍ ပေးခဲ့ရခြင်းအပေါ် အရေးယူပေးပါရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့ကြောင်း သိရသည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ မွန်ပြည်နယ် ရေးမြို့နယ် ခေါဇာမြို့အုပ်ချုပ်ရေးမှူး ဦးနောင်နောင်လင်းသည် လယ်ယာမြေကို အခြားနည်း အသုံးပြုခွင့်ရရှိရေး ခွင့်ပြုဆောင်ရွက်ပေးခွင့်မရှိဘဲ ခေါဇာမြို့ ကျုံညဲကျေးရွာတွင် ပေ (၆၀× ၄၀) မြေကွက် ၁၅ ကွက် ဖော်ထုတ်ရရှိရေး ဆောင်ရွက်ပြီး မြေကွက်ရောင်းရ ငွေကျပ်သိန်း ၂၀ အနက်မှ ငွေကျပ် ၁၁ သိန်းကို လက်ခံရယူကာ ခွဲဝေပေးခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် မွန်ပြည်နယ် ရေးမြို့နယ် ခေါဇာမြို့အုပ်ချုပ်ရေးမှူး ဦးနောင်နောင်လင်း အပေါ် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၇ အရ လည်းကောင်း၊ ဦးထွန်းကြည် (ယခင် ကျုံညဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး) အပေါ် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၇/၆၃ အရ လည်းကောင်း ရေးမြို့နယ် ခေါဇာနယ်မြေ ရဲစခန်း၌ ဒီဇင်ဘာ ၂၆ ရက်တွင် အမှုဖွင့်လှစ်ပြီး တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

## ကျောင်းကုန်းမြို့တွင် အရှည် ၁၀ ပေ၊ လုံးပတ် ၁၄ လက်မရှိ စပါးအုံးမြွေကြီးဖမ်းမိ

**ကျောင်းကုန်း ဒီဇင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အိုးဘိုအုပ်စု အိုးဘိုကျေးရွာ ကျောင်းကုန်းတံတားအနီးတွင် ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲ ၃ နာရီက စပါးအုံးမြွေကြီးတစ်ကောင် ဖမ်းဆီးရမိခဲ့သည်။



အဆိုပါ စပါးအုံးမြွေကြီးကို ဦးဇော်လေးကစတင် တွေ့ရှိခဲ့ပြီး ဝိုင်းဝန်းဖမ်းဆီးခဲ့ရကြောင်း။

စပါးအုံးမြွေကြီးသည် အရှည် ၁၀ ပေကျော်၊ လုံးပတ် ၁၄ လက်မနှင့် အလေးချိန် ၁၁ ပိဿာ ၈၀ ကျပ်သားရှိပြီး ရေကြည်မြို့နယ် သစ်တောဦးစီးဌာနရှိ ဦးစီးအရာရှိထံ လွှဲပြောင်းပေးမည်ဖြစ်ကြောင်း ဦးဂျူလိုင်ဇင် က ပြောသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## ဟိုပင်-မိုးညှင်းကြား ပြည်ထောင်စု ကားလမ်းမပေါ်ရှိ လယ်မှီးဆည်တံတား အသစ်ပြန်လည်တည်ဆောက်

**ဟိုပင် ဒီဇင်ဘာ ၂၆**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဟိုပင်မြို့ လယ်မှီးကျေးရွာ ရွှေဘိုမြစ်ကြီးနား ပြည်ထောင်စုလမ်းမပေါ်ရှိ မိုင်တိုင်အမှတ် ၂၀၂/၃-၂၀၂/၄ လယ်မှီးဆည်တံတားကို အသစ်ပြန်လည်တည်ဆောက်လျက်ရှိရာ **(ယာပုံ)** လာမည့်နှစ် မတ်လကုန်အပြီး တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည် ။

အဆိုပါ တံတားကို ပြည်ထောင်စုဝန်ကြီးနှင့် ကချင်ပြည်နယ်အစိုးရတို့၏ ညွှန်ကြားမှုဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ် သန်း ၄၇၀ အကုန်အကျခံ တည်ဆောက်လျက်ရှိပြီး တံတားအရှည် ပေ ၁၄၀၊ အကျယ် ယာဉ်အတွက် ၂၄ ပေ၊ လူသွားလမ်းအတွက် တစ်ဖက်လျှင် သုံးပေ၊ အမြင့် ၆၈ ပေရှိသော ရေလယ်တိုင်နှင့် ကမ်းကပ်ခုံ၊ ရက်မနှင့် ကြမ်းခင်းတို့မှာ သံကူကွန်ကရစ်အမျိုးအစား ဖြစ်ကြောင်း သိရသည်။

"ကချင်ပြည်နယ်မှာရှိတဲ့ တံတားကြီးတွေ အားလုံးလိုလို RC တွေဖြစ်ကုန်ပြီး၊ ကျန်နေတဲ့ တံတားကြီးတွေကိုလည်း ပြီးအောင်လုပ်တာပါ၊ လယ်မှီးတံတားလည်း တံတားကြီးထဲမှာပါတော့ အစိုးရရဲ့လမ်းညွှန်မှုနဲ့ လာရောက်လုပ်ဆောင်တာပါ"ဟု (မြို့ပြ)အငယ်တန်း အင်ဂျင်နီယာ ဦးအောင်သန်းဦးက ပြောသည်။

လယ်မှီးတံတားဟောင်းကို အသုံးပြုခဲ့သည်မှာ နှစ်ပေါင်း ၅၀ ကျော်လာပြီဖြစ်၍ တံတားဟောင်း၏ ကြံ့ခိုင်မှုမှာ လျော့နည်းလာပြီဖြစ်သောကြောင့် ယခုလို တံတားအသစ် လာရောက်တည်ဆောက်ပေးသည့်အတွက် ဒေသခံများ အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်အစိုးရကိုလည်း အထူးကျေးဇူးတင်ကြောင်း ဒေသခံများက ဆိုသည်။



အဆိုပါတံတား တည်ဆောက်ပြီးစီးပါက ယာဉ်ကြီး၊ ယာဉ်ငယ်နှင့် ခရီးသွားပြည်သူများ အန္တရာယ်ကင်းကင်းဖြင့် သွားလာနိုင်မည်ဖြစ်ပြီး မိုးညှင်းမြို့သို့ ဈေးဝယ်သွားမည့် ဒေသခံများ၊ ရွှေဘိုမြစ်ကြီးနားသို့ ဖြတ်သန်းသွားလာမည့် မော်တော်ယာဉ်ကြီးများအတွက် လျင်မြန်လွယ်ကူစွာ သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းဦး**

# ရခိုင်ပြည်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ၂၀၁၈ ခုနှစ် ဇန်နဝါရီလ တတိယပတ်နှင့် စတုတ္ထပတ်တို့တွင် ငွေကြေးအထောက်အပံ့ပေးခြင်း အစီအစဉ် ဆောင်ရွက်မည်



နေပြည်တော် ဒီဇင်ဘာ ၂၆

**လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ကလေးသူငယ်များ၏ အာဟာရအညွှန်းကိန်းများ မြင့်မားတိုးတက်လာစေရန်နှင့် ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်မြင့်မားသော အနာဂတ်မျိုးဆက်သစ် သားကောင်းရတနာလေးများအား မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ အမျိုးသားလူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း စီမံချက်ပါ Maternal and Child Cash Transfer Program ကို မြန်မာနိုင်ငံတွင် ထုတ်ပြန်ထားသော စစ်တမ်းအချက်အလက်များအရ အဓိကဆောင်ရွက်ရန် လိုအပ်လျက်ရှိသော ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီး၊ လဟယ်နှင့် နန်းယွန်းမြို့နယ်တို့တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။**

ယခုအခါ အဆိုပါအစီအစဉ်အား အာဟာရအညွှန်းကိန်း ဒုတိယအနိမ့်ကျဆုံးဖြစ်သည်။ ရခိုင်ပြည်နယ်တွင် အောင်မြင်စွာ စတင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့်ပတ်သက်သည့် အဆင့်မြင့်အရာရှိကြီးများ ညှိနှိုင်းအစည်းအဝေးကို နေပြည်တော် M Gallery ဟိုတယ်၌ ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည်။ **(ယာပုံ)**

**လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး**

အစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖော်ဆောင်ရာတွင် လူတိုင်းအခြေခံလူ့အခွင့်အရေးရရှိရေး ကြိုးပမ်းနေပါကြောင်း၊ လူ့အခွင့်အရေးအနေဖြင့် လူသားဘဝအစမှ သက်ကြီးရွယ်အိုအထိ လူမှုရေးလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေး ဆောင်ရွက်နေပါကြောင်း၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ်သည် လူမှုရေးအရ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းဖြင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးကို ဦးတည်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ လူသားဘဝ အစရက်ပေါင်း ၁၀၀၀ အတွင်း အာဟာရဖွံ့ဖြိုးရေးသည် အရေးကြီးပါကြောင်း၊ လူသားဘဝအစ ကာလအတွင်း ဦးနှောက်ဖွံ့ဖြိုးရေးသည် ၈၀ ရာခိုင်နှုန်းကျော်ပြီးသွားပြီဖြစ်၍ အာဟာရပြည့်ဝစွာ စားသုံးရေးသည် အရေးကြီးပါကြောင်း၊ သို့မှသာ မိမိတို့မျှော်မှန်းသည့် အာဟာရပြည့်ဝပြီး ဉာဏ်ရည်ဖွံ့ဖြိုးသော လူ့စွမ်းအားအရင်းအမြစ်များ ရရှိလာမည်ဖြစ်ကြောင်း။

**ငွေကြေးပံ့ပိုးနိုင်ရေး**

ရခိုင်ပြည်နယ်တွင် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်အကောင်အထည်ဖော်ရာတွင် လူမှုသဟဇာတဖြစ်ရေးသည် အရေးကြီးပါကြောင်း၊ ဝန်ဆောင်မှုပေးနေသည့် ဌာနများအားလုံး အဆင့်ဆင့် အချင်းချင်းစည်းလုံး ညီညွတ်စွာ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊ တစ်ချိန်တည်းမှာပင် ပြည်သူလူထုအတွက် ရှင်းလင်းပြတ်သားသော သတင်းစကားများပေးရန် လိုအပ်ပါကြောင်း၊ လက်ရှိ စာရင်းဇယားများအရ ရခိုင်ပြည်နယ်တွင် ရခိုင်လူမျိုးများအပါအဝင် တိုင်းရင်းသားမျိုးနွယ်စုများ အားလုံးသည် ရခိုင်ပြည်နယ် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်ရှိပြီး (အစ္စလာမ်ဘာသာဝင်)မှာ ၃၀ ရာခိုင်နှုန်း ခန့်သာရှိပါကြောင်း၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ်၏ အခြေခံမူအရ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ ရခိုင်ပြည်နယ်တစ်ပြည်နယ်လုံးတွင် ဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ရခိုင်ပြည်နယ်တစ်ပြည်လုံးတွင် ငွေကြေးပံ့ပိုးပေးနိုင်ရေးအတွက် မြို့နယ်များတွင် အသိပညာပေးပွဲများ ဆောင်ရွက်လျက်ရှိရာ မြို့နယ် ၁၇ မြို့နယ်အနက် ၁၁ မြို့နယ်တွင် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်ရှိ ပြည်သူများ ပိုမိုသိရှိ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် သတင်းမီဒီယာများမှတစ်ဆင့် အသိပေးပြောကြားလျက်ရှိပါကြောင်း ပြောကြားသည်။

**သုံးလတစ်ကြိမ် ထောက်ပံ့သွားမည်**

၂၀၁၈ ခုနှစ် ဇန်နဝါရီလတတိယပတ်နှင့် စတုတ္ထပတ်များတွင် ရခိုင်ပြည်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးခြင်းကို စတင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် အစီအစဉ်တွင် ကိုယ်ဝန်ဆောင်မိခင်များအားလုံးအား တစ်လလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် သုံးလတစ်ကြိမ် ထောက်ပံ့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မောင်တောမြို့နယ် ကျေးရွာများတွင် သုံးမျိုးစာရင်းစစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်

**မောင်တော ဒီဇင်ဘာ ၂၆**

မောင်တောမြို့အနီး ကျေးရွာများတွင် နေထိုင်ကြသော ဘင်္ဂါလီမိသားစုများအား လူဝင်မှုကြီးကြပ်ရေးဌာနခွဲက နှစ်စဉ်ဆောင်ရွက်ရသည့် လုပ်ငန်းတစ်ရပ်ဖြစ်သည့် သုံးမျိုးစာရင်းစစ်ဆေးခြင်း (ယခင် အသုံးအနှုန်း ဆွဲ၊ တင်၊ စစ် လုပ်ငန်း)ကို ယခုနှစ်အတွက်စတင်ဆောင်ရွက်လျက်ရှိရာ အိမ်ထောင်စု ၃၈၃ စု ကို စစ်ဆေးပြီးစီးသွားပြီဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ အခုလုပ်နေတာက သုံးမျိုးစာရင်းဆိုတာရှိတယ်၊ နှစ်စဉ်လုပ်ရတာ၊ သုံးမျိုးစာရင်းထဲက အိမ်ထောင်စုစစ်ဆေးခြင်းနဲ့ မိသားစုဓာတ်ပုံရိုက်ခြင်းကို ဆောင်ရွက်တာဖြစ်ပါတယ်၊ ဒီအဆင့်မရောက်ခင် ကျေးရွာတွေမှာ ကွင်းဆင်းပြီး ကျေးရွာမြေပုံဆွဲတယ်၊ အဆောက်အအုံမှတ်တမ်းတင်ရတယ်၊ နောက်ဆုံးစစ်ဆေးတယ်၊ ဒီလုပ်ငန်းက တစ်နှစ်တစ်ကြိမ်လုပ်ရတဲ့ လုပ်ငန်းဖြစ်ပါတယ်၊ ဒီဇင်ဘာ ၁၆ ရက်က စလုပ်တာပါ၊ ဒါက သုံးရွာမြောက်ဖြစ်ပါတယ်၊ မောင်တောမြို့အနီး ကပ္ပကောင်းကျေးရွာမှာ ဆောင်ရွက်နေတာဖြစ်ပါတယ်၊ အရင်နှစ်ရွာက ရွှေဇားအလယ်ရွာနဲ့ ဂေါ်ဒညာရွာတို့ ဖြစ်ပါတယ်၊ ဒီရွာတွေအားလုံးက ရွှေဇားကျေးရွာအုပ်စု ၁၂ ရွာထဲမှာ ပါဝင်ပါတယ်၊ ကျန်ရွာတွေကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု အမှတ် -၄ လူဝင်မှုကြီးကြပ်ရေးဌာနခွဲမှ လဝကမှူး ဦးဇော်မိုးနိုင်က ရှင်းပြသည်။



နောက်ဆုံးအဆင့်တွင် အိမ်ထောင်စုတစ်စုချင်းစီအား လဝကတာဝန်ရှိသူများက အိမ်ထောင်စုစာရင်းအဟောင်းဖြင့် တိုက်ဆိုင်စစ်ဆေးပြီး ဓာတ်ပုံရိုက် မှတ်တမ်းတင်ထားရှိခြင်းဖြစ်သည်။ ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် တိုးလာသော ကလေးငယ်များ၊ သေဆုံးသွားသူများ၊ တစ်ဖက်နိုင်ငံသို့ နေရပ်စွန့်ခွာသူများစာရင်းကို သိရှိနိုင်မည်ဖြစ်ကြောင်း၊ ခိုးဝင်လာသူများရှိပါကလည်း စစ်ဆေးတွေ့ရှိနိုင်ကြောင်း သိရသည်။

အဆိုပါ သုံးမျိုးစာရင်းစစ်ဆေးခြင်းလုပ်ငန်းကို မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များရှိ နယ်ခြားစောင့်လက်အောက်ရှိ လူဝင်မှုကြီးကြပ်ရေးဌာနခွဲများ၌သာ ဆောင်ရွက်ပြီး အခြားမြို့နယ်များတွင်ဆောင်ရွက်ခြင်းမရှိကြောင်း၊ လူအတိုးအလျော့ကို ကြီးကြပ်စစ်ဆေးနိုင်အောင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်း - မြင့်မောင်၊ ဇေယျာ၊ ဓာတ်ပုံ - နေဝင်းထွန်း**

# ရခိုင်ပြည်နယ်အတွင်း မိုးစပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်း စက်မှုလယ်ယာဦးစီးဌာနက ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် စပါးရိတ်သိမ်းရန် အခက်အခဲဖြစ်နေသော မောင်တောမြို့နယ်ရှိ မြို့သူကြီး၊ အုန်းတော၊ ကံပူး၊ ကျောင်းတောင်၊ အလယ်သံကျော်၊ နွားရုံတောင်၊ ဝါးချ၊ သံဒါ၊ မြင်းလွတ်၊ ကျီးကန်းပြင်၊ သီဟိုဠ်ကျွန်း၊ ဥဒေါင်း၊ လောင်းဒုံ၊ အောင်စစ်ပြင်၊ စပယ်ကုံး၊ သပြေတော၊ ဇော်မတက်၊ ဒိုးတန်း၊ ရွာသစ်ကေ၊ ကျောက်ပန္နူ၊ တပ်ဦးချောင်း၊ ဒုချီးရားတန်း၊ သရေကုန်းတန်း၊ သဝန်ချောင်း၊ ငါးခူရ၊ အင်းဒင်၊ သဘော်ကွေ့၊ ကညင်တန်း၊ ညောင်ချောင်း၊ နတ်ချောင်း၊ သက်ကိုင်ညှာ၊ ပညောင်ပင်ကြီး၊ ပန်းတောပြင်၊ ခမောင်းဆိပ်၊ ရေနောက်ငါးသား၊ သစ်တုံးနားခွဆုံ၊ ပဒကားရွာသစ်၊ ကြက်ရိုးပြင်ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၂၅ ရက်အထိ စုစုပေါင်း ၈၉၈၂ ဧကကို ရိတ်သိမ်းပြီးဖြစ်သည်။

**စစ်တွေမြို့နယ်**

ထို့အတူ စစ်တွေမြို့နယ်အတွင်းရှိ ချောင်းနွယ်၊ ပါတလိပ်၊ သင်္ဂနက်၊ ကြို့တဲ၊ ကံ့ကော်ကျွန်း၊ မင်းဂံ၊ နာရီကန်ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၂၅ ရက်အထိ စုစုပေါင်း ၅၄၅ ဧကကို ရိတ်သိမ်းပြီးဖြစ်သည်။

မြောက်ဦးမြို့နယ်အတွင်းရှိ ပြလု၊ ဆင်အိုးရှည်၊ မြက်ရိတ်ကျွန်း၊ ခွဆုံ၊ လေညှင်းသာ၊ ရတ်ချောင်း၊ အလယ်စျေး၊ တိမ်ညို၊ ကန်စောက်ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၅ ရက်မှ ဒီဇင်ဘာ ၂၅ ရက်အထိ စုစုပေါင်း ၁၀၁၈ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

မင်းပြားမြို့နယ်အတွင်းရှိ ထောင်ရှည်၊ ကင်းဆိပ်၊ မော်ရွာ၊ ဖားပျော်၊ တောင်တိုက်၊ ငပုကွ၊ ဝင်းဇား၊ နရမ်း၊ နားပွဲချောင်းကျေးရွာများနှင့် ဦးစိုးတင့်ရပ်ကွက်တွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၇ ရက်မှ ဒီဇင်ဘာ ၂၅ ရက်အထိ စုစုပေါင်း ဧက ၆၂၀ ရိတ်သိမ်းပြီးဖြစ်သည်။

**ကျောက်တော်မြို့နယ်**

ကျောက်တော်မြို့နယ် အတွင်းရှိ ပုဏ္ဏား၊ လမ်းမတော်၊ ဒေါင်းတော်ယိုး၊ ကာဒီ၊ စဖိုသား၊ အပေါက်ဝ၊ ဂါပုကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၂၅ ရက်အထိ စုစုပေါင်း ၇၀၉ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

**ရသေ့တောင်မြို့နယ်**

ရသေ့တောင်မြို့နယ် အတွင်းရှိ ချိန်ခါလီ၊ ကိုးတန်ကောက်ကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၂၅ ရက်အထိ စုစုပေါင်း ၂၉၈ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

**ဘူးသီးတောင်မြို့နယ်**

ဘူးသီးတောင်မြို့နယ် အတွင်းရှိ သပြုချောင်းကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၁၀ ရက်မှ ဒီဇင်ဘာ ၂၅ ရက်အထိ စုစုပေါင်း ၉၆ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ပုဏ္ဏားကျွန်းမြို့နယ် အတွင်းရှိ ငပြောက်ဆည်ကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ ဒီဇင်ဘာ ၁၇ ရက်မှ ၂၅ ရက်အထိ စုစုပေါင်း ၃၁ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ကျောက်ဖြူမြို့နယ် အတွင်းရှိ လောင်းချောင်းကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ ဒီဇင်ဘာ ၁၉ ရက်မှ ၂၅ ရက်အထိ စုစုပေါင်း ၂၂ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျော်က ဘူးသီးတောင်အကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေး



**ဘူးသီးတောင် ဒီဇင်ဘာ ၂၆**

ရခိုင်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဦးကျော်နှင့် မောင်တောခရိုင်တရားသူကြီး ဦးခင်မောင်မြင့်တို့သည် ယနေ့နံနက် ၁၁ နာရီက မောင်တောခရိုင်အတွင်းရှိ ဘူးသီးတောင်အကျဉ်းထောင်သို့ သွားရောက်စစ်ဆေးကြည့်ရှုသည်။

**ဥပဒေနှင့်အညီ ရသင့်သောအခွင့်အရေးများ**

စစ်ဆေးကြည့်ရှုခဲ့ရာတွင် အကျဉ်းသူ၊ အကျဉ်းသားများနှင့်တွေ့ဆုံ၍ **(ယာပုံ)** ဥပဒေပါ အခွင့်အရေးများ ရရှိမှုအခြေအနေ၊ နေထိုင်စားသောက်မှုအခြေအနေ၊ အကျဉ်းသူ၊ အကျဉ်းသားများအား သီးသန့်ဆောင်တွင် နေထိုင်စားသောက်မှုအခြေအနေ၊ ရေပေးဝေမှုနှင့် သောက်သုံးရေရရှိမှုအခြေအနေ၊ ကျန်းမာရေး စောင့်ရှောက်မှုအခြေအနေ၊ ကြန့်ကြာနေသော စစ်ဆေးဆဲအချုပ်တရားခံများ ရှိ၊ မရှိ၊ စာပေဗဟုသုတ လေ့လာရန် စာကြည့်တိုက် ဆောင်ရွက်ထားရှိမှု ရှိ၊ မရှိ၊ ဥပဒေနှင့်အညီ ရသင့်သောအခွင့်အရေးများ ရရှိခြင်း ရှိ၊ မရှိတို့ကို မေးမြန်းစစ်ဆေးကာ အကျဉ်းထောင်လက်စွဲနှင့်အညီ ဆောင်ရွက်ပေးရန်နှင့် လိုအပ်သည်များ ညွှန်ကြားမှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**




ဦးဦးရွှေမောင်
အမှုဆောင်အရာရှိ
မောင်တောမြို့နယ်
စည်ပင်သာယာရေးအဖွဲ့



ဒေါ်ဥမ္မာစော
ဒုတိယဦးစီးမှူး
မောင်တောမြို့နယ်
စည်ပင်သာယာရေးအဖွဲ့



ဦးအောင်ကျော်ဇော
စာအုပ်အရောင်းဆိုင်ပိုင်ရှင်
မောင်တောမြို့မဈေးကြီး

❋ *ကျောဖုံးမှ*

"ကျွန်မတို့ ဒီဈေးကြီးကို ဩဂုတ် ၂၅ ရက်မှာ စတင်ပိတ်ခဲ့ပြီး ဒီကနေ့မှာ ပြန်လည်ဖွင့်တာဆိုတော့ လေးလကြာ ပိတ်ထားခဲ့ရတာဖြစ်ပါတယ်၊ လုံခြုံရေးအရ CCTV ကင်မရာ ၁၆ လုံး တပ်ဆင်ပြီးဖြစ်ပါတယ်၊ ၂၄ လုံးအထိ တပ်ဆင်သွားမှာ ဖြစ်ပါတယ်၊ သို့ပေမယ့် မော်နီတာ မတပ်ရသေးတဲ့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ ဈေးကို ဖွင့်လှစ်ရတာ ဖြစ်ပါတယ်"ဟု မောင်တောမြို့ မြို့မဈေးကြီးမှ မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဒေါ်ဥမ္မာစောက ပြောသည်။

"ကျွန်တော်က ပင်စင်စားပါ၊ ဈေးရောင်းတာ ၁၀ နှစ် ရှိပါပြီ၊ ဈေးပြန်ဖွင့်ဖို့ မျှော်နေတာပါ၊ ပင်စင်ရတာလေးနဲ့ ဈေးရောင်းရတာလေး စားရတာဆိုတော့ ဈေးပြန်ဖွင့်တာ ကျွန်တော့်အတွက်တော့ မင်္ဂလာပါပဲ၊ တဖြည်းဖြည်းတော့ ပြန်စည်လာပြီး ဈေးရောင်းကောင်းဖို့ မျှော်လင့်ပါတယ်"ဟု မောင်တောမြို့မဈေးကြီးမှ စာအုပ်အရောင်းဆိုင်ပိုင်ရှင် ဦးအောင်ကျော်ဇောက ပြောသည်။

မောင်တောမြို့မစည်ပင်သာယာဈေးကြီးကို ၂၅-၃-၁၉၉၈ ခုနှစ်က တည်ဆောက်ဖွင့်လှစ်ပေးခဲ့ကြောင်း၊ စစ်တွေ၊ ဘူသီးတောင်တို့မှ ကုန်ပစ္စည်းများ အဓိက ဝင်ရောက်ပြီး မောင်တောဒေသတွင် အားထားရသော ဈေးကြီးဖြစ်ကြောင်း သိရသည်။ **သတင်း-မြင့်မောင်၊ ဇေယျာ၊ ဓာတ်ပုံ-နေဝင်းထွန်း**

## မောင်တောခရိုင်အတွင်း ညမထွက်ရအမိန့် နောက်ထပ် နှစ်လ တိုးမြှင့်

**နေပြည်တော် ဒီဇင်ဘာ ၂၆**

၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် ARSA အစွန်းရောက် အကြမ်းဖက်သမားများက မောင်တောမြို့ပေါ် ရပ်ကွက်အချို့နှင့် ကျေးရွာများရှိ လုံခြုံရေးရဲကင်းစခန်းများအား တစ်ပြိုင်နက်တည်း အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။

ထိုသို့ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ဒေသအတွင်း လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် မောင်တောခရိုင်အတွင်း ယခင် ထုတ်ပြန်ထားသည့်အတိုင်း လူငါးဦး (သို့) ငါးဦး ထက်ပို၍ မစုဝေးနိုင်စေရန် ညနေ ၆ နာရီမှ နောက်တစ်နေ့ နံနက် ၆ နာရီထိ ညမထွက်ရအမိန့် ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အား ဒီဇင်ဘာ ၂၅ ရက်က မောင်တောမြို့နယ် ခရိုင်အုပ်ချုပ်ရေးမှူးရုံးမှ ထပ်မံတိုးမြှင့်ထုတ်ပြန်ခဲ့ပြီး ၎င်းအမိန့် ထုတ်ပြန်သည့်နေ့မှစ၍ နှစ်လပြည့်မြောက်သည်အထိ အတည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ALP အဖွဲ့မှ တပ်သားအဆင့်ရှိသူတစ်ဦးအား မိဘထံ ပြန်အပ်

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ALP အဖွဲ့မှ တပ်သားအဆင့်ရှိ ထွန်းအေး (ခေါ်) ညီညီဇော် (၂၃ နှစ်) ငှက်ရဲကောက်ကျေးရွာ မင်းပြားမြို့နယ်နေသူသည် **(ယာပုံ)** ဒီဇင်ဘာ ၁၈ ရက်တွင် ပလက်ဝမြို့နယ်အတွင်းရှိ နယ်မြေခံတပ်သို့ လက်နက်မဲ့ အလင်းဝင်ရောက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၂၂ ရက် နံနက် ၁၁ နာရီတွင် မင်းပြားမြို့ အလယ်ပိုင်းရပ်ကွက်အုပ်ချုပ်ရေးမှူး၏ရှေ့၌ ၎င်း၏ ဖခင်ဖြစ်သူ ဦးကျော်သန်းမောင်ထံသို့ အပ်နှံပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## မောင်တောမြို့နယ်ရှိ တိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ရှိ ဥဒေါင်း (တိုင်းရင်းသား) ကျေးရွာ၊ ကင်းချောင်း(တိုင်းရင်းသား) ကျေးရွာ၊ ဖောဓိကုန်း (တိုင်းရင်းသား) ကျေးရွာနှင့် ရွှေရင်အေး (တိုင်းရင်းသား) ကျေးရွာတို့တွင် နွားနှစ်ကောင်၊ ဆိတ်သုံးကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ မင်းခမောင်း (တိုင်းရင်းသား)ကျေးရွာ၊ ရန်အောင်မြေ (တိုင်းရင်းသား) ကျေးရွာ၊ ကြိမ်ချောင်း (ရေနော)ကျေးရွာနှင့် တမန်းသား (တိုင်းရင်းသား)ကျေးရွာတို့တွင် နွားနှစ်ကောင်၊ ဆိတ်နှစ်ကောင်နှင့် ငါးခူရစခန်းပတ်ဝန်းကျင်ရှိ ရေမျက်တောင် (တိုင်းရင်းသား) ကျေးရွာ၊ ငါးခူရ (ရေနော)ကျေးရွာ၊ ခြံပြင် (တိုင်းရင်းသား)ကျေးရွာနှင့် ကပ္ပကောင်း (တိုင်းရင်းသား)ကျေးရွာတို့တွင် နွားနှစ်ကောင်၊ ဆိတ်နှစ်ကောင်တို့ကို ကာကွယ်ကုသ ဆောင်ရွက်ပေးပြီး စုစုပေါင်းစခန်းသုံးခု ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားခြောက်ကောင်နှင့် ဆိတ်ခုနစ်ကောင်တို့ကို ကာကွယ်ကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခုရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၃၅၃ ကောင်တို့ကို ကာကွယ်ကုသဆေးထိုးနှံပေးခြင်း၊ ဆိတ် ၇၁၇ ကောင်တို့ကို ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မောင်တောမြို့နယ် ကန်ဘဲ့ကျေးရွာအနီး ဆေးခြောက် ၆ ဒသမ ၂၅ ကီလို သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၆**



လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၅ ရက် ညနေ ၄ နာရီ မိနစ် ၅၀ က တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေစဉ် မောင်တောမြို့နယ် ကန်ဘဲ့ကျေးရွာ အရှေ့ဘက်လယ်ကွင်းအနီး၌ မသင်္ကာသူတစ်ဦး တွေ့ရှိ၍ ခေါ်ယူရာ ထွက်ပြေးသွားခဲ့သည်။

ထွက်ပြေးသွားသူ ချထားခဲ့သည့် လက်ဆွဲခြင်းအား စစ်ဆေးရာ ဆေးခြောက် ၆ ဒသမ ၂၅ ကီလိုခန့် (တန်ဖိုး ငွေကျပ် ၂၅ သိန်း)ခန့်ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ပြင်ဖြူနယ်မြေစခန်း၌ အမှုဖွင့် စုံစမ်းလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## အိမ်သုံးဆေးဝါး၊ အဝတ်အထည်များနှင့် မသင်္ကာသူတစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၃ ရက် ည ၉ နာရီ မိနစ် ၂၀ ခန့်က မောင်တောမြို့နယ် မကျီးချောင်းချောင်းထဲမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ လှော်ခတ်နေသည့် လောင်းလှေတစ်စင်းအား တွေ့ရှိ၍ ကမ်းသို့ကပ်ရန် တားမြစ်ခဲ့ရာ လှေပေါ်ပါသူ ငါးဦးသည် ရေထဲသို့ခုန်ချပြီး ပန်းတောပြင်ကျေးရွာဘက်သို့ ထွက်ပြေးသွားခဲ့သည်။

ကျန်ရှိခဲ့သည့် လောင်းလှေအား ကမ်းစပ်သို့ဆွဲယူစစ်ဆေးခဲ့ရာ အိမ်သုံးဆေးပြား ၁၃၁၀၀၀၊ ဆေးလုံး ၈၀၀၀၊ ဆေးတောင့် ၄၀၀၀၊ 2-mL ဆေးပုလင်း ၉၀၀၊ အိတ်တစ်အိတ်၊ ကျားဝတ်အင်္ကျီ ကိုးထည်၊ ပုဆိုးငါးထည်၊ ဘောင်းဘီ ရှည်၊ တို လေးထည်၊ မဝတ်အင်္ကျီ ၂၀၊ ထဘီ ၂၀၊ ဗလီဦးထုပ်နှစ်လုံး၊ ဖုန်းတစ်လုံး တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ **(ယာပုံ)**

ထိုအချိန်တွင် မကျီးချောင်း (ချောင်းဝ)ဘေးရှိ ပုစွန်ကန်အနောက်ဘက် နယ်စပ်ခြံစည်းရိုးအနီး အမှောင်ထဲ၌ ဖုန်းပြော၍ လမ်းလျှောက်လာသည့် မသင်္ကာသူ မောင်တောမြို့နယ် မောင်နီကျေးရွာနေ ဇာဖောအာမတ် (၄၅ နှစ်) အား စစ်ဆေးရာ ကညင်တန်းကျေးရွာနေ ဟိုဘီ (စိစစ်ဆဲ)၏ ပစ္စည်းများဖြစ်ကြောင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပို့ဆောင်ရောင်းချရန်ဖြစ်ကြောင်း သိရှိရသဖြင့် ဇာဖောအာမတ်အား မကျီးချောင်းနယ်မြေစခန်း၌ (ပ)၇၂/၂၀၁၇ အမျိုးသားဆေးဝါး ပုဒ်မ ၁၈ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



မသင်္ကာသူ ဇာဖောအာမတ်နှင့် လှေပေါ်မှ သိမ်းဆည်းရမိသည့် ပစ္စည်းများ

# ထိုင်းနိုင်ငံမှ စည်းကမ်းမဲ့ကုန်တင်လာသော ယာဉ်များအား မော်တော်ယာဉ်ဥပဒေဖြင့် အရေးယူဖမ်းဆီး

**မြဝတီ ဒီဇင်ဘာ ၂၆**



မြန်မာ- ထိုင်းနယ်စပ် မြဝတီမြို့၌ ဒီဇင်ဘာ ၂၅ ရက်မှစတင်ကာ မြဝတီယာဉ်ထိန်းတပ်ဖွဲ့စု(၇၃)မှ ဒုတိယရဲမှူး စိုးမြင့်ဦးနှင့် ရဲအုပ်စည်သူဆွေတို့ ခေါင်းဆောင်သည့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက ထိုင်းနိုင်ငံမှ ဝင်ရောက်လာသော ကုန်စည်တင်ဆောင်ရာတွင် စည်းကမ်းနှင့်မညီသည့် ကုန်တင်ယာဉ်များအား **(ယာပုံ)** မော်တော်ယာဉ်ဥပဒေ ပုဒ်မ ၆၅ ဖြင့် ဖမ်းဆီးအရေးယူလျက်ရှိကြောင်း သိရသည်။

"မြဝတီကုန်သွယ်ရေးဇုန်ကို သွားရောက်ပို့ဆောင်ကြမယ့် ထိုင်းကုန်တင်ယာဉ်တွေပါ၊ ဒီယာဉ်တွေက ချစ်ကြည်ရေးတံတားကြီးပေါ်က တရားဝင်ဂျူတီဆောင်ပြီး လာကြတာဖြစ်ပေမယ့် ကုန်တွေတင်ထားတာက ယာဉ်စည်းကမ်းနဲ့ မညီညွတ်ကြဘူး၊ သူတို့ကုန်တင်ထားတာက သတ်မှတ်အမြင့်ပေထက် ကျော်လွန်နေတယ်၊ ပြီးတော့ သတ်မှတ်ထားတဲ့ နောက်အစွန်းထွက်ရမှာထက် ကျော်လွန်နေတယ်။ ဒီတော့ အမြင့်ပေတွေ ကျော်လွန်တဲ့အတွက် မီးကြိုးတွေ တိုက်မိကြတယ်၊ ဓာတ်မီးတိုင်တွေ လဲကုန်တယ်၊ နောက်အစွန်းထွက်တွေ ကျော်နေတဲ့အတွက် လမ်းအကွေ့တွေမှာ မလွတ်ဘဲ မလိုလားအပ်တဲ့ ယာဉ်တိုက်မှုတွေ ဖြစ်ကြတယ်၊ ဒါကြောင့် မော်တော်ယာဉ်ဥပဒေနဲ့ မညီညွတ်လို့ အခုလို ဖမ်းဆီးတာဖြစ်ပါတယ်"ဟု မြဝတီယာဉ်ထိန်းတပ်ဖွဲ့(၇၃)တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး စိုးမြင့်ဦးက ပြောသည်။

အဆိုပါ ကုန်တင်ယာဉ်များမှာ မြဝတီကုန်သွယ်ရေးဇုန်သို့ သွားရောက်ပို့ဆောင်ကြမည့် ယာဉ်များဖြစ်ကာ ယင်းထိုင်းယာဉ်များအား ယနေ့နံနက်ပိုင်းအထိ ဖမ်းဆီးအရေးယူခဲ့သည်မှာ မော်တော်ယာဉ် ရှစ်စီးရှိပြီဖြစ်ကာ မြို့နယ်တရားရုံး၌ ဒဏ်ငွေဆောင်စေမည်ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# တာချီလိတ်၌ မယ်ဆိုင်ချောင်းရေဆိပ်မှ သေနတ်အရှည်နှစ်လက် သယ်ဆောင်လာသူအား ဖမ်းဆီးရမိ



**တာချီလိတ် ဒီဇင်ဘာ ၂၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်၌ ယနေ့ မွန်းလွဲပိုင်းက မယ်ဆိုင်ချောင်းရေဆိပ်မှ သေနတ်ပြောင်းအရှည် နှစ်လက် သယ်ဆောင်လာသူ တစ်ဦးအား **(ဓဝပုံ)** ဖမ်းဆီးရမိကြောင်း သိရသည်။

တာချီလိတ်မြို့မရဲစခန်းမှ နယ်ထိန်းရဲအုပ် ကိုကိုဦး ပါဝင်သည့် တပ်ဖွဲ့ဝင်များသည် ရပ်ကွက်များအတွင်း နယ်မြေလှည့်ကင်းဆောင်ရွက်စဉ် မကာဟိုခမ်းရပ်ကွက် ဂေါ်သဇင်လမ်း မယ်ဆိုင်ချောင်းရေဆိပ်မှ တရားမဝင်ဖြတ်သန်းဝင်ရောက်လာပြီး လမ်းလျှောက်လာသည့် ကျာယော် ပုံစိတ်ကျေးရွာ ကျိုင်းတုံမြို့နယ်နေသူထံမှ Remington အမျိုးအစား အရှည် ( သုံးပေ၊ လေးလက်မ)ရှိ နံပါတ် AB 663/55M သေနတ် တစ်လက်၊ ကျားရုပ်တံဆိပ် Made in Belgium စာတန်းပါ အရှည် လေးပေခန့်ရှိ ပြောင်းချောသေနတ်တစ်လက်နှင့်အတူ GUN GUARD စာတန်းပါ သေနတ်နှစ်လက်ထည့်သည့် အနက်ရောင်ကော်ဘူးတစ်ဘူးတို့ကို တွေ့ရှိသိမ်းဆည်းရမိပြီး ၎င်းကို စစ်မေးရာ သေနတ်နှစ်လက်ကို ထိုင်းနိုင်ငံ မယ်ဆိုင်မြို့မှအမည်မသိသူတစ်ဦးထံမှ ရယူသယ်ဆောင်လာခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ တရားမဝင်သေနတ် နှစ်လက်နှင့်အတူ ဖမ်းဆီးရမိသည့် ကျာယော်အား တာချီလိတ်မြို့မရဲစခန်း၌ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ခင်ဦးမြို့နယ်တရားရုံးက ကလေးသူငယ်ညှဉ်းပန်းနှိပ်စက်မှုဖြင့် အဒေါ်အရင်းဖြစ်သူအား အလုပ်ကြမ်းနှင့်ထောင်ဒဏ် နှစ်နှစ် အမိန့်ချ

ခင်ဦး ဒီဇင်ဘာ ၂၆

**စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တရားရုံး၌ ဒီဇင်ဘာ ၂၆ ရက် ညနေ ၃ နာရီက သုံးနှစ်အရွယ်ရှိ တူမအရင်းအပေါ် ညှဉ်းပန်းနှိပ်စက်သော အဒေါ်အရင်းဖြစ်သူအား အလုပ်ကြမ်းနှင့် ထောင်ဒဏ်နှစ်နှစ် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။**

ဖြစ်စဉ်မှာ ဩဂုတ် ၁၄ ရက်က ခင်ဦးမြို့ မြကန်သာ အနောက်ပိုင်းရပ်ကွက်တွင် အိမ်ငှားရမ်းနေထိုင်သော အဒေါ်အရင်းဖြစ်သူ ခိုင်မာ (၃၂ နှစ်)၊ ဦးလေးအရင်းဖြစ်သူ ကျော်မိုးအောင် (၂၇နှစ်)နှင့် တူမအရင်းဖြစ်သူ မယွန်းဝတီ သုံးနှစ်၏ မိဘများမှာ ခေတ္တထိုင်းနိုင်ငံသို့ သွားရောက် အလုပ်လုပ်ကိုင်နေသော (ဘ)ဦးစိုးမိုးအောင်၊ (မိ)ဒေါ်တင်တင်အေးတို့နှင့်အတူ ငှားရမ်းနေထိုင်လာခဲ့ရာ အဒေါ်အရင်းဖြစ်သူ ခိုင်မာက နေ့စဉ်ရက်ဆက်လိုလို သုံးနှစ်အရွယ်ရှိ တူမအရင်းဖြစ်သူ မယွန်းဝတီကို အရွယ်နှင့်မမျှ အခန်းတံခါးပိတ် ရိုက်နှက်နှိပ်စက်ခဲ့ရာ ဝမ်းဗိုက်၊ တင်ပါး၊ ကျော၊ လက်နေရာများတွင် ညိုမည်းဖူးရောင်အရိုးရာဒဏ်ရာများနှင့် ညာဘက်လက်ဖျံအရိုးရောင်ပြင်းထန်ဒဏ်ရာများ ရရှိခဲ့သဖြင့် ခင်ဦးပြည်သူ့ဆေးရုံမှ ရွှေဘိုကလေးအထူးကုဆေးရုံကြီးသို့ အတွင်းလူနာအဖြစ် ပို့ဆောင်ကုသလျက်ရှိကြောင်း "Chit San" account အမည်ဖြင့် ဖော်ပြထား၍ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ပျံ့နှံ့နေမှုကြောင့် ဩဂုတ် ၁၆ ရက်က တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်သူဇာအောင်က တရားလိုပြုလုပ်တိုင်တန်းရာ မြို့နယ်တရားရုံးမှ ရာဇဝတ်ကြီးအမှု၊ ကလေးသူငယ်ဥပဒေဖြင့် အဆိုပါ အဒေါ်အရင်းဖြစ်သူ ခိုင်မာ (၃၂နှစ်)အားတရားစွဲဆို အရေးယူဆောင်ရွက်ထားခဲ့သည်။



ပြစ်မှုကျူးလွန်သူ ခိုင်မာ

**အမိန့်ချ**

ယင်းအမှုနှင့် ပတ်သက်၍ သုံးနှစ်အရွယ်ရှိ တူမအရင်းဖြစ်သူ မယွန်းဝတီအပေါ် ညှဉ်းပန်းနှိပ်စက်ခဲ့သော အဒေါ်အရင်းဖြစ်သူ ခိုင်မာ (၃၂ နှစ်)အား ကလေးသူငယ် ညှဉ်းပန်းနှိပ်စက်မှုဖြင့် ဒီဇင်ဘာ ၂၆ ရက်က မြို့နယ်တရားရုံးမှ အလုပ်ကြမ်းနှင့် ထောင်ဒဏ်နှစ်နှစ် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**ချစ်စံ(ခင်ဦး)**

# ရန်ကုန်-မန္တလေး အမြန်လမ်းပိုင်း၌ ယာဉ်မောင်းအိပ်ငိုက်၍ လမ်းလယ်ကျွန်းကပ်တုံးအား ဝင်တိုက်

**မလှိုင် ဒီဇင်ဘာ ၂၆**

ဒက္ခိဏသီရိမြို့နယ် ပလွေးအမြန်လမ်းမကြီး ရဲစခန်းအပိုင် ရန်ကုန်-မန္တလေး အမြန်လမ်းပိုင်း မိုင်တိုင် အမှတ် (၂၀၄/၄) နှင့် (၂၀၄/ ၅) အကြား၌ ဒီဇင်ဘာ ၂၆ ရက် နံနက် ၅ နာရီ မိနစ် ၄၀ ခန့်က မန္တလေးမှ ရန်ကုန်မြို့ဘက်သို့ မောင်းနှင်လာသည့် သဃ်န်းကျွန်း မြို့နယ်နေ ယာဉ်မောင်း ဟန်ဝင်းအောင် (၅၂နှစ်) ယာဉ်အမှတ် 9J/----- မီဆူဘီရှိယာဉ်သည် ယာဉ်မောင်း အိပ်ငိုက်၍ လမ်းလယ်ကျွန်း ကာထားသော ကပ်တုံးအား တိုက်မိရပ်တန့်ခဲ့သည်။ ယာဉ်ပေါ်တွင်ပါရှိသူ ၃၀ မှာ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း၊ ယာဉ်အား မဆင် မခြင်မောင်းနှင်သူ ဟန်ဝင်းအောင် ကို ပလွေးအမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**



# မိန်းကလေးငယ်တစ်ဦးကို သတ်၍ မီးရှို့စွန့်ပစ်ခဲ့သည့် ပြစ်မှုကျူးလွန်သူနှစ်ဦး ဖမ်းဆီးရမိ

**ကျိုင်းတုံ ဒီဇင်ဘာ ၂၆**

မိန်းကလေးငယ်တစ်ဦးကို သတ်၍ ကျိုင်းတုံမြို့နယ် ကျိုင်းတုံ-လွိုင်မွေ ကားလမ်း မိုင်တိုင်အမှတ် ၈/၄ ကျိုင်းတုံမြို့မှ ၈ မိုင် ၄ ဖာလုံခန့်အကွာ လမ်း၏ ဝဲဘက်၊ အနက်သုံးပေခန့်ရှိ ချောက်အတွင်းသို့ စွန့်ပစ်ကာ အလောင်းကို မီးရှို့ထားသည့် ဖြစ်စဉ်တစ်ခု ဒီဇင်ဘာ ၂၂ရက်က ဖြစ်ပွားခဲ့ပြီး အဆိုပါ ပြစ်မှုကျူးလွန်သူ အမျိုးသားနှစ်ဦးကို ကျိုင်းတုံမြို့မရဲစခန်းမှ ဖော်ထုတ်ဖမ်းဆီးရမိကြောင်း သိရသည်။

အသတ်ခံရသူ အမျိုးသမီးသည် အသက်(၂၀နှစ်)ခန့်ရှိပြီး ကျိုင်းတုံမြို့နယ် ပန်ကြူကျေးရွာအုပ်စု ဝင်းဘိုလမ်းခွဲကျေးရွာမှ မအေဘီလ ဆိုသူဖြစ်ပြီး ကျိုင်းတုံမြို့ အမှတ်(၄)ရပ်ကွက် ဝပ်အင်းရပ်၌ တစ်ဦးတည်း နေထိုင်ကြောင်း သိရသည်။

အခင်းဖြစ်သည့်နေ့ ဒီဇင်ဘာ ၂၀ ရက်၌ မအေဘီလသည် ဆိုင်ကယ်တစ်စီး ငှားရမ်း၍ ရပ်ကွက်(၄) ပေါက်တိုက်ရပ်ရှိ စိုးလွင်၏နေအိမ်သို့ ငါးကင်သွားပို့ရာ ယင်းနေအိမ်တွင် စိုးလွင်နှင့်အတူ စိုင်းရှုန်(ခ)အိုက်ပီး ရှိနေပြီး မအေဘီလ ရောက်ရှိချိန်တွင် စိုးလွင်က စိုင်းရှုန်အား နေအိမ်အိပ်ခန်းတစ်ခု၌ ပုန်းအောင်းခိုင်းခဲ့သည်။ မအေဘီလက ငါးကင်ပေးပြီး ပြန်မည်ပြုစဉ် စိုးလွင်က အိပ်ခန်းအတွင်း ဆွဲခေါ်ရာ မအေဘီလသည် ရုန်းကန်ကာအော်ဟစ်မည်ပြု၍ လည်ပင်းညှစ်ကာ နံရံ၌ ဦးခေါင်းကို ရိုက်ခဲ့ပြီး လဲကျစဉ် လည်ပင်းကိုခြေဖြင့် နင်းခဲ့ကြောင်း၊ ထိုစဉ် စိုင်းရှုန်လည်း အခန်းတွင်း ဝင်လာပြီး ဝိုင်းဝန်းတက်နင်းခဲ့သဖြင့် မအေဘီလ သေဆုံးသွားခဲ့ကြောင်း ရဲတပ်ဖွဲ့သို့ စိုးလွင်၏ ထွက်ဆိုချက်အရ သိရသည်။

ထို့နောက် ၎င်းတို့နှစ်ဦးသည် မအေဘီလ စီးလာသည့်ဆိုင်ကယ်ဖြင့် အလောင်းကို လွိုင်မွေလမ်းသို့ သယ်ဆောင်စွန့်ပစ်ပြီး ပါလာသည့် ဓာတ်ဆီဖြင့်လောင်းကာ မီးရှို့ထားခဲ့ကြောင်း၊ အခင်းဖြစ်စဉ် မအေဘီလ စီးခဲ့သည့်ဖိနပ်ကို အခင်းဖြစ်အရပ်အနီးရှိ ခြံဝင်း၌ စွန့်ပစ်ပြီး ဆိုင်ကယ်ကို ငွေကျပ် ၁၀ သိန်းဖြင့် ပေါင်နှံထားခဲ့ကြောင်း ဆက်လက်ထွက်ဆိုသည်။



ပြစ်မှုကျူးလွန်သူ စိုးလွင်

ပြစ်မှုကျူးလွန်သူ စိုးလွင်ကို ကျိုင်းတုံမြို့၌ ဒီဇင်ဘာ ၂၅ ရက်က ဖမ်းဆီးရမိပြီး စိုင်းရှုန်ကို သာစည်မြို့၌ ယနေ့တွင် ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကျိုင်းတုံမြို့မရဲစခန်းမှ သေဆုံးသူ လက်၌ ကျန်ရစ်သည့် အသည်းနှလုံးပုံ လက်စွပ်မှ သေဆုံးသူ၏ နေရပ်နှင့်အခြားကွင်းဆက်များ စုံစမ်းရရှိပြီး ပြစ်မှုကျူးလွန်သူများကို ရက်သတ္တတစ်ပတ်အတွင်း ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

# အက်စစ်ပုလင်းနှင့် အရက်ပုလင်း မှားသောက်မိသဖြင့် အမျိုးသားတစ်ဦး သေဆုံး

**နေပြည်တော် ဒီဇင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ ချောင်းဦးတောင်ရပ်ကွက်၌ ဒီဇင်ဘာ ၂၅ ရက် နံနက် ၂ နာရီက လူတစ်ဦး အက်စစ်သောက်ပြီး သေဆုံးသွားကြောင်း သတင်းအရ မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ အဆိုပါရပ်ကွက်နေ ဦးနိုင်လွင်(၅၂နှစ်)ဖြစ်ပြီး ၎င်းသည် နေအိမ်ရှိ အက်စစ်ပုလင်းအား အရက်ပုလင်းနှင့် မှားသောက်မိခဲ့ရာမှ သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ချောင်းဦးမြို့မရဲစခန်း၌ အမှုရေးဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**ကိုရဲ**

# မရမ်းချောင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ကန့်သတ်ကုန်ပစ္စည်း၊ ရုပ်သံဖမ်းစက်နှင့် ဆက်စပ်ပစ္စည်းများဖမ်းမိ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၂၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၈၃ စီး၊ သွင်းကုန် ၉၅၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၅ စီး၊ သွင်းကုန် ၁၆၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၅ ရက်က မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၅ ဒသမ ၉၉၀ သန်းခန့် ဖမ်းဆီးရမိပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် ဒီဇင်ဘာ ၂၅ ရက်က ရန်ကုန်သို့ သွားရောက်မည့် ၁၀ ဘီးယာဉ် တစ်စီးအား မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ တရားမဝင် ကန့်သတ်ကုန်ပစ္စည်းများဖြစ်သည့် PSI Receiver (100)U , PSI ထိပ်ဖူး (90)U, PSI စလောင်းဗန်း (90)U နှင့် PSI ဒေါက်တိုင် (90)U စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၄၉၀ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဗင်နီဇွဲလားကို တုံ့ပြန်သည့်အနေဖြင့် ဗင်နီဇွဲလားသံအမတ်ကို ကနေဒါနှင်ထုတ်မည်

**တိုရွန်တို ဒီဇင်ဘာ ၂၆**

ကနေဒါသည် ဗင်နီဇွဲလားသံအမတ်တစ်ဦးကို နှင်ထုတ်မည်ဖြစ်ပြီး ယင်းသံအမတ်အား နေရပ်သို့ပြန်ခွင့်ကို ပိတ်ပင်မည်ဖြစ်ကြောင်း ကနေဒါနိုင်ငံခြားရေးဝန်ကြီး Chrystia Freeland က တနင်္လာနေ့တွင် ပြောကြားခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံက ကနေဒါသံအမတ်အား ၎င်း၏ လုပ်ပိုင်ခွင့်စံနှုန်းများကို ဝေဖန်သည်ဟုဆိုကာ နှင်ထုတ်လိုက်ပြီးနောက် နှစ်ရက်အကြာတွင် ကနေဒါက ထိုသို့ တုံ့ပြန်သွားမည့်အကြောင်း ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

အနောက်နိုင်ငံများနှင့် လက်တင်အမေရိက အိမ်နီးချင်းနိုင်ငံများသည် ဗင်နီဇွဲလားသမ္မတ နီကိုးလပ်စ်မာဒူရိုကို ယခုနှစ်အတွင်း ဝေဖန်ထိုးနှက်မှုများပိုမိုလုပ်ဆောင်လာခဲ့ကြပြီး လူ့အခွင့်အရေးနှင့် ဒီမိုကရေစီစံနှုန်းများကို ချိုးဖောက်နေသူအဖြစ် စွပ်စွဲပြောဆိုခဲ့ကြသည်။

ဗင်နီဇွဲလားနိုင်ငံက ပြည်ပအစိုးရအဖွဲ့များသည် လက်ယာယိမ်း အာဏာသိမ်းကြိုးပမ်းမှုတစ်ခုကို ကူညီအားပေးရန် ကြိုးပမ်းနေသည်ဟု ပြောကြားခဲ့သည်။ စနေနေ့တွင် ဘရာဇီးသံအမတ်ကိုလည်း နိုင်ငံအတွင်းမှ နှင်ထုတ်ခဲ့သည်။

**ရိုက်တာ**

# တရုတ်နိုင်ငံက မြောက်ကိုရီးယားသို့ ရေနံထွက်ကုန်တင်ပို့မှုကို နိုဝင်ဘာလက ရပ်ဆိုင်းခဲ့



ဟူဘေးပြည်နယ် ဝူဟန်ရှိ ရေနံချက်စက်ရုံလုပ်ငန်းတစ်နေရာကို တွေ့ရစဉ်။

**ပေကျင်း ဒီဇင်ဘာ ၂၆**

တရုတ်နိုင်ငံသည် ပြီးခဲ့သည့် နိုဝင်ဘာလက မြောက်ကိုရီးယားနိုင်ငံသို့ ရေနံထွက်ကုန်တင်ပို့မှု လုံးဝမရှိခဲ့ကြောင်း တရုတ်အကောက်ခွန်ဌာနမှ စာရင်းအင်းအချက်အလက်များက ဖော်ပြခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသို့ ရေနံပို့ဆောင်မှုကိုကန့်သတ်သည့် အနေဖြင့် ကုလသမဂ္ဂက ယခုနှစ်အစောပိုင်းတွင် ပိတ်ဆို့မှုများ လုပ်ဆောင်ခဲ့သည်။

ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်များကို ဖီဆန်သည့်အနေဖြင့် နျူကလီးယားနှင့် ဒုံးကျည်အစီစဉ်များကို မြောက်ကိုရီးယားက ဆက်လက်ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ တင်းမာမှုများ အသစ်တစ်ဖန် ပြန်လည်ထွက်ပေါ်လာလျက်ရှိသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်က ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် မြောက်ကိုရီးယားသို့ ရေနံထွက်ကုန်တင်ပို့မှုကို တစ်နှစ်လျှင် ရေနံစည်ပေါင်း ၅၀၀၀၀၀ မျှသာ ပို့ဆောင်ရန်ကန့်သတ်မှုအပါအဝင် မြောက်ကိုရီးယားနှင့်အတူ ကုန်သွယ်ရေးဆောင်ရွက်မှုကို ကန့်သတ်မှုအသစ်များ ချမှတ်ခဲ့သည်။

ပေကျင်းသည် ကုလသမဂ္ဂက ကုန်သွယ်ရေးဆိုင်ရာ အရေးယူပိတ်ဆို့မှုနောက်ဆုံးပြုလုပ်ခဲ့ပြီးနောက် နိုဝင်ဘာလတွင် မြောက်ကိုရီးယားသို့ သံသတ္တုရိုင်း၊ ကျောက်မီးသွေးနှင့် ခဲသတ္တုတင်ပို့မှုမရှိခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံ၏ အဓိကလောင်စာရင်းမြစ်ဖြစ်သည့် တရုတ်နိုင်ငံသည် ပြီးခဲ့သည့်လက ဓာတ်ဆီ၊ ဂျက်လောင်စာ၊ ဒီဇယ်နှင့် လောင်စာဆီမှန်သမျှကို ၎င်း၏အိမ်နီးချင်းနိုင်ငံသို့ တင်ပို့ခဲ့ခြင်းမရှိကြောင်း အကောက်ခွန်အထွေထွေအုပ်ချုပ်ရေးအဖွဲ့မှ အချက်အလက်များက အင်္ဂါနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၀၃ ခုနှစ် မတ်လအတွင်းက မြောက်ကိုရီးယားသည် ကိုရီးယားကျွန်းဆွယ်နှင့် ဂျပန်နိုင်ငံအကြားရှိ ရေပိုင်နက်ထဲသို့ ဒုံးကျည်တစ်စင်းကို ပစ်ခတ်ခဲ့ပြီးနောက် သုံးရက် အကြာတွင် တရုတ်နိုင်ငံသည် မြောက်ကိုရီးယားသို့ ရေနံထောက်ပံ့မှုကို ရပ်ဆိုင်းခဲ့သည်။

တရုတ်နိုင်ငံအနေဖြင့် ရေနံစိမ်းများကို ပြုံယမ်းသို့ ဆက်လက်ရောင်းချနေခြင်းရှိမရှိကို မသိရှိရသေးပေ။ တရုတ်နိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံသို့ ရေနံစိမ်းများတင်ပို့နေမှုကို နှစ်များစွာကြာအောင် ထုတ်ဖော်ပြောဆိုခဲ့ခြင်းမရှိကြောင်း သိရသည်။

စက်မှုကုန်ထုတ်လုပ်ငန်း သတင်းရင်းမြစ်များကမူ တရုတ်နိုင်ငံသည် မြောက်ကိုရီးယားသို့ တစ်နှစ်လျှင် ရေနံစိမ်းတန်ချိန်ပေါင်း ၅၂၀၀၀၀ ခန့်ကို ရေနံပိုက်လိုင်းဟောင်းတစ်ခုမှ တစ်ဆင့် ပို့ဆောင်နေဆဲဖြစ်ကြောင်း ဖော်ပြခဲ့သည်။

မြောက်ကိုရီးယားသည် ၎င်း၏ ရေနံသုံးစွဲမှုကို ရုရှားမှလည်း ရယူနေရကြောင်း သိရသည်။ **ရိုက်တာ**

## အာဖဂန်နစ္စတန်မြို့တော် ကဘူးလ်၌ အသေခံ ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ လူငါးဦးသေဆုံး

**ကဘူးလ် ဒီဇင်ဘာ ၂၆**

ဗုံးခွဲတိုက်ခိုက်မှုတစ်ခု အာဖဂန်နစ္စတန်နိုင်ငံ မြို့တော် ကဘူးလ်တွင် ယမန်နေ့က ဖြစ်ပွားခဲ့ရာ လူငါးဦးသေဆုံးခဲ့ကြောင်း သက်ဆိုင်ရာ အစိုးရအရာရှိတစ်ဦးက ပြောခဲ့သည်။

တိုက်ခိုက်မှုသည် မြို့တော်ကဘူးလ်ရှိ ရှာ့ရှ်ဒါရက်ခ်ဒေသတွင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဗုံးခွဲတိုက်ခိုက်သူအပါအဝင် စုစုပေါင်း လူငါးဦးသေဆုံးကာ တစ်ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း၊ လတ်တလောတွင် တိုက်ခိုက်မှုနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို အသေးစိတ်သိရှိရန် စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်နေကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောခဲ့သည်။

အသေခံဗုံးခွဲတိုက်ခိုက်မှုသည် အာဖဂန်နစ္စတန်နိုင်ငံ အမျိုးသားလုံခြုံရေးဌာနနှင့် နေတိုးအခြေစိုက်စခန်းအနီး၌ ယမန်နေ့နံနက်ပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အသေခံဗုံးခွဲတိုက်ခိုက်မှုကို လုပ်ဆောင်ခဲ့သူမှာ လူငယ်တစ်ဦးဖြစ်ပြီး တိုက်ခိုက်မှုကြောင့် လူများသေဆုံး ဒဏ်ရာရရှိမှုဖြစ်ပွားခဲ့သည့်အပြင် ပတ်ဝန်းကျင်ရှိ အဆောက်အအုံများမှာလည်း ထိခိုက်ပျက်စီးခဲ့ကြောင်း ဒေသတွင်းမီဒီယာများတွင် ဖော်ပြခဲ့သည်။

အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပြီးနောက် အဆိုပါ အသေခံဗုံးခွဲတိုက်ခိုက်မှုကို အိုင်အက်စ်အစွန်းရောက် အကြမ်းဖက်အဖွဲ့အစည်းက ဆောင်ရွက်ခဲ့ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။

**ဆင်ဟွာ**



## အဝေးထိန်းအာရုံခံစနစ်ပါရှိသည့် ဂြိုဟ်တုများကို တရုတ်လွှတ်တင်

**ရှီချန် ဒီဇင်ဘာ ၂၆**

တရုတ်နိုင်ငံသည် အဝေးထိန်းအာရုံခံစနစ်ပါရှိသည့် ဂြိုဟ်တုများကို ဒီဇင်ဘာ ၂၆ ရက်နံနက်ပိုင်းအစောပိုင်းက လွှတ်တင်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အဆိုပါဂြိုဟ်တုများကို တရုတ်နိုင်ငံအနောက်တောင်ပိုင်း စီချွမ်ပြည်နယ်ရှိ ရှီချန် ဂြိုဟ်တုလွှတ်တင်ရေးစင်တာက လွှတ်တင်ခဲ့ကြောင်း သိရသည်။

လောင်းမတ်ချ် -၂ စီ ဂြိုဟ်တုသယ်ဆောင်ရေး ဒုံးပျံဖြင့် ဒီဇင်ဘာ ၂၆ ရက်က လွှတ်တင်ခဲ့သော အဆိုပါဂြိုဟ်တုများသည် သတ်မှတ်ဂြိုဟ်ပတ်လမ်းကြောင်းအတွင်းသို့ ဝင်ရောက်သွားပြီဖြစ်ကြောင်းနှင့် ဂြိုဟ်တုများ လွှတ်တင်မှုကို အောင်မြင်အောင်လုပ်ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

ရော်ဂန်-၃၀ စီမံကိန်း၏ တတိယမြောက် လွှတ်တင်မှုအဖြစ် ယင်းဂြိုဟ်တုများသည် လျှပ်စစ်သံလိုက်ပတ်ဝန်းကျင်လေ့လာစောင့်ကြည့်မှုနှင့် အခြားစမ်းသပ်ချက်များကို လုပ်ဆောင်သွားမည် ဖြစ်သည်။

ယခုလွှတ်တင်မှုသည် လောင်းမတ်ချ်ဂြိုဟ်တု သယ်ဆောင်ရေး ဒုံးပျံ၏ အကြိမ် ၂၆၀ မြောက်လွှတ်တင်မှုဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**



## ၂၀၁၈ တွင် ဟွန်ဒိုင်းစက်ရုံက စီးပွားရေးလုပ်ငန်းသုံး သင်္ဘော ၁၀ စင်းကို အီရန်သို့ ပို့ဆောင်မည်

**တီဟီရန် ဒီဇင်ဘာ ၂၆**

တောင်ကိုရီးယားရှိ ဟွန်ဒိုင်းအကြီးအစား စက်မှုလုပ်ငန်းစု (HHI) သည် လာမည့် ၂၀၁၈ခုနှစ်မတ်လတွင် ကုန်သွယ်ရေး သင်္ဘော ၁၀ စင်းကိုအီရန်သို့ ပို့ဆောင်မည်ဖြစ်ကြောင်း ဒေသမီဒီယာက ဖော်ပြခဲ့သည်။ အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ သင်္ဘောလိုင်း (IRISL) မှ စီမံခန့်ခွဲမှုဒါရိုက်တာ မိုဟာမက်ဆာအီဒီ၏ ပြောကြားချက်ကို Financial Tribune နေ့စဉ်သတင်းစာတွင် ဖော်ပြခဲ့သည်မှာ ယင်းသင်္ဘောများအနက် လေးစင်းမှာ ၁၄၅၀၀ တီအီးယူဆံ့သည့် ကုန်သင်္ဘောများဖြစ်ကြောင်း သိရသည်။

IRISL မှ လက်ရှိ သင်္ဘောစုတွင် စီးပွားရေးလုပ်ငန်းသုံး သင်္ဘော ၁၅၀ ကျော်ပါဝင်ပြီး နှစ်စဉ်ကုန်စည်တန်ချိန် ပေါင်း ၅ ဒသမ ၂ သန်းကို သယ်ဆောင်လျက်ရှိသည်။

၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်းက IRISL သည် အမေရိကန် ဒေါ်လာ သန်း ၆၅၀ တန်ဖိုးခန့်ရှိသည့် သင်္ဘောတည်ဆောက်ရေးစာချုပ်ကို ကမ္ဘာ့အကြီးဆုံး သင်္ဘောစက်ရုံဖြစ်သည့် HHI နှင့် စာချုပ်ချုပ်ဆို လက်မှတ်ရေးထိုးခဲ့သည်။

ယင်းစာချုပ်အောက်တွင် HHI သည် ၁၄၅၀၀ တီအီးယူရှိသည့်ကုန်တင် သင်္ဘောများကို တောင်ကိုရီးယားဘဏ်နှင့် ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ၏ ငွေကြေးထည့်ဝင်မှုဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# အမေရိကန်နိုင်ငံသို့ ဆင်းရဲမွဲတေမှုတွေ တစ်ကျော့ပြန် လာမှာလား

**တင်လင်းအောင်**



**တတိယကမ္ဘာစစ်ကို ချဉ်းကပ်လာတဲ့ ဆင်းရဲမွဲတေမှု ပုံရိပ်တွေ၊ အငွေ့အသက်တွေဟာ အမေရိကန်အဖွဲ့အစည်းအတွင်း စိမ့်ဝင်ပျံ့နှံ့လျက်ရှိပြီး နိုင်ငံရဲ့ဒီမိုကရေစီအရေး ကတိပေးမှုတွေနဲ့ ရှေ့ဖြစ်လာမယ့်အလားအလာတွေဟာ မထင်မရှားခပ်ရေးရေးမျှသာ ဖြစ်လာမှာ ဖြစ်ပါတယ်။အဲဒီအခြေအနေကို စီးပွားရေးပညာရှင်တွေကတော့ "အလွန်အမင်းဆင်းရဲခြင်း"လို့ ကင်ပွန်းတပ်ခဲ့ပါတယ်။ အမေရိကန်အများစုကတော့ ဖြေရှင်းဖို့ရာ မလွယ်သေးတဲ့ ကိစ္စရပ်တွေလို့ ယူဆခဲ့ကြပါတယ်။ အဲဒီလိုအခြေအနေ အရပ်ရပ်တွေဟာ ဖွံ့ဖြိုးမှုနည်းတဲ့ ကမ္ဘာကြီးရဲ့ဝိသေသတွေလို့ ပြောရမလိုပင်ဖြစ်ပါတယ်။**

**"အမေရိကန် နိုင်ငံရဲ့ လတ်တလော အခွန်စနစ်ကလည်း လက်ရှိ ပြဿနာတွေကို ဆိုးရွား စေပါတယ်။ ပြည့်စုံကြွယ်ဝတဲ့ နိုင်ငံတစ်ခုမှာ ဆင်းရဲမှုတွေ မြင့်တက်လာနေခြင်းက ဘာကို ဖော်ပြနေသလဲ ဆိုရင် လူမှုသက်သာချောင်ချိရေး အစီအစဉ်တွေ လျော့နည်းသွားလို့ ရလာတဲ့အကျိုးဆက်ပဲ ဆိုတာပဲ ဖြစ်ပါတယ်"**

သို့သော်လည်း အလွန်အမင်းဆင်းရဲမှုဟာ ကမ္ဘာကြီးရဲ့အချမ်းသာဆုံးနဲ့ အင်အားအကြီးမားဆုံး နိုင်ငံတစ်နိုင်ငံအတွက် လက္ခဏာတစ်ရပ်လို့ဆိုနိုင်မလား။ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ အဆိုပါမေးခွန်းကို အဖြေပေးဖို့အတွက် ကုလသမဂ္ဂဟာ အမေရိကန်ပြည်ထောင်စုမှာ အလွန်အမင်းဆင်းရဲမှုနဲ့ ပတ်သက်ပြီး လေ့လာစမ်းစစ်မှုတွေ လုပ်ခဲ့ပါတယ်။

အလွန်အမင်း ဆင်းရဲမှုနဲ့ လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂအထူးအကြံပေးပုဂ္ဂိုလ် ဖီးလစ်အယ်လ်စတန်နဲ့ သူ့အဖွဲ့ဟာ အမေရိကန်ပြည်ထောင်စုအတွင်း ၁၅ ရက်တာမျှ ခရီးဆန့်ခဲ့ပါတယ်။ သူတို့အဖွဲ့ဟာ အယ်လ်ဘားမား၊ ကယ်လီဖိုးနီးယား၊ ပွာတိုရီကို၊ အနောက်ဗာဂျီးနီးယားနဲ့ ဝါရှင်တန် ဒီစီတို့ကို သွားရောက်ခဲ့ကြပါတယ်။ သူတို့အဖွဲ့ရဲ့ ရှာဖွေတွေ့ရှိမှုတွေကို နောက်ပိုင်းမှာ ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီလေ့လာတွေ့ရှိမှုမှာ ဆင်းရဲသားတွေရဲ့သောကဗျာပါဒတွေ၊ ပြစ်မှုတွေ၊ ရဲတွေရဲ့ စောင့်ကြည့်မှုတွေ သာမက အိုးမဲ့အိမ်မဲ့တွေမှသည် ရေဆိုးနုတ်စနစ်များ စိတ်မချရမှုစတဲ့ ကိစ္စရပ်တွေအထိပါ ထည့်သွင်းဖော်ပြခဲ့ပါတယ်။

ဆင်းရဲမွဲတေမှုတွေ မြင့်တက်လာမှုဟာ အသွေးအရောင်မတူသူတွေနဲ့ အမျိုးသမီးတွေကြားမှာ မညီမျှမှုတွေဖြစ်စေတယ်ဆိုတာ သူတို့တွေ့ရှိခဲ့ပါတယ်။ နေရာတိုင်းမှာဖြစ်နေတဲ့ ဆင်းရဲမှုတွေနဲ့ မညီမျှမှုကို ဖော်ပြထားတဲ့ အစီရင်ခံစာဟာ အမေရိကန်ပြည်ထောင်စုလိုမျိုး ချမ်းသာကြွယ်ဝမှုတွေပြည့်စုံပြီး လူ့အခွင့်အရေးကို ဦးစားပေးတဲ့နိုင်ငံတစ်နိုင်ငံကို ထိတ်လန့်တုန်လှုပ်စေခဲ့ပါတယ်။

အမေရိကန်ပြည်ထောင်စုမှာဖြစ်နေတဲ့ ဆင်းရဲမှုတွေဟာ တခြားဖွံ့ဖြိုးမှုနည်းတဲ့ နိုင်ငံတွေမှာဖြစ်နေတဲ့ ဆင်းရဲမှုတွေနဲ့တော့ မတူညီနိုင်ပါဘူး။ မညီမျှမှုတွေနဲ့ ဆင်းရဲမွဲတေမှုတွေ လုံးဝ လွတ်မြောက်သွားတဲ့ နိုင်ငံတော့ ရှိမှာ မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ ဆယ်စုနှစ်နှစ်စု ကျော်ကာလကတည်းက လျင်လျင်မြန်မြန်ဖြစ်လာတဲ့ ဆင်းရဲမှုဖွံ့ဖြိုးတိုးတက်မှုတွေဟာ အခွင့်အရေးတန်းတူရစေရမယ်လို့ ဖွင့်ဟကြေညာထားတဲ့ အချက်တွေ (ဝါ) ယုံကြည်ချက်တွေကို မေးမှိန်လာစေခဲ့ပါတယ်။

၁၉ ရာစုနှောင်းပိုင်းနဲ့ ၂၀ ရာစုအစောပိုင်းမှာ အမေရိကန်နိုင်ငံရဲ့ လွတ်လပ်တဲ့ အရင်းရှင်ဝါဒဟာ စီးပွားရေးဆိုင်ရာ ချဲ့ထွင်မှုတွေကို အလျင်အမြန်ဖြစ်စေခဲ့ပါတယ်။ အဲလိုဖြစ်စေခြင်းက လူတန်းစားကွဲပြားခြားနားမှုတွေဖြစ်စေခဲ့ပြီး ဆင်းရဲသားတွေကြား စီးပွားရေးဆိုင်ရာမလုံခြုံမှုတွေ အကြီးအကျယ်ဖြစ်စေခဲ့ပါတယ်။ ထို့နောက်မှာတော့ စီးပွားရေးပျက်ကပ်ကို ဦးတည်တဲ့ ပုံစံတွေဖြစ်လာပါတော့တယ်။

အဲဒီလို စီးပွားရေးဆိုင်ရာ အကျပ်အတည်းဖြစ်နေချိန်မှာ ခေတ်သစ်ကောင်းမွန်တဲ့ နိုင်ငံတော်ဟာ ထပ်မံပေါ်ပေါက်လာပါတယ်။ အခြေခံလူတန်းစားတွေက သောင်းသောင်းဖြဖြ ဆန္ဒပြမှုတွေကြောင့် နိုင်ငံရေးသမားတွေနဲ့ စီးပွားရေးသမားတွေက အရင်းရှင်စနစ်ကို ပိုမိုကောင်းမွန်အောင်လုပ်ဆောင်ဖို့ ယုံကြည်လာကြပါတယ်။ အဲလိုယုံကြည်လာတဲ့အထဲမှာ အမေရိကန်တွေအနေနဲ့ အခြေခံလူနေထိုင်မှု ပြည့်စုံမှုရှိရမယ်ဆိုတဲ့ ယူဆချက်လည်း ပါဝင်လာပါတယ်။ ပေါ်ထွန်းလာတဲ့ နိုင်ငံတော်သစ်ဟာ အခြေခံအားဖြင့် လူဖြူလူလတ်တန်းစားတွေရဲ့ နေထိုင်ရေးနဲ့ ပညာရေးကိုသာဇောင်းပေးနေချိန်မှာ အသွေးအရောင်မတူညီတဲ့ ဆင်းရဲသားတွေကိုလည်း မြှင့်တင်မှုတွေလုပ်ဆောင်ခဲ့ပါတယ်။

ဘယ်လိုနည်းလမ်းတွေနဲ့ လုပ်ဆောင်ခဲ့တာလဲ။ လူမှုလုံခြုံမှုနည်းလမ်းတွေကို အခြေခံပြီး လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ ဥပမာ အသက်ကြီးပိုင်းတွေအတွက် လူမှုသက်သာချောင်ချိရေးတွေ၊ ခင်ပွန်းသည်မရှိတဲ့ ဇနီးသည်အမေတွေအတွက် ထောက်ပံ့ကြေးတွေ၊ မသန်စွမ်းသမားတွေအတွက် ထောက်ပံ့မှုတွေ၊ အလုပ်သမားတွေအတွက် အနည်းဆုံးလုပ်ခလစာသတ်မှတ်မှုတွေစတဲ့ နည်းလမ်းတွေကို လုပ်ဆောင်ခဲ့ပါတယ်။ နောက်ပိုင်းမှာ ဒီလူမှုလုံခြုံရေးနည်းလမ်းကွန်ရက်တွေကို အစားအစာဝယ် တံဆိပ်ခေါင်း (ဝယ်သူက အစားအစာဝယ်ယူရာမှာ စုဆောင်းထားတဲ့ အဲဒီတံဆိပ်ခေါင်းအရေအတွက်ဟာ သတ်မှတ်ထားတဲ့ ပမာဏအထိ လုံလောက်မှုရှိလာတဲ့အခါ နောက်ထပ်အစားအစာတစ်ခုနဲ့ လဲယူနိုင်ပါတယ်)နဲ့ အများပြည်သူနေထိုင်မှုတွေ၊ ကျန်းမာရေးစနစ်များစတာတွေအထိ ချဲ့ထွင်လာကြပါတယ်။

မညီမျှမှုတွေ၊ ဒုက္ခဆိုးတွေရှိနေသော်လည်း ပြည်သူ့အကူအညီတွေဟာ လူအများစုကို အလွန်အမင်းဆင်းရဲမွဲတေမှု နွံထဲက လွှတ်ကင်းအောင် အောင်အောင်မြင်မြင်လုပ်ဆောင်နိုင်ခဲ့ပါတယ်။ ပြည့်စုံကြွယ်ဝတဲ့နိုင်ငံဟာ ဒုတိယကမ္ဘာစစ်နှောင်းပိုင်းကာလရဲ့ စီးပွားရေးဖွံ့ဖြိုးမှုကို အရှိန်ကောင်းအောင် လောင်စာထည့်လိုက်သလိုပါပဲ။ အလုပ်သမားနဲ့ အလယ်အလတ်လူတန်းစားတွေလက်ထဲ လုပ်ကိုင်နိုင်မှုတွေ ငွေအရင်းအမြစ်တွေ ရောက်လာပါတယ်။ ထို့အတူပါပဲ ပညာရေးပိုင်းဆိုင်ရာနဲ့ စီးပွားရေးဆိုင်ရာ လုံခြုံတိုးတက်မှုတွေဟာလည်း ဒီရေအလားတရိပ်ရိပ်နဲ့ တက်လာပါတော့တယ်။

သို့သော်လည်း ၁၉၇၀ ပြည့်လွန်နှစ်များကတည်းက သက်သာချောင်ချိရေးကွန်ရက်တွေဟာ သိသိသာသာကိုပဲ လျော့နည်းလာပါတယ်။ အလုပ်သမားတွေကို ကာကွယ်ပေးတဲ့ အလုပ်သမားစည်းကမ်းတွေ လုပ်ထုံးလုပ်နည်းတွေဟာလည်း လျော့ရဲလာပါတယ်။ ပညာရေးနဲ့ ပြည်သူ့အစီအစဉ်တွေအတွက် ထည့်ဝင်ခဲ့တဲ့ ရန်ပုံငွေတွေဟာလည်း တဖြည်းဖြည်းလျော့နည်းကျဆင်းလာပါတယ်။ ဆင်းရဲမှုတွေဟာလည်း နောက်ထပ်တစ်ဖန်နှိပ်စက်လို့လာခဲ့ပါတယ်။

၁၉၉၆ ခုနှစ် သက်သာချောင်ချိရေး ပြုပြင်ပြောင်းလဲမှုအရ ကလေးရှိတဲ့ ခင်ပွန်းသည်မရှိ၊ ဇနီးမရှိတဲ့ တစ်ဦးတည်းမိဘတွေဟာအရင်လိုမဟုတ်ဘဲ အကူအညီ ငါးနှစ်သာရရှိတော့မှာဖြစ်ပြီး စည်းမျဉ်း၊ စည်းကမ်းပြဋ္ဌာန်းချက်အရ အလုပ်မဖြစ်မနေလုပ်ရတော့မှာ ဖြစ်ပါတယ်။ သက်သာချောင်ချိရေးအကျိုးခံစားတဲ့ မိသားစုတွေဟာ ၁၉၉၆ခုနှစ်မှာ ၄ ဒသမ ၆ သန်းရှိခဲ့ပြီး ယခုနှစ်မှာတော့ ၁ ဒသမ ၁ သန်းသာ ရှိပါတော့တယ်။ သက်သာချောင်ချိရေးအကျိုးခံစားတဲ့ မိသားစုဝင်အရေအတွက် ကျဆင်းလာမှုဟာ ဆင်းရဲမွဲတေမှုတွေ လျော့နည်းသွားတယ်လို့တော့ မဆိုလိုပါဘူး။

ခိုင်မာမှုမရှိတော့တဲ့ သက်သာချောင်ချိရေးကွန်ရက်တွေဟာ နောက်တစ်ဖန်ဆင်းရဲနှုန်းမြင့်တက်မှုဆီကို ဦးတည်လို့ လာခဲ့ပါပြီ။ အမေရိကန်သန်း ၄၀ဟာ ဆင်းရဲမွဲတေမှုတွေနဲ့ နေနေရပါတယ်။ အမေရိကန်ပြည်ထောင်စုဟာ ကလေးဆင်းရဲမှုနှုန်းအမြင့်ဆုံးဖြစ်တယ်လို့ ကုလသမဂ္ဂ စစ်တမ်းကောက်ယူသူတွေက ဆိုပါတယ်။ ထို့အတူ အလွန်အမင်းဆင်းရဲတဲ့ တစ်နေ့အမေရိကန်ဒေါ်လာနှစ်ဒေါ်လာထက်နည်းပြီးရတဲ့ လူတွေလည်းရှိပြီးတော့ အခြေခံလူနေထိုင်မှု အဆင့်အတန်းတွေဖြစ်တဲ့ ရေဆိုးနုတ်စနစ်၊ နေရာထိုင်ခင်း၊ ပညာရေးနဲ့ ကျန်းမာရေးအစီအမံစတာတွေကို ရရှိခံစားမှုလည်း မရှိကြပါဘူး။

ငါးနှစ်တာအကူအညီကို ရယူထားတဲ့လူတွေအနေနဲ့လည်း အလုပ်အကိုင်မရရှိကြပါဘူး။ သူတို့ဟာ လူမှုလုံခြုံရေးဆိုင်ရာ အစီအစဉ်တွေနဲ့ အဆက်ပြတ်တော့မှာဖြစ်သလိုအလုပ်အကိုင်ဈေးကွက်တွေနဲ့လည်း အလှမ်းကွာဝေးလျက်ရှိပါတယ်။ လူမှုကူညီရေးအစီအစဉ်တွေလျှော့ချလိုက်ခြင်းဟာ ဆင်းရဲမွဲတေမှုတွေပေါ်ပေါက်ရာ မညီမျှမှုတွေကို တစ်ဖန်နောက်ကြောင်းပြန်ရောက် စေပါတယ်။ အမေရိကန်စိတ်ကူးလို့ခေါ်တဲ့ American Dream ဟာ အခုအခါမှာတော့ စိတ်ကူးသက်သက်ဖြစ်လို့ လာခဲ့ပြီလား ဆိုတာ မသိတော့ပါဘူး။ တစ်ချိန်က ပြည့်စုံကြွယ်ဝခဲ့တဲ့ အမေရိကန်နိုင်ငံဟာ လူမှုသက်သာချောင်ချိရေးအစီအစဉ်တွေမှာ တကယ့်ချမ်းသာတဲ့ နိုင်ငံတွေရဲ့ အနိမ့်ဆုံးအဆင့်ကို ရောက်ရှိနေပြီဖြစ်ပါတယ်။

လွန်ခဲ့တဲ့ ၁၉၈၀ခုနှစ်တုန်းက ထိပ်တန်းအရွယ်ရောက်သူ ၁ ရာခိုင်နှုန်းဟာ အောက်ခြေမှာကြီးပြင်းလာသူ ၅၀ ရာခိုင်နှုန်းထက် ၂၇ဆလောက် ပိုပြီးရှာဖွေနိုင်ပါတယ်။ ယနေ့ခေတ်မှာတော့ ၈၁ ဆလောက်ပိုမိုရှာဖွေလာနိုင်ပါတယ်။ ဒါဟာဘာကိုပြသလဲဆိုရင် ဆင်းရဲချမ်းသာမှု ကွာဟလာမှုနဲ့ မညီမျှမှုကွာဟလာခြင်းကို ပြပါတယ်။

အောက်ခြေအလုပ်သမားဈေးကွက်မှာ လုပ်ခလစာတွေကျဆင်းလာမှုဟာ တိုးတက်နေတဲ့ စီးပွားရေးကို အဆုံးသတ်အထိရောက်သွား စေနိုင်သလို အလုပ်သမားတွေအနေနဲ့လည်း သူတို့ကိုယ်တိုင်သူတို့လည်း ရပ်တည်ဖို့ခက်ခဲလာကြပါတယ်။ မိသားစုသုံးယောက်ကို ဝင်ငွေနည်းသူ တစ်ဦးက လောက်ငအောင် မထောက်ပံ့နိုင်တော့ပါဘူး။ သူတို့ဟာ တစ်ခါတစ်ရံ အစားအစာဝယ်တံဆိပ်ခေါင်းလေးတွေအပေါ် မှီခိုနေရပါတယ်။

အမေရိကန်နိုင်ငံရဲ့လတ်တလော အခွန်စနစ်ကလည်း လက်ရှိပြဿနာတွေကို ဆိုးရွားစေပါတယ်။ ပြည့်စုံကြွယ်ဝတဲ့နိုင်ငံတစ်ခုမှာ ဆင်းရဲမှုတွေ မြင့်တက်လာနေခြင်းက ဘာကိုဖော်ပြနေသလဲဆိုရင် လူမှုသက်သာချောင်ချိရေးအစီအစဉ်တွေလျော့နည်းသွားလို့ ရလာတဲ့ အကျိုးဆက်ပဲဆိုတာပဲ ဖြစ်ပါတယ်။

ယနေ့ခေတ်မှာတော့အမေရိကန်နိုင်ငံဟာ လွန်ခဲ့တဲ့နှစ် ၂၀ ထက်နှစ်ဆများတဲ့ ဆင်းဆင်းရဲရဲနဲ့ နေနေရတဲ့ မိသားစုတွေရှိနေပါပြီ။ အကယ်၍များ ဒီနှုန်းအတိုင်းသာ ဆက်သွားနေမယ်ဆိုပါက လက်ရှိ အခြေအနေထက်ပိုဆိုးဖို့ပဲရှိပြီးတော့ ဒီမိုကရေစီစံနှုန်းတွေနဲ့လူ့အခွင့်အရေးကို အန္တရာယ်ဖြစ်စေလာနိုင်ပါတယ်။

**ကိုးကား-သည်ဝါရှင်တန်ပို့စ်**

## နိုင်ငံတကာ သတင်းတိုထွာ

### ဖလော်ရီဒါလေဆိပ်တွင် လေယာဉ်တစ်စင်းပျက်ကျရာ လိုက်ပါလာသူ အားလုံးသေဆုံး

**ဝါရှင်တန် ဒီဇင်ဘာ ၂၆**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်ရှိ လေဆိပ်တစ်ခုတွင် ဒီဇင်ဘာ ၂၅ ရက်က ပုဂ္ဂလိကလေယာဉ်တစ်စင်း ပျက်ကျခဲ့သဖြင့် လူအများအပြားသေဆုံးခဲ့ကြောင်း သက်ဆိုင်ရာအာဏာပိုင်များက ပြောကြားခဲ့သည်။

ပျက်ကျမှုဖြစ်ပွားခဲ့သည့်လေယာဉ်သည် နှစ်လုံးတွဲအင်ဂျင်တပ်လေယာဉ်တစ်စင်းဖြစ်ကြောင်း၊ အဆိုပါလေယာဉ်သည် တန်ပါမြို့အရှေ့ဘက် ၆၄ကီလိုမီတာခန့်အကွာရှိ ဘာသရိုးမြို့နီစပယ်လေဆိပ်မှ နံနက် ၇ နာရီ ၁၅မိနစ်တွင် ပျံတက်စဉ် မြူခိုးများထူထပ်နေသဖြင့် ပျက်ကျခဲ့ပြီး မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း ပေ့ါခ်စီရင်စုရဲအရာရှိ ဂရာဒီဂျက်ဒ်က ပြောကြားခဲ့သည်။

လေယာဉ်ပေါ် လိုက်ပါလာသူ အားလုံးသေဆုံးခဲ့ကြောင်း၊ သေဆုံးသူအရေအတွက်မည်မျှရှိသည်ကို မသိရသေးကြောင်း အဆိုပါရဲအရာရှိက ပြောခဲ့သည်။

အမျိုးသားပို့ဆောင်မှု ဘေးအန္တရာယ်ကင်းရှင်းရေး ဘုတ်အဖွဲ့နှင့် ဖက်ဒရယ်လေကြောင်း ဦးစီးဌာနက အဆိုပါဖြစ်ရပ်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ

### သင်္ဘောနှစ်စင်း ခေါင်းချင်းဆိုင်တိုက်မိသော်လည်း ခရီးသည်များကို ကယ်ဆယ်နိုင်ခဲ့

**ဟန်နွိုင်း ဒီဇင်ဘာ ၂၆**

ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ကွမ်နင်ပြည်နယ်ရှိ နာမည်ကျော်ဟာလုံဘေပင်လယ်ပြင်တွင် ကုန်တင်သင်္ဘောတစ်စင်းနှင့် ကမ္ဘာလှည့်ခရီးသည်များလိုက်ပါလာသည့် အပျော်စီးသင်္ဘောတစ်စင်းတို့ တိုက်မိမှုဖြစ်ပွားခဲ့ရာ တရုတ်နိုင်ငံသား ကမ္ဘာလှည့်ခရီးသွား ၃၁ ဦး၊ ဧည့်လမ်းညွှန်တစ်ဦးနှင့် သင်္ဘောအမှုထမ်းလေးဦးတို့ကို ဘေးကင်းစွာကယ်ဆယ်နိုင်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။

အပျော်စီးသင်္ဘော ဟောင်းလောင် ၃၀၀၉ သည် ကမ္ဘာလှည့်ခရီးသည် များကို တင်ဆောင်ကာ မောင်းနှင်လာစဉ် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီခန့်တွင် တီတော့ပ်ကျွန်းအနီးတွင် ဟိုင်ဖုန်မြို့ကွမ်နင်ပြည်နယ် ဟွန်နက်ဆိပ်ကမ်းသို့ ဦးတည်ခုတ်မောင်းလာသော ကုန်တင်သင်္ဘော ဟန်ဗွန်အိတ်ချ်ပီ ၃၈၈၈ နှင့် ခေါင်းချင်းဆိုင်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း ဗီယက်နမ်သတင်းတစ်ခုတွင် ဖော်ပြခဲ့သည်။

ကုန်တင်သင်္ဘောသည် အလေးချိန် ၁၇၀၀ ခန့်ရှိသော ကုန်ပစ္စည်းများကို သယ်ဆောင်လာကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားခဲ့သည်။ သင်္ဘောတိုက်မိသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

(၂) ပုဒ်မ ၁၇၂ အရ ဒါရိုက်တာတစ်ဦးက ကြေညာသည့် အကျိုးခံစားခွင့်တစ်ရပ်ရပ်နှင့်

(၃) ပုဒ်မ ၁၈၇ အရ ဒါရိုက်တာတစ်ဦးထံသို့ ပေးအပ်သည့် အကျိုးခံစားခွင့်တစ်ရပ်ရပ်။

( ခ ) ဒါရိုက်တာ၊ အလှည့်ကျဒါရိုက်တာနှင့် အတွင်းရေးမှူးတစ်ဦးစီသည် ပုဒ်မခွဲ (က) အရ ထိန်းသိမ်းထားရှိရသော မှတ်ပုံတင်စာရင်းတွင် ရေးသွင်းဖော်ပြရန် လိုအပ်သည့် အချက်အလက်များကို ကုမ္ပဏီသို့ ပေးအပ်ရမည်။

( ဂ ) ကုမ္ပဏီသည် ပုဒ်မ ၉၇ အရ ဆောင်ရွက်သော နှစ်စဉ်အစီရင်ခံစာအား တင်ပြရန် တာဝန်၏ တစ်စိတ်တစ်ဒေသအဖြစ် အဆိုပါ မှတ်ပုံတင်စာရင်းတွင် ဖော်ပြထားသော အကြောင်းအရာများပါဝင်သည့် သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် နှစ်စဉ်အစီရင်ခံစာအား မှတ်ပုံတင်အရာရှိထံ ပေးပို့တင်ပြရမည်။ ကုမ္ပဏီသည် မှတ်ပုံတင်စာရင်းတွင်ဖော်ပြပါရှိသော ဒါရိုက်တာများ၊ အလှည့်ကျဒါရိုက်တာများနှင့် အတွင်းရေးမှူးများ ပြောင်းလဲခြင်း သို့မဟုတ် အချက်အလက်တစ်ရပ်ရပ် ပြောင်းလဲခြင်းများအတွက် ထိုသို့ပြောင်းလဲသည့်နေ့မှ ၂၈ ရက်အတွင်း သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် အကြောင်းကြားချက်တစ်ရပ်ကို မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

(ဃ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်အရ ထိန်းသိမ်းထားရှိရမည့် မှတ်ပုံတင်စာရင်းကို ရုံးလုပ်ငန်းအချိန်ကာလအတွင်း ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦး၏ စစ်ဆေးဆောင်ရွက်မှုအတွက် အခမဲ့ခွင့်ပြုရမည်ဖြစ်ပြီး အခြားသူတစ်ဦးဦး၏ စစ်ဆေးဆောင်ရွက်မှုကို စစ်ဆေးမှုတစ်ရပ်အတွက် ကုမ္ပဏီက သတ်မှတ်ထားသည့် သင့်လျော်သော ငွေပမာဏတစ်ရပ်ကိုပေးသွင်းစေလျက် ခွင့်ပြုရမည်။ သို့ရာတွင် ကုမ္ပဏီသည် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် သို့မဟုတ် အထွေထွေအစည်းအဝေးတွင် စစ်ဆေးဆောင်ရွက်ခြင်းအတွက် တစ်နေ့လျှင် အချိန် နှစ်နာရီအောက်မနည်းသော ကာလကို ခွင့်ပြုရန် သတ်မှတ်နိုင်သည်။

( င ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရ လိုအပ်သော စစ်ဆေးဆောင်ရွက်မှုတစ်ရပ်ရပ်ကို ငြင်းပယ်ခဲ့လျှင် တရားရုံးသည် စစ်ဆေးမှုအတွက် ငြင်းပယ်ခံရသူ၏ လျှောက်ထားချက်နှင့် ကုမ္ပဏီ၏ အကြောင်းကြားချက်တို့အရ မှတ်တမ်းကို ချက်ချင်းစစ်ဆေးဆောင်ရွက်မှု ပြုလုပ်စေရန် အမိန့်တစ်ရပ်ချမှတ်၍ ညွှန်ကြားနိုင်သည်။

**ဤအခန်းပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ခြင်း**

**ဤအခန်းတွင်ပါရှိသည့် သတ်မှတ်ချက်တစ်ရပ်ရပ်အား ဖောက်ဖျက်မှုအတွက် အကျိုးဆက်များ**

၁၉၀။ (က) အခန်း (၁၈) ၏ ပုဒ်မတစ်ရပ်ရပ်တွင် ပါရှိသော ပြဋ္ဌာန်းချက်များအား လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ခဲ့လျှင် အဆိုပါပျက်ကွက်မှုတွင် ပတ်သက်သော ဒါရိုက်တာအားလုံး သို့မဟုတ် သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် အကျုံးဝင်သော အခြားပုဂ္ဂိုလ်တစ်ဦးစီသည် ဒဏ်ကြေးငွေကျပ်သိန်း ၁၀၀ ကို ပေးဆောင်ရမည်။

( ခ ) ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်အား ကန့်သတ်ခြင်းမရှိစေဘဲ ပျက်ကွက်မှုအား သိလျက်ဖြင့်တမင်ပြုလုပ်ခဲ့သော ဒါရိုက်တာအားလုံး သို့မဟုတ် ဤအခန်းပါ သက်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့် အကျုံးဝင်သောအခြားပုဂ္ဂိုလ်တစ်ဦးဦးကို အောက်ပါအတိုင်းပြုလုပ်ရမည် -

(၁) ပျက်ကွက်မှုတွင် ဒါရိုက်တာ သို့မဟုတ် သက်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့် အကျုံးဝင်သောအခြားပုဂ္ဂိုလ်တစ်ဦးဦး၏ မရိုးသားမှုများပါဝင်ခဲ့လျှင် ဤဥပဒေအရတရားရုံးက သီးခြားပြစ်ဒဏ်ချမှတ်နိုင်သည်။

(၂) မှတ်ပုံတင်အရာရှိက လျှောက်ထားတင်ပြလာလျှင် တရားရုံးက သတ်မှတ်သည့်ကာလအတွင်း ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာ၊ အရာရှိ သို့မဟုတ် အခြားအရာရှိအဖြစ်ဆောင်ရွက်ရန် တားမြစ်နိုင်သည်။

( ဂ ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် ဒါရိုက်တာများ၊ ဤအခန်း၏ သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် အကျုံးဝင်သော ပုဂ္ဂိုလ်တစ်ဦးဦး၏ အခြားသော တာဝန်ရှိမှု တစ်ရပ်ရပ်ကိုဖြစ်စေ၊ အောက်တွင်ဖော်ပြပါရှိသော ပုဒ်မ ၁၉၃ နှင့် ၂၀၀ တို့ပါ ပြဋ္ဌာန်းချက်များ အပါအဝင် ဤဥပဒေ သို့မဟုတ် အခြား သက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရ အခြားပုဂ္ဂိုလ်တစ်ဦးဦးက ၎င်းတို့အပေါ် တရားစွဲဆိုဆောင်ရွက်မှု တစ်ရပ်ရပ်ကိုဖြစ်စေ ကန့်သတ်ထားခြင်းမရှိစေရ။

**သတင်းအချက်အလက်များ သို့မဟုတ် အကြံဉာဏ်များအပေါ် ယုံကြည်အားထားခြင်း**

၁၉၁။ (က) ဒါရိုက်တာတစ်ဦးသည် ဤအခန်းပါ ပြဋ္ဌာန်းချက်အရ တာဝန်တစ်ရပ်ရပ် သို့မဟုတ် အလားတူ ဥပဒေအရ တာဝန်တစ်ရပ်ရပ်ကို ဖောက်ဖျက်မှု ပြုသည် မပြုသည်ကို ဆုံးဖြတ်နိုင်ရန်အတွက် ပြုလုပ်သော တရားစွဲဆို ဆောင်ရွက်မှုများတွင် သတင်းအချက်အလက် သို့မဟုတ် ကျွမ်းကျင်သူ၏ အကြံဉာဏ်အပေါ် ဒါရိုက်တာ သို့မဟုတ် အရာရှိမှ ယုံကြည်အားထားမှုမှာ လျော်ကန်မှုရှိကြောင်း ပေါ်ပေါက်လျှင် အောက်ပါကိစ္စရပ်များ ဖြစ်ပေါ်ပါက ထိုသို့သော သတင်းအချက်အလက် သို့မဟုတ် ကျွမ်းကျင်သူ၏ အကြံဉာဏ်အပေါ် ဒါရိုက်တာ သို့မဟုတ် အရာရှိမှယုံကြည်အားထားမှုမှာ လျော်ကန်မှု ရှိသည်ဟု သတ်မှတ်ရမည်-

(၁) သတင်းအချက်အလက် သို့မဟုတ် အကြံဉာဏ်ကို အောက်ပါပုဂ္ဂိုလ်များက ပေးလျှင် သို့မဟုတ် ပြုစုခဲ့လျှင် -

(ကက) သက်ဆိုင်ရာကိစ္စရပ်အတွက် ယုံကြည်အားထားရန် သင့်လျော်သည့် အခြေခံအကြောင်းများရှိပြီး အရည်အချင်းပြည့်ဝကြောင်း ဒါရိုက်တာက ယုံကြည်သည့် ကုမ္ပဏီ၏ဝန်ထမ်းတစ်ဦးဦး သို့မဟုတ်

( ခခ ) လုပ်ငန်းကျွမ်းကျင်မှု သို့မဟုတ် အရည်အချင်းပြည့်ဝမှုရှိကြောင်း ဒါရိုက်တာက ယုံကြည်ရန် သင့်လျော်သည့် အခြေခံအကြောင်းများရှိသော သက်ဆိုင်ရာ ကိစ္စရပ်နှင့်စပ်လျဉ်းသည့် အတတ်ပညာဆိုင်ရာ အကြံပေး သို့မဟုတ် ကျွမ်းကျင်သူတစ်ဦးဦး သို့မဟုတ်

( ဂဂ ) ဒါရိုက်တာ သို့မဟုတ် အရာရှိတို့၏ လုပ်ပိုင်ခွင့်အတွင်းမှ ကိစ္စရပ်များနှင့် ဆက်စပ်သည့် အခြားဒါရိုက်တာ သို့မဟုတ် အရာရှိ သို့မဟုတ်

(ဃဃ) အဆိုပါဒါရိုက်တာ မပါဝင်သည့် ဒါရိုက်တာများ၏ ကော်မတီတစ်ရပ်ရပ်၏လုပ်ပိုင်ခွင့်အတွင်းမှ ကိစ္စရပ်များကို ဆောင်ရွက်နေသည့် ကော်မတီနှင့်

(၂) ဒါရိုက်တာများ၏ ကုမ္ပဏီနှင့်စပ်လျဉ်း၍ သိရှိနားလည်မှု၊ ကုမ္ပဏီ၏ ဖွဲ့စည်းပုံနှင့်လုပ်ငန်းဆောင်ရွက်မှုများ ခက်ခဲနက်နဲမှုတို့ အပါအဝင် သတင်းအချက်အလက် သို့မဟုတ် အကြံဉာဏ်ကိုလွတ်လပ်သော လေ့လာအကဲဖြတ်မှုပြုပြီးနောက် ယုံကြည်အားထားမှုကို သဘောရိုးဖြင့် ပြုလုပ်ခဲ့လျှင်။

( ခ ) ပုဒ်မခွဲ (က) တွင် ဖော်ပြပါရှိသည့် မှတ်ယူဆောင်ရွက်ခြင်းများကို ချေပနိုင်ပြီး ပုဂ္ဂိုလ် တစ်ဦးဦးသည် တရားစွဲဆို၍ မမှန်ကန်ကြောင်း ပြဆိုနိုင်သည်။

**အခန်း (၁၉)**

**ကုမ္ပဏီတွင်ပါဝင်သူများ၏ အခွင့်အရေးနှင့် ကုစားခွင့်များ**

**တရားမျှတမှုမရှိသော ကိစ္စရပ်များတွင် ကုမ္ပဏီတွင် ပါဝင်သူများနှင့် အခြားသူများ၏ တရားစွဲဆို ဆောင်ရွက်မှုများ**

**တရားမျှတမှုမရှိသော လုပ်ငန်းဆောင်ရွက်မှုများ**

၁၉၂။ အကယ်၍ ကုမ္ပဏီ၏ လုပ်ငန်းကိစ္စများနှင့်သက်ဆိုင်သော ဆောင်ရွက်မှု သို့မဟုတ် ကုမ္ပဏီကဖြစ်စေ၊ ကုမ္ပဏီ၏ကိုယ်စားဖြစ်စေ အမှန်တကယ်ဆောင်ရွက်မှု သို့မဟုတ် အဆိုပြုထားသော ဆောင်ရွက်မှု သို့မဟုတ် ပျက်ကွက်မှု သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူများ သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူအမျိုးအစား တစ်ရပ်တွင်ပါရှိသောသူများက ချမှတ်သည့် ဆုံးဖြတ်ချက် သို့မဟုတ် အဆိုပြုသော ဆုံးဖြတ်ချက်တို့သည် အောက်ပါတို့အနက်မှ တစ်ရပ်ရပ်ကို ဖြစ်ပေါ်စေခဲ့လျှင် တရားရုံးသည် ပုဒ်မ ၁၉၃ အရ အမိန့်တစ်ရပ်ချမှတ်နိုင်သည် -

(က) ကုမ္ပဏီတွင်ပါဝင်သူများအားလုံး၏ အကျိုးခံစားခွင့်နှင့် ဆန့်ကျင်ခြင်း၊

( ခ ) ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦး သို့မဟုတ် ပါဝင်သူရာထူးနေရာတွင် သော်လည်းကောင်း၊ အခြားရာထူးနေရာတွင်သော်လည်းကောင်း ၎င်းတို့အပေါ် မတရားဖြစ်စေခြင်း၊ မမျှမတ ဖြစ်စေခြင်း သို့မဟုတ် မတရားသဖြင့် ခွဲခြားပြုမူခြင်း။

ဤအခန်းပါကိစ္စရပ်များအတွက် ကုမ္ပဏီရှိ အစုရှယ်ယာတစ်ရပ်ရပ်ကို သေတမ်းစာအရဖြစ်စေ၊ ဥပဒေအရဖြစ်စေ လွှဲပြောင်းပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်တစ်ဦးဦးကို ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးအဖြစ် သတ်မှတ်ရမည်။

**တရားရုံးက ချမှတ်နိုင်သည့်အမိန့်များ**

၁၉၃။ (က) တရားရုံးသည် ဤပုဒ်မအရ အောက်ပါအမိန့်တစ်ရပ်ရပ် အပါအဝင် ကုမ္ပဏီနှင့်စပ်လျဉ်း၍ သင့်လျော်သည်ဟု ၎င်းမှ ထင်မြင်လျှင် အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(၁) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

(၂) ကုမ္ပဏီ၏လက်ရှိဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ပြင်ဆင်ရန် သို့မဟုတ် ပယ်ဖျက်ရန်၊

(၃) နောင်တွင်ဆောင်ရွက်မည့် ကုမ္ပဏီ၏ လုပ်ငန်းကိစ္စရပ်များအတွက် စည်းကမ်းချက်များ သတ်မှတ်ရန်၊

(၄) ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦး သို့မဟုတ် ကုမ္ပဏီရှိ အစုရှယ်ယာတစ်ရပ်ရပ်ကို သေတမ်းစာအရဖြစ်စေ၊ ဥပဒေအရဖြစ်စေ လွှဲပြောင်းပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်တစ်ဦးဦးက အစုရှယ်ယာတစ်ရပ်ရပ်ကို ဝယ်ယူရန်၊

(၅) ကုမ္ပဏီ၏အစုရှယ်ယာမတည်ငွေရင်းအား သင့်လျော်သည့် ပမာဏကို လျှော့ချခြင်းဖြင့် အစုရှယ်ယာများကို ဝယ်ယူရန်၊

(၆) ကုမ္ပဏီအတွက် တရားစွဲဆိုမှုတစ်ရပ်ရပ်ကို ပြုလုပ်ခြင်း၊ စွဲဆိုခြင်း၊ ခုခံချေပခြင်း သို့မဟုတ် ရပ်စဲခြင်းများ ဆောင်ရွက်ရန်၊

(၇) ကုမ္ပဏီ၏ အမည်ဖြင့် သို့မဟုတ် ကုမ္ပဏီ၏ကိုယ်စား တရားစွဲဆိုမှု တစ်ရပ်ရပ်ကို ပြုလုပ်ခြင်း၊ စွဲဆိုခြင်း၊ ခုခံချေပခြင်း သို့မဟုတ် ရပ်စဲခြင်းများ ဆောင်ရွက်ရန်အတွက် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦး သို့မဟုတ် ကုမ္ပဏီရှိ အစုရှယ်ယာတစ်ရပ်ရပ်ကို သေတမ်းစာအရဖြစ်စေ၊ ဥပဒေအရဖြစ်စေ လွှဲပြောင်းပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်တစ်ဦးဦးအား ဆောင်ရွက်ခွင့်ပြုရန်၊

(၈) ကုမ္ပဏီ၏ ပစ္စည်းတစ်ရပ်ရပ် သို့မဟုတ် အားလုံးအတွက် ပစ္စည်းလက်ခံထိန်းသိမ်းသူ (receiver) တစ်ဦးအား ခန့်အပ်ရန်၊

(၉) ပုဂ္ဂိုလ်တစ်ဦးဦးအား သတ်မှတ်ထားသည့် အပြုအမူကို ပြုမူစေခြင်း သို့မဟုတ် ပြုလုပ်စေခြင်းမှ ရှောင်ကြဉ်စေရန်၊

(၁၀) ပုဂ္ဂိုလ်တစ်ဦးဦးအား သတ်မှတ်ထားသည့် ဆောင်ရွက်မှုတစ်ရပ်ရပ်ကို ပြုလုပ်စေရန်၊

(၁၁) နစ်နာကြေးများ ပေးလျော်ရန်။

( ခ ) ဤပုဒ်မအရ ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန်အတွက် အမိန့်တစ်ရပ်ချမှတ်ခဲ့လျှင် ကုမ္ပဏီများ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သည့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် လိုအပ်သလို ပြောင်းလဲ ပြင်ဆင်ထားသည့် ပြဋ္ဌာန်းချက်များအား လိုက်နာရမည်။

( ဂ ) ဤပုဒ်မအရ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအား ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်ရန်အတွက် အမိန့်တစ်ရပ်ချမှတ်ခဲ့လျှင် အမိန့်၌ ထိုသို့ ဆောင်ရွက်ခွင့်ပြုထားခြင်းမရှိလျှင်ဖြစ်စေ သို့မဟုတ် ကုမ္ပဏီသည် တရားရုံး၏ခွင့်ပြုမှုကို ဦးစွာရယူထားခြင်းမရှိလျှင်ဖြစ်စေ အဆိုပါပြောင်းလဲပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းသည် အမိန့်တွင်ပါရှိသည့်စည်းကမ်းချက်များနှင့် ညီညွတ်ခြင်း မရှိလျှင် ကုမ္ပဏီသည် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအား ပြောင်းလဲပြင်ဆင်ရန် သို့မဟုတ် ပယ်ဖျက်ရန်အတွက် ပုဒ်မ ၁၇ အရ လုပ်ပိုင်ခွင့်မရှိ။

**တရားရုံးအမိန့်တစ်ရပ်အတွက် လျှောက်ထားခြင်း**

၁၉၄။ ကုမ္ပဏီနှင့်စပ်လျဉ်း၍ ပုဒ်မ ၁၉၃၊ ပုဒ်မခွဲ (က) အရ အမိန့်တစ်ရပ်ချမှတ်ပေးရန် လျှောက်ထားမှုကို အောက်ပါပုဂ္ဂိုလ်များက ပြုလုပ်နိုင်သည် -

(က) လျှောက်ထားမှုသည် အောက်ပါပုဂ္ဂိုလ်များနှင့် ဆန့်ကျင်သည့်ဆောင်ရွက်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်သော်လည်း ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦး -

(၁) ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးအဖြစ်မှတစ်ပါး အခြားရာထူးနေရာ တစ်ခုခုတွင် ဆောင်ရွက်နေသော ကုမ္ပဏီတွင်ပါဝင်သူ သို့မဟုတ်

(၂) ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးအဖြစ် ၎င်းတို့၏ ရာထူးနေရာတွင် ဆောင်ရွက်နေသောကုမ္ပဏီတွင်ပါဝင်သော အခြားသူများ။

(ခ) မတည်ငွေရင်း ရွေးချယ်လျှော့ချခြင်းကြောင့် ကုမ္ပဏီတွင်ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းမှ ဖယ်ရှားခံရသူ၊

(ဂ) လျှောက်ထားမှုသည် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးအဖြစ်မှ ရပ်စဲသည့်အခြေအနေနှင့် သက်ဆိုင်ခဲ့လျှင် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးအဖြစ်မှ ရပ်စဲခံရသူ၊

(ဃ) ကုမ္ပဏီရှိ အစုရှယ်ယာတစ်ရပ်ရပ်ကို သေတမ်းစာအရဖြစ်စေ၊ ဥပဒေအရ ဖြစ်စေ လွှဲပြောင်းပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ်

(င) ကုမ္ပဏီ၏ လုပ်ငန်းကိစ္စရပ်များ သို့မဟုတ် ကုမ္ပဏီ၏ လုပ်ငန်းကိစ္စရပ်များနှင့် ပတ်သက်သော ကိစ္စရပ်များအား စုံစမ်းစစ်ဆေးနေသည့် သို့မဟုတ် စုံစမ်းစစ်ဆေးပြီးသည့် ကိစ္စရပ်နှင့် စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိမှ သင့်လျော်သည်ဟု ထင်မြင်ယူဆသူတစ်ဦးဦး။

**ချမှတ်သည့်အမိန့်ကို မှတ်ပုံတင်အရာရှိထံ ပေးပို့တင်ပြရန် လိုအပ်ခြင်း**

၁၉၅။ ပုဒ်မ ၁၉၃၊ ပုဒ်မခွဲ (က) အရ အမိန့်တစ်ရပ်အား ချမှတ်ခဲ့လျှင် လျှောက်ထားသူသည် အဆိုပါအမိန့်အား ချမှတ်သည့်နေ့မှ ၂၁ ရက်အတွင်း ယင်းအမိန့်၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြရမည်။

**ကုမ္ပဏီကိုယ်စား တရားစွဲဆိုဆောင်ရွက်မှုများ**

**ကုမ္ပဏီကိုယ်စား တရားစွဲဆိုဆောင်ရွက်ခြင်း သို့မဟုတ် ကြားဝင်ဆောင်ရွက်ခြင်း**

၁၉၆။ (က) ကုမ္ပဏီကိုယ်စား တာဝန်ယူဆောင်ရွက်ရန်အတွက် သို့မဟုတ် အဆိုပါ တရားစွဲဆိုမှုများတွင်စေ့စပ်ညှိနှိုင်းခြင်း သို့မဟုတ် ဖြေရှင်းဆောင်ရွက်ခြင်းကဲ့သို့ လိုအပ်သည့် ဆောင်ရွက်မှုများကို ပြုလုပ်နိုင်ရန်အတွက် ပုဒ်မ ၁၉၇ အရ ခွင့်ပြုချက်ရရှိထားသည့် အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီကိုယ်စား တရားစွဲဆိုဆောင်ရွက်နိုင်သည် သို့မဟုတ် ကုမ္ပဏီမှ အမှုသည်အဖြစ် ပါဝင်သော တရားစွဲဆိုမှုတစ်ရပ်ရပ်တွင် ကြားဝင်ဆောင်ရွက်နိုင်သည် -

(၁) ကုမ္ပဏီ သို့မဟုတ် ဆက်စပ်သည့်အဖွဲ့အစည်းတွင် ပါဝင်သူ၊ ယင်းတို့တွင် ပါဝင်ခဲ့သူ (former member) သို့မဟုတ် ယင်းတို့တွင် ပါဝင်သူတစ်ဦးအဖြစ် မှတ်ပုံတင်ခွင့်ရရှိသော ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ်

(၂) ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာ၊ ယခင်က တာဝန်ထမ်းဆောင်ခဲ့သော ဒါရိုက်တာ (former director)၊ အရာရှိ သို့မဟုတ် ယခင်က တာဝန်ထမ်းဆောင်ခဲ့သော အရာရှိ (former officer) ဖြစ်ရမည်။

( ခ ) ကုမ္ပဏီကိုယ်စား ဆောင်ရွက်သည့် တရားစွဲဆိုမှုများကို ကုမ္ပဏီ၏အမည်ဖြင့် စွဲဆိုဆောင်ရွက်ရမည်။

( ဂ ) ကုမ္ပဏီကိုယ်စား တရားစွဲဆိုဆောင်ရွက်ရန် သို့မဟုတ် ကြားဝင်ဆောင်ရွက်ရန် အခြား ဥပဒေတစ်ရပ်ရပ်၌ ဖော်ပြထားသည့် ပုဂ္ဂိုလ်တစ်ဦးဦး၏ အခွင့်အရေးကို ပယ်ဖျက်ရမည်။

**တရားစွဲဆိုခွင့်နှင့်ကြားဝင်ဆောင်ရွက်ခွင့် လျှောက်ထားခြင်းနှင့် ခွင့်ပြုခြင်း**

၁၉၇။ (က) ပုဒ်မ ၁၉၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၁) တွင် ဖော်ပြထားသော ပုဂ္ဂိုလ်တစ်ဦးဦးသည် တရားစွဲဆိုမှုများဆောင်ရွက်ရန် သို့မဟုတ် တရားစွဲဆိုမှုများတွင် ကြားဝင်ဆောင်ရွက်ခွင့်ရရှိရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။

( ခ ) တရားရုံးသည် အောက်ပါအချက်များကို ကျေနပ်လက်ခံလျှင် လျှောက်ထားမှုအား ခွင့်ပြုရမည်-

(၁) ကုမ္ပဏီကိုယ်တိုင်က တရားစွဲဆိုမှုများကို မဆောင်ရွက်နိုင်ကြောင်း သို့မဟုတ် အဆိုပါကိစ္စများအတွက် တာဝန်ယူဆောင်ရွက်နိုင်ခြင်း သို့မဟုတ် လိုအပ်သော ကိစ္စရပ်များကို ဆောင်ရွက်နိုင်ခြင်း မရှိကြောင်း၊

(၂) လျှောက်ထားသူသည် သဘောရိုးဖြင့် ဆောင်ရွက်ကြောင်း၊

(၃) လျှောက်ထားသူအပေါ် ခွင့်ပြုချက်ပေးခြင်းသည် ကုမ္ပဏီ၏အကျိုးအတွက် အကောင်းဆုံးဖြစ်စေမည်ဖြစ်ကြောင်း၊

(၄) လျှောက်ထားသူသည် တရားစွဲဆိုဆောင်ရွက်ရန်အတွက် ခွင့်ပြုချက် လျှောက်ထားလျှင် အရေးကြီးသော ကိစ္စရပ်ကို ဖြေရှင်းရန်ရှိကြောင်းနှင့်

(၅) အောက်ပါကိစ္စတစ်ရပ်ရပ်ရှိခဲ့လျှင် -

(ကက) လျှောက်လွှာမတင်မီ အနည်းဆုံး ၁၄ ရက် ကြိုတင်၍ လျှောက်ထားသူသည် ခွင့်ပြုချက်လျှောက်ထားရန် ရည်ရွယ်ကြောင်းနှင့် ထိုသို့လျှောက်ထားရသည့်အကြောင်းရင်းတို့ကို စာဖြင့် ရေးသား၍ ကုမ္ပဏီသို့ အကြောင်းကြားရမည်။ သို့မဟုတ်

( ခခ ) ပုဒ်မခွဲငယ်စိတ် (ကက) ပါဖော်ပြချက်ကို လက်ခံနိုင်ခြင်း မရှိသော်လည်း ခွင့်ပြုချက်ပေးရန် သင့်လျော်မှုရှိရမည်။

( ဂ ) အောက်ပါတို့ကို တွေ့ရှိရလျှင် ခွင့်ပြုချက်ပေးခြင်းသည် ကုမ္ပဏီ၏ အကောင်းဆုံးအကျိုးခံစားခွင့်အတွက် မဟုတ်ကြောင်း ချေပနိုင်သည့် မှတ်ယူချက်တစ်ခုဖြစ်သည်-

(၁) တရားစွဲဆိုခြင်းသည် -

(ကက) တတိယပုဂ္ဂိုလ်တစ်ဦးဦးအပေါ် ကုမ္ပဏီမှ တရားစွဲဆိုမှုဖြစ်ခြင်း သို့မဟုတ်

( ခခ ) ကုမ္ပဏီအပေါ် တတိယပုဂ္ဂိုလ်တစ်ဦးဦးက တရားစွဲဆိုမှု ဖြစ်ခြင်းနှင့်

(၂) ကုမ္ပဏီမှ အောက်ပါတို့ကို ဆုံးဖြတ်ခဲ့လျှင် -

(ကက) တရားစွဲဆိုမှုကို မဆောင်ရွက်ရန် သို့မဟုတ်

( ခခ ) တရားစွဲဆိုမှုတွင် ခုခံချေပခြင်းမပြုရန် သို့မဟုတ်

( ဂဂ ) တရားစွဲဆိုမှုကိုရပ်စဲရန်၊ ဖြေရှင်းရန် သို့မဟုတ် စေ့စပ်ညှိနှိုင်းရန်နှင့်

*(ဆက်လက်ဖော်ပြပါမည်)*

## အင်းတော်မြို့နယ်၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ် အလွတ်တန်းဘောလုံးပြိုင်ပွဲကျင်းပ

**အင်းတော် ဒီဇင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့တွင် နှစ်(၇၀)မြောက် လွတ်လပ်ရေး အထိမ်းအမှတ်အဖြစ် အင်းတော်မြို့နယ် အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား အလွတ်တန်းဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၂၃ ရက်က စတင်ကျင်းပသည်။

အင်းတော်မြို့ အင်းမြသာယာအားကစားကွင်း၌ ကျင်းပသည့် ဘောလုံးပြိုင်ပွဲဖွင့်ပွဲတွင် အင်းတော်မြို့နယ် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ ဦးမြတ်ကိုထွေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကသာခရိုင် အား/ကာမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးကျော်အောင်နှင့် အား/ကာ ဝန်ထမ်းများ တက်ရောက်အားပေးပြီး အဖွင့်ပွဲစဉ်အဖြစ် မဲဇာကျေးရွာအသင်းနှင့် အင်းရွာကျေးရွာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မဲဇာကျေးရွာအသင်းက အင်းရွာကျေးရွာအသင်းကို ခုနစ်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အင်းတော်မြို့နယ်၌ နှစ်(၇၀)မြောက် လွတ်လပ်ရေးနေ့တွင် ဘောလုံးပြိုင်ပွဲအပြင် မိုင်ရှည်အပြေးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်း၊ ဝိုင်းခြင်း၊ စစ်တုရင်၊ ကြက်တောင်ရိုက်၊ ခေါင်းအုံးရိုက်နှင့် မြန်မာ့ရိုးရာချောတိုင်တက်ပြိုင်ပွဲ စသည့် ပျော်ရွှင်ဖွယ် ပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**လူအောင်(ကသာ)**

## ပုဂံဒေသတွင် ပရဟိတအဖွဲ့များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရန် စီစဉ်ထား

**ညောင်ဦး ဒီဇင်ဘာ ၂၆**

ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသရှိ သမိုင်းဝင် တန်ခိုးကြီးဘုရားများနှင့် ဘုရားစေတီပုထိုးများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဆရာတော် ဉူးသုမင်္ဂလ (ဒယ်အိုးဆရာတော်) ဦးဆောင်သော 'ရှင်းသန့်မြင့်စေပုဂံမြေ' ပရဟိတလူမှုကူညီရေး အသင်းအဖွဲ့များစုပေါင်း၍ ဆဋ္ဌမအကြိမ်မြောက်အဖြစ် ၉-၁-၂၀၁၈ ရက်မှ ၁၅-၁-၂၀၁၈ ရက်အထိ ပုဂံညောင်ဦးဒေသသို့ လာရောက်ပြီး စုပေါင်းသန့်ရှင်းရေးလုပ်ငန်း ကွင်းဆင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းသို့ ကုသိုလ်ပြုလုပ်အားဒါန ပါဝင်ဆောင်ရွက်လိုသူများအနေဖြင့် ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထား၍ ကြိုတင်စာရင်းပေးသွင်းထားရန် အသိပေးနှိုးဆော်ထား ကြောင်း 'ရှင်းသန့်မြင့်စေပုဂံမြေ' ပရဟိတလူမှုကူညီရေးအသင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"အခု လာမယ့် ဆဋ္ဌမအကြိမ်မြောက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်ရင်လည်း လုပ်အားဒါန ကုသိုလ်ပြု ပါဝင်ကူညီဆောင်ရွက်လိုသူတွေကို ကြိုတင်အသိပေးနှိုးဆော်ထားတာဖြစ်လို့ သန့်ရှင်းရေးဆောင်ရွက်ပေးမယ့် ပရဟိတအဖွဲ့တွေ ထပ်များလာဖို့ရှိပါတယ်၊ ကျွန်တော်တို့ ပုဂံညောင်ဦးမြို့မှာရှိတဲ့ ပရဟိတလူမှုကူညီရေး အသင်းအဖွဲ့တွေကလည်း ဆရာတော် ဦးဆောင်တဲ့ 'ရှင်းသန့်မြင့်စေပုဂံမြေ' ပရဟိတ အဖွဲ့တွေနဲ့ ပူးပေါင်းပြီး ပါဝင်ကူညီဆောင်ရွက်ပေးကြပါတယ်၊ အခုလို ကျွန်တော်တို့ ဒေသက ဘုရားစေတီပုထိုးတွေ သန့်ရှင်းသာယာလှပအောင် သန့်ရှင်းရေးလုပ်ငန်းတွေ လာရောက်ဆောင်ရွက်ပေးတဲ့ ပရဟိတလူမှုကူညီရေး အသင်းအဖွဲ့တွေကိုလည်း များစွာ ကျေးဇူးတင်ရှိပါတယ်"ဟု ပုဂံညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ ဖြူစင်မေတ္တာ ပရဟိတလူမှုကူညီရေးအသင်းမှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးဇော်ပွေးက ပြောပြသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံဒေသ၌ ပရဟိတအဖွဲ့များစုပေါင်း၍ သန့်ရှင်းရေးဒါန ပြုလုပ်နေမှုကို တွေ့ရစဉ်။

## ဝဝန်ရေကာတာ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်း စတင်ဆောင်ရွက်ရန် ပြည်သူများနှင့်တွေ့ဆုံဆွေးနွေး

**ငါးသိုင်းချောင်း ဒီဇင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့တွင်းရှိ ဝဝန်ရေကာတာ အဆင့်မြှင့်တင်ပြုပြင်ရေးလုပ်ငန်းများ အမြန်ဆုံးစတင်ဆောင်ရွက်နိုင်ရေးအတွက် ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဒီဇင်ဘာလ ၂၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ရေကြည်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံရွှေဝင်း၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝင်းမော်တို့က ရေကာတာ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ ဒေသခံပြည်သူလူထု သိရှိသင့်သည်များနှင့် ပူးပေါင်းဆောင်ရွက်သင့်သည့် ကိစ္စရပ်များကို ရှင်းဆွေးနွေးခဲ့ပြီး မြို့တွင်း ဝဝန်ရေကာတာ ဧရိယာအတွင်းရှိ ဒေသခံပြည်သူများက သိရှိလိုသည့်အချက်များ၊ ပူးပေါင်းဆောင်ရွက်သွားရမည့် လုပ်ငန်းများကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဝဝန်ရေကာတာ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်း ပြီးဆုံးပါက ရေကြည်မြို့နယ်နှင့် ငါးသိုင်းချောင်းမြို့ အပါအဝင် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၁၂ မြို့နယ်တွင် ပိုမိုလုံခြုံစိတ်ချရသောရေဘေးကာကွယ်ရေးဧရိယာကို ရရှိစေမည်ဖြစ်ပြီး ဒေသခံပြည်သူများ၏အကျိုးကို ရှေးရှု၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်က ပြောကြားသည်။

မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးအရာရှိကလည်း ရေကာတာ အဆင့်မြှင့်တင်ဆောင်ရွက်ရာတွင် ငါးသိုင်းချောင်းမြို့အတွင်းရှိ ရေကာတာ တာမိုင် ၄၆/၆ မှ ၄၈/၀ အထိ မြစ်ဘက်ခြမ်း အုတ်ရိုးတာခြေနှင့် ကုန်းဘက်ခြမ်း ကွန်ကရစ်တာခြေ အမြင့် ခုနစ်ပေခန့်တည်ဆောက်ခြင်း၊ တာရိုးမြေသား သုံးပေအမြင့် အဆင့်မြှင့်တင်ပြုပြင်ခြင်းတို့ကို ၂၀၁၈ ဇန်နဝါရီလဆန်းပိုင်းတွင် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် စတင်ဆောင်ရွက်ရန် စီစဉ်ထားကြောင်း၊ ယခု စတုတ္ထအကြိမ်အထိ နောက်ဆုံးညှိနှိုင်းတွက်ချက်ထားသော တာပုံစံဒီဇိုင်းအရ ရေကာတာဧရိယာအတွင်းရှိ အိမ်ခြေ ၇၉ လုံးခန့်သာ အနည်းငယ်ထိခိုက်မှုရှိနိုင်ပြီး ခိုင်ခံ့ကောင်းမွန်သော ရေကာတာဒီဇိုင်းကို တွက်ချက်ပြီးစီးပြီဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆွေးနွေးပွဲသို့ မြို့ပေါ်ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ငါးသိုင်းချောင်းမြို့တွင်း ဝဝန်ရေကာတာ ဧရိယာအတွင်းမှ ဒေသခံပြည်သူများ တက်ရောက်ဆွေးနွေးညှိနှိုင်းခဲ့ပြီး ရေကာတာအဆင့်မြှင့်တင်ပြုပြင်ခြင်း လုပ်ငန်းများကို ဌာနဆိုင်ရာများနှင့် ပြည်သူများပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

## တိုင်ကြားနိုင်ပါသည်

နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးကို ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့် အရေးကြေညာစာတမ်းပါ အခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်ကပါဝင်ချုပ်ဆိုထားသည့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးသဘောတူစာချုပ် (CEDAW)၊ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (CRC)၊ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (CRPD) ပါ လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍သော်လည်း ကောင်း၊ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် အမှတ်(၂၇)ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ မှတ်ပုံတင်စာဖြင့်ဖြစ်စေ၊ ကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ အောက်ပါ အချက်အလက်များ ပြည့်စုံစွာဖော်ပြ၍ တိုင်ကြား ခြင်းများ ပြုလုပ်နိုင်ပါသည်-

(၁) တိုင်တန်းသူ၏ အမည်၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊
(ဆက်သွယ်ရန် ဖုန်း/လက်ကိုင်ဖုန်း၊ ဖက်စ်နှင့် email တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)
(၂) တိုင်တန်းသူသည် မည်ကဲ့သို့မူလအခွင့်အရေးဖောက်ဖျက်ခံရကြောင်း အချက်အလက်များဖြင့် အမှုနှင့် သက်ဆိုင်သော အထောက်အထားများ ပူးတွဲလျက် ပြည့်စုံစွာဖော်ပြရန်၊
(၃) တိုင်တန်းဖော်ပြချက်သည် မှန်ကန်စွာ ရေးသားဖော်ပြခြင်းဖြစ်ကြောင်း ဝန်ခံချက် လက်မှတ်ရေးထိုးရန်၊
(၄) တိုင်တန်းသူ၏ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူ။

**မှတ်ချက်။** မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် တိုင်တန်းချက်များကို စိစစ်ရာတွင် လိုအပ်ပါက တိုင်တန်းသူအား ခေါ်ယူတွေ့ဆုံ မေးမြန်းပါမည်။

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်**

## ရေနံရှာဖွေ တူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သဖြင့် ရေကြောင်းသတိပေးချက် ကြေညာ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေး လုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ် M-9 တွင် Geophysical Site Investigation (GSI) Survey လုပ်ငန်းများကို M/V PTSC Pesearcher ရေယာဉ်ဖြင့် တိုင်းတာဆောင်ရွက်သွားမည့် တည်နေရာဧရိယာများဖြစ်သော KKN-25 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၁ မိနစ် ၄၃ ဒသမ ၁၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၉ မိနစ် ၅၃ ဒသမ ၁၈ စက္ကန့်၊ KKN-44 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၄ မိနစ် ၀၁ ဒသမ ၃၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၈ မိနစ် ၁၄ ဒသမ ၂၇ စက္ကန့်၊ KKN-57 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၆ မိနစ် ၃၃ ဒသမ ၉၃စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၅ မိနစ် ၁၂ ဒသမ ၆၀ စက္ကန့်၊ KKN-66 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၆ မိနစ် ၁၁ ဒသမ ၃၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၅ မိနစ် ၁၄ ဒသမ ၅၅ စက္ကန့်၊ KKN-74 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၅ မိနစ် ၀၅ ဒသမ ၈၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၃ မိနစ် ၁၇ ဒသမ ၁၁ စက္ကန့်၊ KKN-82 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၂ မိနစ် ၃၉ ဒသမ ၀၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၅ မိနစ် ၁၅ ဒသမ ၃၈ စက္ကန့်၊ GTK-11 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၄ မိနစ် ၅၇ ဒသမ ၇၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၂ မိနစ် ၃၃ ဒသမ ၄၄ စက္ကန့်၊ GTK-19 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၉ မိနစ် ၁၃ ဒသမ ၂၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၉ မိနစ် ၁၀ ဒသမ ၉၉ စက္ကန့်၊ GTK-21 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၁ မိနစ် ၀၈ ဒသမ ၅၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၀ မိနစ် ၂၁ ဒသမ ၀၄ စက္ကန့်၊ ZTK-17 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၁ မိနစ် ၅၇ ဒသမ ၀၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၆ မိနစ် ၃၃ ဒသမ ၄၆ စက္ကန့်၊ ZTK-18 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၈ မိနစ် ၁၆ ဒသမ ၅၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၄ မိနစ် ၀၆ ဒသမ ၇၂ စက္ကန့်၊ New Play 1 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၆ မိနစ် ၀၇ ဒသမ ၈၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၇ မိနစ် ၅၉ ဒသမ ၇၇ စက္ကန့်နှင့် New Play 2 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၄ မိနစ် ၃၁ ဒသမ ၆၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၆ မိနစ် ၅၂ ဒသမ ၉၃ စက္ကန့်တို့တွင် ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှ မတ်လ ၂၄ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် M-9 တွင် Geophysical Site Investigation (GSI) Survey လုပ်ငန်းများကို M/V PTSC Pesearcher ရေယာဉ်ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည် အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သိရသည်။

**မြန်မာ့အလင်း**

## ထောက်ရှာတန်း-ဇင်းဗျိုး ကျေးရွာချင်းဆက်လမ်းကို အမြန်ဆုံးဖောက်လုပ်သွားမည်

**မြို့သစ် ဒီဇင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အတွင်း နေပြည်တော်-မြို့သစ်-ကန်ပြားလမ်းမှ ထောက်ရှာတန်း-ဇင်းဗျိုး ကျေးရွာလမ်းပိုင်းကို တိုင်းဒေသကြီးရန်ပုံငွေ ကျပ်သန်း ၁၀၀ အသုံးပြုပြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ မကြာမီရက်ပိုင်းအတွင်း စတင်ဖောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းဖောက်လုပ်ရန်အတွက် မကွေးတိုင်းဒေသကြီး ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးတင်နွယ်ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာအောင်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ဝန်ထမ်းများက မြေပြင်အခြေအနေကို ဒီဇင်ဘာ ၁၇ ရက်က ကွင်းဆင်း ကြည့်ရှုခဲ့သည်။ လမ်းဖောက်လုပ်မှုကို စက်ယန္တရားများ စတင်ရရှိသည်နှင့် ဆောင်ရွက်သွားမှာဖြစ်ပြီး အရှည်ခြောက်မိုင်၊ အကျယ် ၁၈ ပေ၊ ထုနှစ်ပေရှိ မြေသားလမ်းအဖြစ် ဖောက်သွားမည်ဖြစ်ကြောင်း အငယ်တန်းအင်ဂျင်နီယာ(၂) မြို့ပြ ဒေါ်မေသွယ်သွယ်မိုးက ပြောကြားသည်။

အဆိုပါလမ်းဖောက်လုပ်ပြီးစီးပါက ဒေသ၏ အဓိကထွက်ကုန်များဖြစ်သည့် နှမ်း၊ ပဲအမျိုးမျိုး၊ စပါးတို့ကို မြို့သစ်မြို့ပေါ်နှင့် မကွေးမြို့အထိ လွယ်ကူချောမွေ့စွာ တင်ပို့နိုင်မည်ဖြစ်၍ ဒေသတွင်းရှိ ဇင်းဗျိုးရွာ၊ ကြာအင်းရွာ၊ ထောက်ရှာတန်း မြောက်ရွာ၊ အရှေ့ရွာနှင့် အနောက်ရွာ စုစုပေါင်း ရွာငါးရွာရှိ အိမ်ခြေပေါင်း ၆၀၀ ကျော်မှ ပြည်သူများအတွက် အဆင်ပြေစေမည်ဖြစ်ကြောင်း သိရသည် ။

**ဇော်ဇော်(မြို့သစ်)**

# မြန်မာ့ရုပ်ရှင်အကယ်ဒမီထူးချွန်ဆုကြိုတင်ရင်ခုန်ကြပါပြီ

မြန်မာ့ရုပ်ရှင်လောကသားများအားလုံးအတွက် အနုပညာသမားဘဝမှတ်တိုင်တစ်ခုဖြစ်သည့် မြန်မာ့ရုပ်ရှင်အကယ်ဒမီ ထူးချွန်ဆုပေးပွဲကြီး နီးကပ်လာခဲ့ပြီဖြစ်သည်။ အနုပညာသမားများသည် အကယ်ဒမီကို အလွန်ပင် တန်ဖိုးထားကြသကဲ့သို့ အကယ်ဒမီပေးပွဲ နီးလာသည်နှင့် တစ်ပြိုင်နက် ရုပ်ရှင်ဇာတ်ကားများအကြောင်းကို အနုပညာရှင်များအချင်းချင်းသော်လည်းကောင်း၊ ပရိသတ်များကလည်း မိမိကြိုက်နှစ်သက်ရာ အနုပညာရှင်များကိုလည်းကောင်း မှန်းဆကာ အကယ်ဒမီရုပ်တုအတွက် ပြောဆိုသံများ ညံမစဲကြတော့သည်မှာလည်း ယခုကာလပင် ဖြစ်သည်။



| အမျိုးသမီးဇာတ်ဆောင်ဆုအတွက် အားပြိုင်ကြမည့် ဇာတ်ရုပ်များ | | |
|---|---|---|
| အိန္ဒြာကျော်ဇင် | - | ရင်ဘတ်ထဲကစေား |
| အိချောပို | - | ပွဲခံမယ် |
| ပိုင်ဖြိုးသု | - | နေဝင်အိပ်တန်းတက် |
| အေးမြတ်သူ | - | နေခြည်မှာရွှေရည်လောင်း |
| ဝတ်မှုံရွှေရည် | - | ကျွန် |
| ရွှေမှုံရတီ | - | မာယာစတိုင် |
| မေသန်းနု | - | ထာဝရအမေ |
| ဖွေးဖွေး | - | 3G |
| လိုင်လာခန်း | - | ရာဇဝင်ရိုင်းသူများ |
| အမျိုးသားဇာတ်ပို့ဆုရနိုင်ခြေအရှိဆုံး ဇာတ်ရုပ်များ | | |
| ဇင်ဝိုင်း | - | အမည်ပေါက်နှင့်ကျူး |
| ရဲအောင် | - | ထာဝရအမေ |
| ခန့်စည်သူ | - | ပွဲခံမယ် |
| ဇေရဲထက် | - | မာယာစတိုင် |
| ကိုပြည့် | - | သရာစောထိ |
| နေမျိုးအောင် | - | ပွဲခံမယ် |
| မိုးဒီ | - | ကပ္ပိယ |
| ကိုပေါက် | - | ဆယ်လီ |
| ဇော်ဝင်းနိုင် | - | အမည်ပေါက်နှင့်ကျူး |
| အမျိုးသားဇာတ်ဆောင်ဆုရနိုင်ခြေအရှိဆုံး ဇာတ်ရုပ်များ | | |
| ပြေတီဦး | - | နေဝင်အိပ်တန်းတက် |
| နေတိုး | - | တာတေကြီး |
| မြင့်မြတ် | - | အမည်ပေါက်နှင့်ကျူး |
| ထွန်းထွန်း | - | ပွဲခံမယ် |

၂၀၁၈ ခုနှစ် မတ်လအတွင်း မြန်မာ့ရုပ်ရှင်အကယ်ဒမီထူးချွန်ဆုပေးပွဲကြီးကို ကျင်းပတော့မည်ဖြစ်သည်။ ယမန်နှစ်က မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ တာဝန်ယူဆောင်ရွက်ကျင်းပသည့် ထူးချွန်ဆုပေးပွဲကြီးကို ရန်ကုန်မြို့ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်တွင် ကျင်းပခဲ့ပြီး ဂျွန်လွင် Star Event မှ ဦးစီးကာ Bella အလှကုန်မှ ပံ့ပိုးကူညီခဲ့သည်။ ယခုနှစ်တွင်မူ လေလံစနစ်ဖြင့် ပွဲကျင်းပနိုင်ရန် စီစဉ်ခဲ့ရာ Forever Group မှ လေလံအောင်မြင်ခဲ့ပြီး ဦးဆောင်ကျင်းပခွင့်ရရှိထားသည်။

အဆိုပါပွဲကြီးတစ်ခုလုံးအတွက် Forver Group မှ ငွေကျပ်သိန်းပေါင်း ၆၀၀၀ ခန့် အကုန်ကျခံကာ ကျင်းပသွားမည်ဖြစ်ပြီး အကယ်ဒမီဆုရရှိသူများကိုလည်း ရွှေစင်ငါးကျပ်သားနှင့်တစ်သက်တာ ထောက်ပံ့ငွေပေးအပ်သွားမည်ဖြစ်ကြောင်း





သိရသည်။ ယခင်နှစ်များက အကယ်ဒမီရွှေစင်ရုပ်တုကို ၁၀ ခုသာ ပေးအပ်ခဲ့သော်လည်း ယခုနှစ်တွင် ရွှေစင်ရုပ်တု ၁၁ဆုခန့် ပေးအပ်ချီးမြှင့်သွားမည် ဖြစ်ကြောင်း သိရသည်။

မြန်မာ့ရုပ်ရှင်သည် ဝေဖန်မှုများကြား ယခုနှစ်တွင် ပိုမိုဖွံ့ဖြိုးတိုးတက်လာသည်ဟု ဆိုလျှင် လွန်မည်မထင်။ ကြိုးစားရုန်းကန်ရင်းဖြင့် နှစ်စဉ်ထူးချွန်ဆုရရှိသူများလည်း ထိုက်တန်စွာထွက်ပေါ်လာခဲ့သည်။ ယခုနှစ်တွင် ဇာတ်ကားကောင်းများစွာထွက်ပေါ်ခဲ့ပြီး တန်းစီးစနစ်ထက် ဇာတ်အိမ်ခိုင်မာသည့် ရုံတင်ဇာတ်ကားကြီးများကို ဦးစားပေးပြသသည့်အတွက် ပရိသတ်အားပေးမှုကိုလည်း အသီးသီးရရှိနိုင်ခဲ့ကြသည်။

လာမည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးအပ်ပွဲတွင် ပရိသတ်များနှင့် ထုတ်လုပ်သူများ၊ အနုပညာရှင်များအကြား ထင်ကြေးပေးခံရသူများနှင့် ဇာတ်ကားများကို လက်လှမ်း မီသမျှ တင်ပြလိုက်ရသည်။ **ကိုလင်း**

# ချစ်သူအပေါ်သဝန်တိုတတ်တယ်

**ကိုလင်း**

"တံခါးဖွင့်ထားပါတယ်" တေးသီချင်းဖြင့် ပရိသတ်စိတ်ဝင်စားမှု၊ အားပေးမှုရရှိထားသည့် ရွှေထူးက မကြာသေးမီက စာအုပ် တေးစီးရီး တစ်ကိုယ်တော် အမ်တီဗွီ ထွက်ရှိထားသူလည်းဖြစ်သည်။ တေးသီချင်းများကို ကိုယ်တိုင်ရေး၊ ကိုယ်တိုင်ဆိုခဲ့သူလည်းဖြစ်ကာ ပက်ပက်စက်စက်ညို့ဇာတ်ကားနှင့်လည်း အမျိုးသမီးငယ်များ၏ အားပေးခြင်းခံရသည်။

"ဖေဖော်ဝါရီမှာ ကျွန်တော့်ရဲ့ဒုတိယမြောက်စီးရီးကို ထွက်ဖို့ကြိုးစားနေပါတယ်၊ ရုပ်ရှင်လည်းရိုက်ကူးဖို့ ရှိသလို နယ်ရှိုးတွေလည်း လက်ခံထားတာရှိပါတယ်၊ အဆိုပိုင်းကနေ သရုပ်ဆောင်ဘက်ရောက်မယ်လို့ တစ်ခါမှ မတွေးမိခဲ့ဘူး၊ အမ်တီဗွီရိုက်ရင်း ရုပ်ရှင်ရိုက်ကူးဖို့ ကမ်းလှမ်းခံရတယ်၊ သူငယ်ချင်းတွေအားလုံးကလည်း အားပေးကြတယ်၊ ကြိုးစားကြည့်တာပါ၊ ပရိသတ်ကလည်း လက်ခံတယ်၊ ကျွန်တော့် လိုအပ်ချက်တွေကိုလည်း အားလုံးက ဝိုင်းပြီးအကြံဉာဏ်ပေးကြတယ်၊ ကျွန်တော်ကြိုးစားလျှောက်လှမ်းကြည့်ရမှာပါ"ဟု ရွှေထူးကပြောသည်။

ရွှေထူးအနေဖြင့် အဆိုပိုင်းနှင့် သရုပ်ဆောင်ပိုင်းကို အကန့်အသတ်များဖြင့် အချိန်ခွဲဝေကာလုပ်ဆောင်သွား မည်ဖြစ်ပြီး ယခုအခါ အခွေထွက်ရှိရန် ကြိုးစားနေချိန်မို့ ရိုက်ကူးရန် အသင့်မဖြစ်သေးကြောင်း၊ ခန့်မှန်းခြေ မတ်လဝန်းကျင်တွင် ရုပ်ရှင်ဇာတ်ကားများ စတင်ပြန်လည်ရိုက်ကူးရန် လျာထားကြောင်း သိရသည်။

လာမည့်နှစ်တွင် ပုံစံအနည်းငယ်ပြောင်းလဲရန် ရည်မှန်းထားပြီး ပရိသတ်အတွက် ဆန်းသစ်မှုများ ပေးစွမ်းနိုင်ရန် ကြိုးစားနေကြောင်း၊ လာမည့်နှစ်ရိုက်ကူးမည့်ဇာတ်ကားမှာ အချိုးမပြေသည့် ဂျစ်ကန်ကန်ကောင်လေးတစ်ဦးအနေဖြင့် သရုပ်ဆောင်ရမည်ဖြစ်ခြင်းကြောင့် ကာရိုက်တာပိုင်းကို ကြိုတင်လေ့ကျင့်ကြည့်နေကြောင်း၊ မိသားစုနှင့် ပရိသတ်သည် အရေးကြီးသည့် ရွှေထူး၏ ဘဝအစိတ်အပိုင်းပင်ဖြစ်ကြောင်း ရွှေထူးက ဆိုသည်။

အချစ်ရေးနှင့်ပတ်သက်၍ အဆိုတော် ရွှေထူးက "သဝန်တိုတာမရှိဘူးဆိုတာ ကျွန်တော်အလုပ်ပေါ်မှာ ဘယ်လိုစိတ်ရှိလဲဆိုတာ သူသိတယ်၊ အဲဒါကြောင့်လည်း သူဘယ်တော့မှ ဝင်မစွက်ဖက်ဘူး၊ ကျွန်တော်လိုအပ်တာ တွေကိုထောက်ပြပေးတယ်၊ သူက ဝေဖန်ပေးတယ်၊ လုပ်ငန်းခွင်ထဲလည်း ရောက်နေပြီဆိုတော့ အသက်အပိုင်းအခြားအရ သဝန်တိုနေလို့တော့မရပါဘူး၊ ကျွန်တော်တို့ဘဝတွေအတွက် ကြိုးစားရမယ်ဆိုတာပဲ တွေးပါတယ်"ဟု ရွှေထူးက အချစ်ရေးနှင့်ပတ်သက်၍ ပြောကြားသည်။





# နေသို့တမ်းတသောကြယ်ပွင့်များဂီတဖျော်ဖြေပွဲဒီဇင်ဘာ ၂၈ရက်တွင်ကျင်းပမည်

မြန်မာသံအမျိုးသမီး အဆိုရှင် တက္ကသိုလ်လဲ့လဲ့၏ စီစဉ်မှုဖြင့် (ပန်တျာ) ဒေါ်သိင်္ဂီ တင်ဆက်သော နိုင်ငံကျော် တေးရေး၊ တေးဆို ဂီတမှူးနေထွဏ်းဦး အမှတ်တရအဖြစ် "နေသို့ တမ်းတသော ကြယ်ပွင့်များ" ဂီတဖျော်ဖြေပွဲ ကို ဒီဇင်ဘာ ၂၈ ရက် ည ၇ နာရီတွင် မြို့မကျောင်းလမ်းရှိ အမျိုးသားက ဇာတ်ရုံ၌ ကျင်းပမည်ဖြစ်ကြောင်း စာနယ်ဇင်းမိတ်ဆက်ပွဲကို ဒီဇင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီက Orchid Hotel ၌ ကျင်းပသည်။

"ကျွန်မက မြန်မာသံစဉ်တေးဂီတပွဲလေးတွေ လုပ်ဖြစ်တာ သုံးပွဲရှိပါပြီ၊ မြန်မာ သံစဉ်တွေကို ချစ်မြတ်နိုးလို့ ဖျော်ဖြေပွဲကျင်းပတာလည်း ဖြစ်ပါတယ်၊ နေဆိုတာ ကတော့ ဆရာနေထွဏ်းဦးကို တင်စားပြီး တမ်းတတယ်၊ ကြယ်ပွင့်ကတော့ တေးသံရှင်တွေကို ရည်ရွယ်ပြီး ဒီနာမည်လေးပေး ဖြစ်တာပါ"ဟု ပွဲစီစဉ်သူ (ပန်တျာ) ဒေါ်သိင်္ဂီက ပြောသည်။

အဆိုပါ ဖျော်ဖြေပွဲတွင် ဂီတမှူး ခွန်ဇာနည် (ကုမုဒြာ Music Band) မှ တီးခတ်ပြီး ပါဝင်သီဆိုမည့် တေးသံရှင်များမှာ ဇေယျာပြည့်ဖြိုး၊ ရဲထိုက်၊ ပိုင်သက်ကျော်၊ နိုင်မင်းအောင်၊ ကိုလတ်၊ မင်းလွင်မိုး၊ နေမင်းမောင်မောင်၊ ပိုးအိစံ၊ စိုးစန္ဒာထွန်း၊ ချောစုခင်၊ သဲနုဝါ၊ သီတာသိမ့်၊ သီရိသိန်းတန်၊ စပယ်ဖြူသိန်း၊ ချောချစ်စံ၊ ဇာဇာစိုး၊ ရွှေဖြူ၊ ခင်ပိုးပန်းချီ၊ ဘားဘရာ (USA) နှင့် ညွှေ့သည်တေးသံရှင် ကိုအေးချိုတို့ ဖြစ်ကြပြီး တေးသီချင်းပေါင်း ၃၆ ပုဒ်ခန့် သီဆိုကြမည် ဖြစ်သည်။

"ကျွန်မက အရင်တုန်းကတည်းက အန်တီသိင်္ဂီရဲ့ပွဲတွေမှာ သီဆိုဖူးပါတယ်၊ ဒီဖျော်ဖြေပွဲမှာတော့ "စလယ်ဝင်အိုးလေး" တေးသီချင်းလေး တစ်ပုဒ်ပါဝင်သီဆိုမှာ ဖြစ်ပါတယ်၊ တစ်ခေတ်တခါက နာမည်ကျော်ကြားတဲ့ ဂီတပညာရှင်ကြီးရဲ့သီချင်းတွေလည်းဖြစ်လို့ သူ့အတွက်ကျင်းပတဲ့ပွဲမှာ ဖျော်ဖြေရလို့ ဝမ်းသာကျေနပ်မိပါ တယ်" ဟု တေးသံရှင် သဲနုဝါက ဆိုသည်။ **ကိုလင်း**

## သားသမီးများအတွက် ရင်မောနေသည့်အဖေအဖြစ် မြင်တွေ့ရမည့် အကယ်ဒမီရဲအောင်




MRTV-4 ရုပ်သံလိုင်းက ထုတ်လွှင့်မည့် "ရသမော်ကွန်းလက်ာ" ရုပ်သံဇာတ်လမ်းတွဲတွင် အကယ်ဒမီ ရဲအောင် ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

"ဇာတ်လမ်းတွဲတစ်ခုက ကျွန်တော်တို့အချိန်လည်းပေးပြီးတော့ ရိုက်ရတယ်၊ ဒီဇာတ်လမ်းကတော့ လက်ရှိအနေအထားအတိုင်းပဲ ရိုက်တာဆိုတော့ ထွေထွေထူးထူး အဝတ်အစား ပိုင်းပြင်ဆင်ရတာ သိပ်မရှိဘူး၊ နယ်မှာရိုက်ပြီး ရန်ကုန်မှာ ပြန်ရိုက်မယ်ဆိုရင် ခဏခဏပြန်ဖတ်ရတယ်၊ ဘယ်အခန်းကပြီးသွားပြီ ဘယ်အခန်းကတော့ ဘယ်လိုလုပ်မယ်ဆိုတာကို မှတ်ထားရတာရှိတယ်၊ ရုပ်ရှင်ဇာတ်ကားတို့၊ ဗီဒီယိုဇာတ်လမ်းတို့လို မတူတော့ အချိန်အကြာကြီးရိုက်ရတာဖြစ်တဲ့အတွက် ရိုက်ပြီးခဲ့တဲ့ အရာလေးတွေကိုလည်း ပြန်ပြီးရေးမှတ်ထားရတာမျိုးတွေရှိပါတယ်" ဟု ဇာတ်ကားနှင့်ပတ်သက်၍ အကယ်ဒမီ ရဲအောင်က ပြောသည်။

"ရသမော်ကွန်းလက်ာ"ဟု အမည်ပေးထားသော ဇာတ်လမ်းတွဲသည် မိသားစုဒရာမာဇာတ်ကားတစ်ကားဖြစ်ပြီး အိမ်ထောင်ကျချိန်တွင် ကားအက်ဆီးဒင့်ဖြစ်ပြီး မိမိ၏ ရင်သွေးများ ဆုံးရှုံးသွားခဲ့ရာ တခြားကလေး တစ်ယောက်ကို မွေးစားဖြစ်ခဲ့ကြောင်း၊ ထိုကလေးအသက်အရွယ်ရလာပြီး ပညာစုံသည့်အချိန် မိဘအရင်းများကို ပြန်လည်ရှာဖွေပြီး မွေးစားဖခင်မိခင်များ ခံစားရသော စိတ်ခံစားမှုအကြောင်းကို အခြေခံကာ ရိုက်ကူးထားခြင်းဖြစ်သည်။

အကယ်ဒမီသရုပ်ဆောင်ရဲအောင်မှာ လက်ရှိတွင် "မိ" ရုပ်ရှင်ဇာတ်ကားတွင် ဦးဘချစ်၏ ဇာတ်ကောင်နေရာမှလည်း ဝင်ရောက်သရုပ်ဆောင်ထားသေးကြောင်း သိရသည်။ **ကိုလင်း**

## ဘဝကို တစ်ယောက်တည်းဖြစ်သန်းရတာ နှစ်သက်သည့် ဂန္ထဝင်

**ကိုလင်း**

အနုပညာလောကသို့ ၁၉၉၉-၂၀၀၀ ပြည့်နှစ်ကတည်းက စတင်ဝင်ရောက်လာခဲ့ပြီး "ပုံလာလာပြောတိုင်းယုံ"၊ "ရင်ထဲမှာဘာညာဘာညာ"စသည့် ဇာတ်ကားများနှင့် ပရိသတ်သတိထားမိလာခဲ့ရာမှ အဆိုတော်ဇော်ပိုင်၏ "မြို့ဝင်ည" တေးစီးရီးတွင် ချောစုခင်နှင့် တွဲဖက်သီဆိုခဲ့သည့် "ဒါဟာအချစ်လား" MTV အတွက် သရုပ်ဆောင် ခဲ့ပြီး ပိုမိုလူသိများလာသော ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ဂန္ထဝင်နှင့် သူ၏ လက်ရှိ ဘ ဝ ဖြတ်သန်းမှုနှင့်အတူ အနုပညာပုံရိပ်တွေကို မေးမြန်းဖြစ်ခဲ့သည်။

**မေး ။ မအိ အနုပညာအလုပ်တွေနဲ့ ကင်းကွာသွားတာကြာပြီ။ အခုရော ပရိသတ်အတွက် ဘာတွေချပြဖို့ရှိလဲ။**



ဖြေ ။ အခု အစ်မ ဝိတ်တွေချတယ်။ ကျန်းမာရေးကို ဂရုစိုက်တယ်၊ ၂၀၁၈ ခုနှစ်ထဲမှာ အစ်မရဲ့ဇာတ်ကားတွေ၊ ဇာတ်လမ်းတွဲတွေကို ပရိသတ် ကြည့်ရတော့မှာပါ။ MNTV က လွှင့်မယ့်ကားမှာတော့ ဒါရိုက်တာ ပြေဇင် ရိုက်ကူးပြီး မင်းသားသူထူးစံနဲ့အတူ သရုပ်ဆောင်ရမှာပါ။ အိမ်ထောင်ရေး ဇာတ်လေးပါပဲ။ ကားကြီးအနေနဲ့ကတော့ "သရဲခေါ်နည်း"ဆိုတဲ့ ရုပ်ရှင် ဇာတ်ကားပါ။ မင်းသားကနေသူရိန်၊ ပွင့်နဒီမောင်နဲ့ မအိနဲ့ သရုပ်ဆောင်မှာပါ။ အနုပညာနဲ့ ကင်းကွာသွားတာကလည်း မအိကဘဝရဲ့ လောကဓံတွေကို ရင်ဆိုင်ခဲ့ရတာလည်း ပါပါတယ်။ ကိုယ်ရွေးချယ်တဲ့လမ်းက ထင်ထားသလို ဖြစ်မလာဘဲ ရွေးချယ်မှုအမှားကို မေ့ထားပြီး အလုပ်နဲ့ ပြန်ပြီးအေးအေး ချမ်းချမ်း လျှောက်လှမ်းဖို့ စဉ်းစားထားပါတယ်။

**မေး ။ ၂၀၁၈ ခုနှစ်အတွက် မအိရဲ့ ဖြတ်သန်းမှု မျှော်လင့်ချက်ကလေးကိုလည်း ပြောပါဦး။**

ဖြေ ။ ၂၀၁၈ခုနှစ်မှ မဟုတ်ပါဘူး။ စိတ်ဆိုတာ အမြဲသစ်ပါတယ်။ မနက်ကစိတ်နဲ့ ညရောက်လာရင် ဖြစ်တဲ့ စိတ်ကူးကတောင် မတူညီနိုင်ပါဘူး။ ကျန်တဲ့အပိုင်းတွေတော့မသိဘူး။ ကျွန်မအခု အသက် ၃၅နှစ် ကျော်လာပြီ။ ဖြတ်သန်းလာတဲ့နှစ်တွေအရတော့ အတွေးအခေါ်တွေ၊ ရင့်ကျက်မှုတွေ၊ ခံစားမှုတွေက ကွာခြားလာတာကို တွေ့ရတယ်။ အကောင်းအဆိုးတွေ ဘဝအတွေ့အကြုံသင်ခန်းစာရလာတော့ ရင့်ကျက်တဲ့အရွယ်တစ်ခုဖြစ်ပြီး ပျက်တာပဲပေါ့နော်။ အမှားတစ်ခုကို ကြုံတွေ့ဖူးသွားပြီဆိုရင် နောက်မမှားအောင် ဆင်ခြင် သုံးသပ်ရမှာပါ။ ဘုရား၊ တရားကို ပိုပြီးယုံကြည်သက်ဝင်လာတယ်။ အာဃာတတွေ၊ အမုန်းတွေကို လျှော့ချပြီး တစ်ယောက်တည်း ဖြတ်သန်းမှုကို ပိုပြီးသဘောကျခုံမင်လာပါတယ်။

**မေး ။ ပြန်ပြီးစတော့မယ့် အနုပညာခြေလှမ်းတွေအတွက်ရော မအိရဲ့မျှော်လင့်ချက်နဲ့ အခက်အခဲတွေရှိလား။**

ဖြေ ။ အရင်တုန်းက အောင်မြင်တဲ့ကားတွေရှိခဲ့တယ်။ "ရင်ထဲမှာဘာညာဘာညာ"၊ "ပုံလာလာပြောတိုင်းယုံ" ကားတွေဆိုလည်း ပရိသတ်က အခုချိန်ထိ ပြောနေကြတယ်။ ကြိုက်ကြတယ်။ အခုပြန်ရိုက်တော့လည်း အများကြီး ပြင်ဆင် ရတာမျိုးမရှိပါဘူး။ နည်းနည်းပါးပါးလောက်အခက်အခဲရှိတာပါ။ ကိုယ် ဖြတ်သန်းခဲ့တာလည်း ဆယ်စုနှစ်မကဘူးလေ။ ဒီအလုပ်တွေက ကိုယ့်အတွက် အဆင်ပြေနေပါတယ်။ အနုပညာသက်တမ်းဆိုလည်း မအိအခုဆို ၁၈ နှစ်လောက်ရှိပါပြီ။ အနုပညာအလုပ်ကိုလည်း အသက် ၁၉ နှစ်လောက်ကတည်းက လုပ်လာတာဆိုတော့ အခြားအခက်အခဲမရှိသလောက်ပါပဲ။ ။

## မြန်မာ့ပန်းဆယ်မျိုးတွင် ပါဝင်သည့် ပန်းယွန်းလုပ်ငန်း ပျောက်ကွယ်လုနီးဖြစ်လာသည်ဟု ဆို



ဘုရားမတင် နတ်မတင် လူတွင် ပန်းဆယ်မျိုးဟု ခေါ်ဆိုသည့် မြန်မာ့လက်မှုပညာအတတ် ၁၀ မျိုးတွင် တစ်ခုအပါအဝင်ဖြစ်သည့် ပန်းယွန်းခေါ် ယွန်းထည်ပစ္စည်းအမျိုးမျိုးထုတ်လုပ်သည့် လုပ်ငန်းကို ယခင်က ပုဂံဒေသ၊ ပင်းတယဒေသ၊ အင်းဝဒေသ၊ မုံရွာမြို့နယ် ကျောက္ကာဒေသ၊ စစ်ကိုင်းတိုင်းဒေသကြီး မောင်းထောင်ရွာတို့၌ တွင်တွင်ကျယ်ကျယ် ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ဝါးနီးကို အခြေခံပြုလုပ်ရသော ယွန်းထည်လုပ်ငန်းသည် မြန်မာ့လက်မှုအတတ်ပညာစစ်စစ်ဖြစ်ပြီး လူသုံးကုန်ပစ္စည်းများအဖြစ် ဆွမ်းအုပ်၊ နီးဒေါင်းလန်း၊ လက်ဖက်အစ်၊ ကွမ်းအစ်၊ ရေနွေးကရားအိုး၊ ရေနွေးပန်းကန်၊ ထမင်းဟင်းပန်းကန်မျိုးစုံ၊ အောက်ခံ လင်ပန်းအမျိုးမျိုး စသဖြင့် ပြုလုပ်သုံးစွဲခဲ့ကြသည်။

ယွန်းထည်ပစ္စည်းများကို မယ်တင်ခါးဝါး၊ တင်းဝါးတို့နှင့် ပြုလုပ်ရပြီး အဆိုပါဝါးများကိုလည်း စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းနှင့် ခန္တီးဒေသတို့မှ မှာယူရသည်။ မှာယူရောက်ရှိလာသော ဝါးများကို ယွန်းထည်ပစ္စည်းအမျိုးမျိုး ပြုလုပ်ရန်အတွက် နီးလောင်းအဖြစ် ခွဲခြမ်းစိတ်ဖြာဖြတ်တောက်ခြင်း၊ အဖြူထည်ပစ္စည်းအဖြစ် နီးခွေခြင်း၊ ဓားကောက်ဖြင့် အချောသတ်ခြင်း၊ သစ်စေးရည်သုတ်ခြင်း၊ မြေတိုက်သွင်းခြင်း၊ သားရိုးကိုင်ခြင်း၊ ကော်ပတ်စားခြင်း၊ နန်းဆွဲပန်းကြွတင်ခြင်း၊ မြေတိုက်ပြန်သွင်းခြင်း စသည်ဖြင့် ယွန်းထည်ပစ္စည်းတစ်မျိုးကို ဝါးအဆင့်မှ ကုန်ချောဖြစ်လာသည်အထိ အချိန် ခြောက်လကျော်ကြာမြင့်ကြောင်း သိရသည်။

မြန်မာ့လက်မှုပညာ ယွန်းထည်ပစ္စည်းများကို ထိုကဲ့သို့ အဆင့်ဆင့် အချိန်ကာလများစွာ ယူ၍ လုပ်ကိုင်ဆောင်ရွက်ရပြီး ကုန်ချောအဖြစ် အသုံးပြုရန် အသင့်ဖြစ်နေသည့် ယွန်းထည်များမှာလည်း အပူအအေးခံနိုင်ခြင်း၊ ကြာရှည်ခံခြင်း၊ ထိခိုက်ပျက်စီးမှု နည်းပါးခြင်း၊ ပေ့ါပါးလုပခြင်း စသည့် အရည်အသွေးကောင်းများ ရှိနေခြင်းတို့ကြောင့် ရှေးယခင်မှစ၍ ယနေ့အချိန်အထိ သုံးစွဲသူတို့သဘောကျ နှစ်သက်ခဲ့ကြသည်။

သို့သော်လည်း မြန်မာ့ယွန်းထည်ပစ္စည်းများမှာ အချိန်ကာလကြာမြင့်စွာ အနုစိတ် ပြုလုပ်ဆောင်ရွက်ရခြင်း၊ ကုန်ကြမ်းပစ္စည်း ရှားပါးလာခြင်း၊ မျိုးဆက်သစ်ကျွမ်းကျင်လုပ်သား နည်းပါးလာခြင်းတို့အပြင် ဈေးကွက်အတွင်းသို့ ပြည်ပနိုင်ငံအသီးသီးမှ ဈေးနှုန်းချိုသာစွာဖြင့် ထိုးဖောက်ဝင်ရောက်လာကြသော စတီး၊ ဖန်၊ ကြွေ၊ ပလတ်စတစ်ပစ္စည်းမျိုးစုံတို့ကြောင့် တစ်စတစ်စ လူသုံး နည်းလာကာ မြန်မာ့ယွန်းထည်လုပ်ငန်းသည်လည်း တဖြည်းဖြည်း လျော့နည်းပျောက်ကွယ်စပြုလာကြောင်း သိရသည်။

"အရင်က ယွန်းထည်လုပ်ငန်းကို ကျောက္ကာတစ်ရွာလုံး မိရိုးဖလာလုပ်ငန်းတစ်ခုအနေနဲ့ လုပ်ကိုင်လာကြတာပါ၊ အခုတော့ ကုန်ကြမ်းရှား၊ လုပ်သားရှား၊ ဈေးကွက်ရှားနဲ့ ရွာမှာ ယွန်းထည်လုပ်ငန်း လုပ်ကိုင်သူ ၁၀ ဦးလောက်ပဲရှိတော့တယ်၊ လုပ်ကိုင်နေကြသူ အားလုံးလိုလိုကလည်း ပြည်တွင်းဈေးကွက်ထဲ ထိုးဖောက်ဝင်ရောက်ဖို့အတွက် မဟုတ်တော့ဘဲ ထိုင်း၊ ပြင်သစ်၊ ဂျာမနီ၊ စပိန်စတဲ့ ပြည်ပနိုင်ငံတွေကနေ အော်ဒါတွေရှိနေလို့ လုပ်ငန်းဆက်လက် ရပ်တည်နေနိုင်ကြတာပါ၊ ပြည်တွင်းဈေးကွက်တစ်ခုတည်းအတွက်နဲ့သာဆိုရင် လုပ်ငန်းတွေရပ်ကုန်တာကြာလှပါပြီ၊ အခုအသစ်ထွက်ရှိနေတဲ့ ခေတ်မီလူသုံးကုန်ပစ္စည်းတွေနဲ့ ယွန်းထည်ပစ္စည်းတွေက ဈေးနှုန်းအရဆိုရင်လည်း အဆမတန် ကွာခြားမှုရှိနေတာကြောင့် သုံးစွဲသူတွေက ပေ့ါပေ့ါပါးပါး ဈေးသက်သာပြီး မြို့တိုင်း၊ ရွာတိုင်း၊ နေရာတိုင်းမှာ အလွယ်တကူ ဝယ်ယူသုံးစွဲလို့ရတဲ့ ပစ္စည်းတွေကိုပဲ ဝယ်ယူသုံးစွဲကြတော့တယ်၊ ဒါကြောင့် မြန်မာ့ယွန်းထည်လုပ်ငန်းက တဖြည်းဖြည်းနဲ့ ပျောက်ကွယ်လုနီးပါးဖြစ်လာပါပြီ" ဟု မုံရွာမြို့နယ် ကျောက္ကာ (မြောက်) ရွာမှ ရွှေကနုတ် ယွန်းထည်လုပ်ငန်းပိုင်ရှင် ဦးစိုးမိုးကျော်က ပြောသည်။ ။**သက်နိုင် (ပြင်ဦးလွင်)**

## နောင်ယားကန်သာယာဘေး ညဈေးဖွင့်ပါက သဘာဝအလှ ပျောက်ကွယ်သွားမည်ကို စိုးရိမ်

**လှိုင်ကော် ဒီဇင်ဘာ ၂၆**

ကယားပြည်နယ် လွိုင်ကော်မြို့ နောင်ယား (ခ) ရပ်ကွက်အတွင်းရှိ လွိုင်ကော်မြို့၏ အထင်ကရ နောင်ယားကန်သာယာဘေးတွင် ညဈေးဖွင့်လှစ်ရန် ကယားပြည်နယ် အစိုးရအဖွဲ့က စီစဉ်ဆောင်ရွက်လျက်ရှိရာ အဆိုပါ ညဈေးကြောင့် နောင်ယားကန်သာယာ၏ သဘာဝအလှပျက်စီးမည်ကို စိုးရိမ်သူများရှိနေကြောင်း သိရသည်။

"နောင်ယားကန်သာယာကန်ပေါင်ပေါ် ဦးနီလမ်းဘေးတစ်လျှောက် ညဈေးဖွင့်ဖို့အတွက် ဒီဇင်ဘာ ၁၄ ရက်က ဆိုင်ခန်းနေရာတွေ မဲစနစ်နဲ့ နေရာချထားခဲ့တယ်၊ ဈေးသည်တော်တော်များများ ဆိုင်ခန်းနေရာယူလာကြတယ်၊ ဒီလိုပြည်သူတွေ အပန်းဖြေနားနေရာနေရာမျိုးမှာ ညဈေးမဖွင့်သင့်ဘူးလို့ ထင်တယ်၊ ဈေးဆိုင်တွေကြောင့် ကန်သာယာရဲ့အလှဖုံးကွယ်သွားနိုင်သလို ဈေးဆိုင်တွေက စွန့်ပစ်လိုက်တဲ့ စွန့်ပစ်ပစ္စည်းတွေကြောင့် နောင်ယားကန်သာယာရဲ့ ရေပြင်ကြီး ညစ်ညမ်းသွားနိုင်ပါတယ်၊ ဒီလိုနေရာမျိုးတွေမှာ သစ်ပင်၊ ပန်းပင်တွေသာ တိုးချဲ့စိုက်ပျိုးသင့်ပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

ယခုအခါ နောင်ယားကန်သာယာဘေး ဦးနီလမ်းတစ်လျှောက် ညဈေးဆိုင်ခန်း ချထားပေးနိုင်ရေးအတွက် မြေညှိခြင်း၊ ဆိုင်ခန်းနေရာသတ်မှတ်ခြင်းတို့ ဆောင်ရွက်လျက်ရှိပြီး ဈေးသည် ၅၀ ကျော်တို့အား ဆိုင်ခန်းနေရာ ၈၀ ကျော်နေရာချထားပေးရန် စီစဉ်ခြင်းဖြစ်ကြောင်း၊ ညဈေးဖွင့်လှစ်ခဲ့ပါက ရိုးရာအစားအစာနှင့် အခြားကုန်ပစ္စည်းမျိုးစုံဆိုင်များကို ညနေ ၃ နာရီမှ ည ၁၀ နာရီအထိ ဖွင့်လှစ်ရောင်းချခွင့်ပြုသွားမည်ဖြစ်ကြောင်း ဈေးသည်တစ်ဦးထံမှ သိရသည်။

အဆိုပါ နောင်ယားကန်သာယာသည် လွိုင်ကော်မြို့တည်စကပင် တည်ရှိခဲ့ပြီး လွိုင်ကော်မြို့နေလူထု၏ ထိန်းသိမ်းစောင့်ရှောက်မှုကြောင့် ယနေ့တိုင် လွိုင်ကော်မြို့လယ်၌ သဘာဝမပျက် တည်ရှိခဲ့ကာ ပြည်သူများ အပန်းဖြေနားနေစရာ နေရာတစ်ခုအဖြစ် ထင်ရှားလျက်ရှိသည်။

**ကြီးမြင့်နိုင် (လွိုင်ကော်)**




**ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ မြို့သန့်ရှင်း သာယာလှပစေရေးအတွက် မြို့တွင်းမှ စွန့်ပစ်အမှိုက်များ စနစ်တကျ စွန့်ပစ်နိုင်ရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ခြောက်ကေအကျယ်အဝန်းရှိ အမှိုက်စွန့်ပစ်ကန် တစ်ကန်ကို တကောကျေးရွာ ရေတံခါးအနီးတွင် စက်ယန္တရားဖြင့် တူးဖော်လျက်ရှိသည်ကို ဒီဇင်ဘာ ၂၁ ရက်က တွေ့မြင်ရစဉ်။** ကိုကျော် (သုံးခွ)

## မူခင်းပညာပေး ဟောပြော

**မော်လမြိုင် ဒီဇင်ဘာ ၂၆**

သံဖြူဇရပ်မြို့နယ် ကရုပ္ပိကျေးရွာ အနောက်ပိုင်း ဓမ္မာရုံ၌ မြို့နယ်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် ဒီဇင်ဘာလ တတိယပတ်က မူခင်းကျဆင်းရေး အသိပညာပေး ဟောပြောပွဲ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး လှထွန်းက သက်ငယ်မုဒိမ်းမှု ပပျောက်ကင်းစင်ရေးနှင့် မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှု ပြစ်ဒဏ်များ၊ ဆိုးကျိုးများ အကြောင်းကိုလည်းကောင်း၊ ကရုပ္ပိ ရဲကင်းစခန်းမှူး ရဲအုပ် ဝင်းဇော်က ယာဉ်/လမ်းစည်းကမ်းဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များ၊ လိုက်နာရန် စည်းကမ်းချက်များ အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။**ကျော်သန်း(မော်လမြိုင်)**

## သက်ငယ်မုဒိမ်းပပျောက်ရေး အသိပညာပေး

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် မြို့နယ်အသီးသီးတွင် သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မှုခင်းကျဆင်းရေးအတွက် ရပ်ကွက်၊ ကျေးလက်နေပြည်သူတို့နှင့် ကျောင်းသား ကျောင်းသူတို့အား အသိပညာပေး ဟောပြောပွဲများဖြင့် ပညာပေးဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာလ တတိယပတ်က ဒဂုံမြို့သစ်အရှေ့ပိုင်း အမှတ် ၁၁၈ ရပ်ကွက် ဦးအောင်ဇေယျလမ်းရှိ Maisha Myanmar Garment Company Limited အထည်ချုပ်စက်ရုံ၌ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ကိုကိုလွင်က စက်ရုံပိုင်ရှင်နိုင်ငံခြားသား၊ အလုပ်သမားခေါင်းဆောင်များနှင့်အတူ စက်ရုံအလုပ်သမား တစ်ထောင်ကျော်အား သက်ငယ်မုဒိမ်းပပျောက်ရေးနှင့် မှုခင်းကျဆင်းရေးအတွက် အသိပညာပေးလှုပ်ရှားမှုအဖြစ် ဟောပြောခဲ့ပြီး ဖြစ်စဉ်များကို ပရိုဂျက်တာဖြင့် ရှင်းလင်းကာ လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**သန်းထိုက် (လှိုင်သာယာ)**

# ငွေနှင်းစိုစို လပြာသို ခွာညိုသင်းမြဲ မြင်းခင်းပွဲ

**ပန်းတောင်းသန်းကြွယ်**

“ငွေသော်တာ စန္ဒနှင့်၊ ဖုသျှတဲ့လမ်းဆုံ
တိမ်လွှာမှာ ရောင်ဝါကျင်းလို့
ထိန်ဝင်းတူပြိုင်ပ၊ မြန်းကြွခိုက်ကြုံ။
တစ်လိန်ရုဏ်၊ မြိုင်စုံမြနန်း
နုစိမ်းစိုစိုနှင့်
ပန်းခွာညိုငုံတံထူးတယ်၊ ဖူးပွင့်ချက်ဆန်း”

**ဖိုးသူတော်ဦးမင်း**

ပြာသိုလသည် မြန်မာလ ၁၂ လတွင် ဆယ်ခုမြောက်လဖြစ်သည်။ ထက်ကောင်းကင်တွင် မိုးတိမ်ကင်းစင်၍ စိမ်းမြမြ မြက်ခင်းပြင်တွင် မြူနှင်းများ စွတ်စိုနေလေ့ရှိသည်။ ပန်းခွာညို တို့သင်းသော သာယာလှပသည့် လရာသီဖြစ်သည်။ ဆောင်းဥတုတွင် ပါဝင်၍ ချမ်းအေးသည်။

ပုဂံခေတ်ကျောက်စာများတွင် ပြာသိုလကို ‘ပ္လသိုဝ်’၊ ‘ပ္လသိုဝ်’၊ ‘ပ္လါသိုဝ်’ ဟူ၍ ရေးသားလေ့ရှိသည်။ ဝေါဟာရလီနတ္ထဒီပနီကျမ်း၌ မကာရရာသီတွင် ဖုသျှနက္ခတ်ယှဉ်သော ပြာသိုလပြည့်နေ့ကို ‘ပေါဗီ’ခေါ်ကြောင်း၊ ထိုမှ ပါဠိဘာသာ ပြာသိုလဟော ‘ပေါသီ’သို့သက်ကြောင်း၊ ကာလရှည်ကြာပြီးနောက် ‘ပြောသီ’၊ ‘ပြာသို’ဟု ခေါ်ဝေါ်ကြကြောင်းများ ဖော်ပြထားသည်။ ဗေဒင်အလိုအားဖြင့် ပြာသိုလကို မကာရရာသီဟု ခေါ်သည်။ ဖုသျှနက္ခတ်နှင့် လမင်းတို့ ယှဉ်ပြိုင်ကာ မွန်းတည့်၏။ နေမင်းသည် ဥတ္တရာသန်နက္ခတ်နှင့်ယှဉ်၍ ရာသီရုပ်မှာ မကန်းငါးရုပ်ဖြစ်သည်။ ရာသီပန်းမှာ ခွာညိုပန်းဖြစ်၏။

**ပျားဖယောင်းလ**

ပြာသိုလတွင် ရက်ပေါင်း ၃၀ ရှိသည်။ ‘နေ့ဝါဆို၊ ညပြာသို’ ဟူသော စကားနှင့်အညီ နေ့တာတို့၍ ညတာရှည်သည်။ မြန်မာနာရီအားဖြင့် နေ့ ၂၄ နာရီ၊ ညဉ့် ၃၆ နာရီ ရှိသည်။ ဆောင်းဥတု၏ အလယ်ကျသောလ ဖြစ်သည်။ ရှေးခေတ် ပုဂံသားတို့ မီးထွန်းရန် အားထားရသော ပျားဖယောင်းများ အများဆုံးစုဆောင်း၍ရသောလ ဖြစ်သောကြောင့် ပျားဖယောင်းလဟူ၍လည်း သတ်မှတ်ခဲ့ကြသည်။

**မြင်းခင်းပွဲတော်**

ပုစွန်တာရာထွန်းပသော ပြာသိုလတွင် ရှေးမြန်မာမင်းများ ရှိစဉ်အခါက မြင်းခင်းသဘင်ခေါ် မြင်းခင်းပွဲတော်ကို ကျင်းပလေ့ရှိသည်။ “ပြာသိုမှာ ဖြာစိုနှင်းရယ်နှင့် ခါအလို ခွာညိုသင်းပါဘိ၊ မြင်းတော်မြတ်သဘင်မှာ၊ ပျော်ရွှင်ကြပြည်လုံး”ဟူသော ရှေးမြန်မာကဗျာနှင့်အညီ ရှေးမင်းများ အစဉ်အဆက်ကျင်းပခဲ့သော ပွဲဖြစ်သည်။ ဤပွဲတော်သည် ပင်းယ တစ်စီးရှင် သီဟသူလက်ထက် သက္ကရာဇ် ၆၇၄ ခုနှစ်ခန့်က စတင်ပေါ်ပေါက်လာသည်ဟု မှတ်တမ်းပြုကြသည်။

**စစ်ရေးပြပွဲ**

မြင်းခင်းသဘင်ပွဲတော်သည် ဘုရင်မင်းမြတ်များကိုယ်တိုင် တက်ရောက်ကျင်းပလေ့ရှိသော ပွဲတော်ဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးအတွက် လေ့ကျင့်သောပွဲ၊ စွမ်းရည်မြင့်မားမှု၊ စည်းလုံးညီညွတ်မှုတို့ကို ပြသသောပွဲ ဖြစ်သည်။ အမြော်အမြင်ကြီးလှသော ရှေးခေတ်မြန်မာတို့၏ စစ်ရေးအဖုံဖုံအတွက် သူရဲကောင်းမျိုးစုံကို လေ့ကျင့်မွေးထုတ်ပေးသည့် စစ်ရေးပြပွဲလည်း ဖြစ်သည်။ မြင်းကို ပဓာနပြုသောအားဖြင့် မြင်းခင်းသဘင်ဟု ခေါ်ဆိုခဲ့ကြသော်လည်း မြင်းခင်းသဘင် တစ်မျိုးတည်းသာမက ဆင်ခန်း၊ လေးခန်း၊ ဓားခုတ်၊ လုံထိုး စသည့် စစ်ရေးစစ်ရာ ကျွမ်းကျင်မှုအမျိုးမျိုး၊ ကိုယ်ခံပညာသိုင်းအမျိုးမျိုးတို့ကိုပါ ပြသကြပြီး ပြာသိုတစ်လလုံး ဆက်တိုက်ကျင်းပသောပွဲကြီး ဖြစ်သည်။

မြင်းခင်းသဘင်ပွဲသို့ မင်းနှင့် မိဖုရားတို့ ကိုယ်တော်တိုင် ကြွရောက်၍ မင်္ဂလာမဏ္ဍပ်မှ ရှုစားအားပေးကြ၏။ သူဌေး သူကြွယ်၊ ကုန်သည်နှင့် ဆင်းရဲသားပြည်သူများပါမကျန် စိတ်ဝင်တစား တက်ရောက်အားပေးလေ့ ရှိကြသည်။ မင်းသား၊ မှူးမတ်များအားလုံး ပါဝင်ယှဉ်ပြိုင်ကြရ၏။ ပြိုင်ပွဲမဝင်ပါက အရည်အချင်းမဲ့သူအဖြစ် အထင်သေးခံကြရ၏။ ပြိုင်ပွဲဝင်သူတို့သည် မိမိရာထူး၊ ဌာနန္တရအလိုက် မိန်ညိုချပ်ဝတ်တန်ဆာတို့ကို သေသပ်ကျနစွာ ဝတ်ဆင်၍ ယှဉ်ပြိုင်ကြရ၏။ ပြိုင်ပွဲဝင်နေစဉ် ချပ်ဝတ်တန်ဆာများကျွတ်ကျလျှင် အိန္ဒြေမဲ့သည်ဟု သတ်မှတ်ကာ အကျီချွတ်၍ နေလှန်းဒဏ်ပေးခြင်းကို ခံကြရ၏။

**စက်ကွင်းလုံထိုးပွဲ**

ဦးစွာမြင်းစီးလုံကိုင်သူရဲတို့သည် စက်ကွင်းလုံထိုးပွဲ၌အစွမ်းပြကြ၏။ စက်တိုင်ခွက်တွင် လုံများကို ထူးခြားစွာ စိုက်ထိုးပြကြ၏။ စက်တိုင်အမြင့် အတောင် ၂၅၊ ၄၀၊ ၆၀ ရှိ စက်ခွက်အသီးသီးသို့ လုံကိုင်သူရဲတို့သည် မြင်းစီးစိုင်းနှင်ရင်း တစ်ခွက်ပြီးတစ်ခွက် အဆင့်ဆင့် လုံဖြင့်ထိုးကြရ၏။ စက်ခွက်ကို လုံစွဲသည့်အခါ တစ်ကွင်းလုံး ဆူညံစွာ သြဘာပေးလေ့ရှိသည်။

ဤပွဲတော်တွင် ထူးချွန်သော လုံကိုင်သူရဲတို့ကို မိဖုရားကြီးက ရွှေကျင်ခတ်ပဝါကိုလည်းကောင်း၊ မင်းသမီးများက မိမိတို့ပန်ထားသည့် ပန်းများကိုလည်းကောင်း ဂုဏ်ပြုပေးကမ်းကြသည်။ လုံကိုင်သူရဲတို့က ရွှေကျင်ခတ်ပဝါကို ရင်၌စည်းကာ ပန်းကို နားမှာပန်လျက် စစ်ရေးပြကွင်းအတွင်း တစ်ပတ်ပတ်ကာ ဟန်ရေးပြကြသည်။ ပွဲကြည့်ပရိသတ်ကြီးက တစ်ခဲနက် ဟစ်ကြွေးသြဘာပေးကြသည်။

**မြင်းရေး ၃၇ ရေး**

စက်ကွင်းလုံထိုးပွဲပြီးလျှင် မြင်းရေး ၃၇ ရေးကို စီးပြကြရ၏။ မြင်းရေး ၃၇ ချင်းကို စိန်ဆိုင်း၊ မြဆိုင်းတို့က မြင်းရေးအလိုက် ရွေးချယ်တီးမှုတ်ကြရ၏။ မြင်းစီးသူရဲတို့က ဘုရင့်ရှေ့တော်မှောက်တွင် စည်းကျဝါးကျ စီးပြကြ၏။ စွမ်းရည်အမျိုးမျိုးကို ကျွမ်းကျင်မှုအလိုက် ပြသကြရာ အံ့သြဘနန်းရှိလှ၏။

**လေးပစ်အစွမ်းပြပွဲ**

မြင်းရေးပွဲပြီးလျှင် လေးသည်တော်တို့က လေးပစ်အမျိုးမျိုးကို အစွမ်းပြကြပြန်သည်။ မြင်းမြီးကို နှစ်ခြမ်းကွဲအောင် ပစ်ပြခြင်း၊ ကလေးငယ်၏ထိပ်ပေါ်ရှိ သံပရာသီးကို ထိမှန်အောင် ပစ်ပြခြင်းတို့ဖြင့် အစွမ်းပြကြလေသည်။ ထူးချွန်သူတို့အား ရွှေဖလား၊ ငွေဖလား၊ ရွှေကျင်ခတ်ပဝါ၊ သဇင်ပန်း စသည်တို့ဖြင့် ဆုချီးမြှင့်ကြလေသည်။

လေးပွဲပြီးလျှင် ဗလီခတ်ကစားကြ၏။ သစ်သားကူလီသီးကို သစ်သားကူလီတံဖြင့် မြင်းစီးရင်း သူ့ဘက်ကိုယ့်ဘက်သို့ပါအောင် အတင်းလု၍ လိုမ့်ယူရသော ကစားနည်းဖြစ်၍ ကူလီရိုက်သည်ဟုလည်း ခေါ်ကြသည်။ ဤကစားနည်းသည် ကုန်းမြင့် လျှိုမြောင်မရှောင် တက်၍ဆင်း၍၊ ကွေ့၍ဝိုက်၍ လိုက်ပါကစားရ၏။ လျင်မြန်ဖြတ်လတ်ပြီး မြင်းစီးကျင်လည်စေသော ကစားနည်းဖြစ်၏။

ပြီးလျှင် ဆင်ပွဲကိုကျင်းပကြ၏။ နိုင်ငံတော်အတွက်အဘက်ဘက်မှအသုံးချရန် အားကြီးမာန်တက်ဖြင့် ဆင်ဖမ်းရသည့်ပွဲဖြစ်သည်။ ဆင်ပွဲသည် ရှေးမြန်မာတို့၏ အားမာန်နှင့် ကြံ့ခိုင်မှုကို ပေါ်လွင်စေသည့်ပွဲပင်ဖြစ်သည်။

ထိုထိုသော ပြိုင်ပွဲအသီးသီးတွင် ထူးချွန်သူတို့သည် ဆုအမျိုးမျိုးကို ရရှိကြသည်။ ကြင်ရာဇနီးကိုပင် ရလေ့ရှိတတ်သည်။ မင်းမိဖုရားနှင့် မိန်းကလေးရှင် မိဘများက သဘောကျလျှင် မိမိတို့၏သမီးနှင့် လက်ဆက်ပေးလေ့ရှိသောကြောင့် ဖြစ်သည်။ ရှေးခေတ်က အစဉ်အလာမပျက် ဆင်ယင်ကျင်းပခဲ့သော ငွေနှင်းစိုစို လပြာသို၏ ခွာညိုသင်းမြဲ မြင်းခင်းပွဲကား သူရဲကောင်းမျိုးစုံ ရွေးပွဲပင်ဖြစ်သည်။ ထိုသူရဲကောင်းတို့က အမိနိုင်ငံတော်ကြီးအား အခွန့်ရှည် တည်တံ့ခိုင်မြဲအောင် သက်စွန့်ဆံဖျား ကာကွယ်စောင့်ရှောက်ပေးခဲ့ကြသည်။ ဤဆောင်းပါးဖြင့် သူရသတ္တိပြည့်စုံသော၊ လက်ရုံးစွမ်းရည် ထက်မြက်ခဲ့ကြသော ရှေးခေတ် မြန်မာ့သမိုင်းဝင် သူရဲကောင်းများအား လေးစားကြည်ညိုစွာ ဂုဏ်ပြုလိုက်ရပါသည်။ ။

**စာကိုး**

**ပြာသို-မြန်မာ့စွယ်စုံကျမ်းအတွဲ - ၇**

**ခွာညိုသင်းသင်း ပြာသိုတွင်း မြင်းခင်းသဘင်တော်-ဝိသုဇ္ဇက(ပဲခူး)**

> **“ပြိုင်ပွဲအသီးသီးတွင် ထူးချွန်သူတို့သည် ဆုအမျိုးမျိုးကိုရကြသည်။ ကြင်ရာဇနီးကိုပင် ရလေ့ရှိတတ်သည်။ မင်းမိဖုရားနှင့် မိန်းကလေးရှင် မိဘများက သဘောကျလျှင် မိမိတို့၏သမီးနှင့် လက်ဆက်ပေးလေ့ရှိသောကြောင့် ဖြစ်သည်။ ရှေးခေတ်က အစဉ်အလာမပျက် ဆင်ယင်ကျင်းပခဲ့သော ငွေနှင်းစိုစို လပြာသို၏ ခွာညိုသင်းမြဲ မြင်းခင်းပွဲကား သူရဲကောင်းမျိုးစုံ ရွေးပွဲပင်ဖြစ်သည်”**

## နာနတ်ရွက်မှ အမျှင်ခြစ်ထုတ်ရယူနိုင်ရန် သင်တန်းပေးခြင်းနှင့် ဆွေးနွေးပွဲပြုလုပ်

**လှိုင်းဘွဲ့ ဒီဇင်ဘာ ၂၆**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကျုံပကိုကျေးရွာမှ နာနတ်စိုက်ပျိုးသော တောင်သူများအနေဖြင့် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းဖြစ်သော နာနတ်ရွက်မှ အမျှင်ခြစ်ထုတ်ရယူပြီး ချည်မျှင်ထုတ်ယူနိုင်စေရန် ရည်ရွယ်၍ သင်တန်းပေးခြင်းနှင့် ဆွေးနွေးပွဲကို UNIDO အစီအစဉ်ဖြင့် အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဒီဇင်ဘာ ၂၃ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဆင်ဇခုပ်က တောင်သူများအနေဖြင့် စိုက်ပျိုးပြီး စွန့်ပစ်ပစ္စည်းများမှ ချည်မျှင်ထုတ်ယူခြင်းဖြင့် ဝင်ငွေပိုမို ရရှိလာကြမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများမှရသော သဘာဝအမျှင်များဖြင့် အထည်အလိပ် ထုတ်လုပ်ရန်နှင့် ဒေသတွင်း ကုန်သွယ်ရေးလုပ်ငန်းများ ထူထောင်နိုင်ရန်၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအတွင်း အထည်အလိပ်များ ရေရှည်ထုတ်လုပ်သည့်ကွင်းဆက်များ အကောင်အထည်ဖော်ဆောင်ရန်၊ အထည်အလိပ်စစ်ဆေးသည့် ဒီစီတီတီ၏ စမ်းသပ်နိုင်စွမ်းကို အဆင့်မြှင့်တင်ရန် ရည်ရွယ်၍ ဆွေးနွေးပွဲပြုလုပ်ခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။




ထို့နောက် စက်မှုဝန်ကြီးဌာနမှ လက်ထောက်အထွေထွေ မန်နေဂျာ ဒေါ်မြတ်မြတ်ခိုင်က နာနတ်ချည်မျှင်စီမံကိန်းအကြောင်းကို မိတ်ဆက်ပြီး မျှော်မှန်းထားသော ရလဒ်များ၊ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများ၊ ကုန်ပစ္စည်းများဖြန့်ဖြူးခြင်း၊ အရည်အသွေးစစ်ဆေးခြင်းများကို ဆွေးနွေးကာ SME(ပဲခူး)မှ ဦးစိုးသူရထွန်းက နာနတ်ချည်မျှင်ရရှိရန် နာနတ်ရွက်ကို အမျှင်ခြစ်ထုတ်ခြင်း၊ အမျှင်များခွဲထုတ်ခြင်းကို ဆောင်ရွက်ရာတွင် လက်ဖြင့်ခွဲထုတ်ခြင်းနှင့် စက်ဖြင့်ခွဲထုတ်ခြင်းနည်းပညာများ စသည်တို့ကို ဆွေးနွေးခဲ့သည်။

လယ်သမားများအား နာနတ်ရွက်မှ အမျှင်ခြစ်ထုတ်ယူနိုင်ရန်အတွက် သင်တန်းပေးခြင်းနှင့် ဆွေးနွေးပွဲသို့ နာနတ်ပင်များ အဓိကစိုက်ပျိုးနေသော ကျုံပကိုကျေးရွာနှင့် တခင်းလုံကျေးရွာများမှ ဒေသခံ တောင်သူ ၅၀ ခန့် တက်ရောက်ခဲ့ကြပြီး သင်တန်းကာလ နှစ်ရက်ကြာ ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



## တနင်္ဂနွေပရဟိတလူငယ်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ဗန်းမော် ဒီဇင်ဘာ ၂၆**

ကချင်ပြည်နယ် ဗန်းမော်မြို့ပေါက်ကုန်းရပ်ကွက်ရှိ တနင်္ဂနွေပရဟိတ လူငယ်အဖွဲ့ဝင်များ စုပေါင်း၍ ဒီဇင်ဘာ ၂၄ ရက်က ပေါက်ကုန်းရပ်ကွက်ရှိ သဒ္ဓမ္မသီတဂူကျောင်းဝင်းအတွင်း၌ ချုံနွယ်သစ်ပင်များ၊ ပေါင်းမြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်ကောက်ခြင်းစသည့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တနင်္ဂနွေပရဟိတ လူငယ်အဖွဲ့သည် ၂၀၁၇ ဇူလိုင် ၂ ရက်မှစတင်၍ မြို့ပေါ်ရပ်ကွက် ၁၃ ခုအတွင်းရှိ စေတီ၊ ပုထိုး၊ ကျောင်းကန်ဘုရားများ၊ လမ်းများ၊ စာသင်ကျောင်းများတွင် အလှည့်ကျစနစ်ဖြင့် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း မပျက်မကွက် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြရာ ယခုတစ်ပတ်တွင် ၂၃ ကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်သည်။ တနင်္ဂနွေပရဟိတလူငယ်အဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးလုပ်ရာမှ ထွက်ရှိလာသော အမှိုက်များကို မြို့နယ်စည်ပင်သာယာက မော်တော်ယာဉ်များဖြင့် သယ်ယူစွန့်ပစ်ပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး**

## စာပေဗိမာန် စာမူဆုရစာအုပ် ဖြန့်ချိရောင်းချ

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၅ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ကဗျာပေါင်းချုပ် ပထမဆုရရှိသည့် ချမ်းမြသော်၏ “ မိုးသောက်ဂီတကဗျာများ” စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ကဗျာအပုဒ်ပေါင်း ၆၉ ပုဒ် ပါဝင်ပြီး လေးလုံးစပ်လင်္ကာနှင့် အချိုးကဗျာများကို ရေးသားထားသည်။ လင်္ကာဖွဲ့ဆိုမှုတွင် သမားရိုးကျဖြစ်နေသော တောတောင်သဘာဝဘွဲ့၊ ရာသီဥတုဘွဲ့များကို ဦးစား မပေးဘဲ အမြင်အတွေ့ အတွေးအခေါ်တို့ကို ဦးစားပေးဖွဲ့ဆိုထားသည့်အပြင် စကားလုံးများကိုလည်း ကာရန်မတိမ်းယိမ်းအောင် ပြေပြေပြစ်ပြစ် ဖွဲ့ဆိုထားသည်ကို ဖတ်ရှုရမည်ဖြစ်သည်။ ကဗျာနှစ်သက်မြတ်နိုးသူများနှင့် စာပေချစ်ခင်မြတ်နိုးသူများအနေဖြင့် ဝယ်ယူဖတ်ရှုထိုက်သော စာအုပ်တစ်အုပ်ဖြစ်ကြောင်း အကြံပြုတိုက်တွန်းအပ်ပါသည်။

ရောင်းဈေး ငွေကျပ် ၈၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈)၊ အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း-၀၆၇-၄၁၄၆၈၁)၊ ၈၆ လမ်း ၂၁နှင့် ၂၂လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်(ဖုန်း ၀၂-၃၀၁၈၆)နှင့် အမြို့မြို့ရှိစာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန (ဖုန်း ၀၁-၂၄၉၀၃၁နှင့် ၀၁-၃၈၁၄၄၈)တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ညှိနှိုင်းအစည်းအဝေးပြုလုပ်

**မိုးမိတ် ဒီဇင်ဘာ ၂၆**

မိုးမိတ်ခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၂၂ ရက်က ကျင်းပခဲ့သည်။

အစည်းအဝေးတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှိုင်ထွန်းက အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတိုးသောင်က မူးယစ်ဆေးဝါးနှင့်ပတ်သက်လျှင် ထိထိရောက်ရောက် အရေးယူသင့်ကြောင်းနှင့် ရပ်ကွက်၊ ကျေးရွာများတွင်လည်း တက်ကြွသောလူငယ်အဖွဲ့များ ဖွဲ့စည်းပြီး တာဝန်ရှိသူများနှင့် ချိတ်ဆက်ဖမ်းဆီးနိုင်ရေးတို့ကို ဆွေးနွေးကာ ခရိုင်ဥပဒေအရာရှိ ဦးကျော်သူနှင့် ဒုတိယ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးရွှေဦးတို့က ပြန်လည်ဆွေးနွေးဖြေကြားခဲ့သည်။

ဆက်လက်ပြီး မိုးမိတ်ခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့အတွင်းရေးမှူး ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးရွှေဦးက မိုးမိတ်ခရိုင်အတွင်း မူးယစ်ဆေးဝါးနှိမ်နင်းရေးဆောင်ရွက်မှုများကိုလည်းကောင်း၊ မိုးမိတ်မြို့နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇာနည်လတ်က မိုးမိတ်မြို့နယ်အတွင်း မူးယစ်ဆေးဝါးနှိမ်နင်းရေး ဆောင်ရွက်မှုများကိုလည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မြင့်သန်းဦးက မိုးမိတ်ခရိုင်အတွင်း အသိပညာပေးဆွေးပွဲများ ပိုမိုဆောင်ရွက်ရန် အတွက်လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ တက်ရောက်လာကြသူ အဖွဲ့ဝင်များကလည်း မိမိတို့ တတ်နိုင်သမျှ ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်းနှင့် မူးယစ် ဆေးဝါးရောင်းချမှု တားဆီးနှိမ်နင်းရေး၊ သုံးစွဲမှုပပျောက်ရေး၊ လူငယ်ထုများနှင့် ကျောင်းသားလူငယ်များ အကြား ပညာပေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်ကြရေးတို့ကိုလည်း အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

## မီးဘေးကာကွယ်ရေးအတွက် ကျေးရွာများတွင် တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေး

**ရေဦး ဒီဇင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်အတွင်း ကျေးလက်ဒေသများ၌ ပြည်သူများ မီးသုံးစွဲမှုစနစ် မှန်ကန်စေရေးအတွက် မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းတာဝန်ခံ ဦးရန်ပိုင်ဖြိုး၏ ကြီးကြပ်မှုဖြင့် သန္ဒေမီးသတ်တပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၂၃ရက်မှစတင်ကာ ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေး ပညာပေးမှုများ ဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာ ၂၄ ရက်က မန်ကျည်းတောကျေးရွာတွင် မီးသုံးစွဲမှုကို တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေးခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ ဆောင်ရွက်ခဲ့သည်။ မီးဘေးကြောင့် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ဆုံးရှုံးမှုမရှိစေရန်နှင့် သဘာဝ ဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်သော နည်းစနစ်များကို သိရှိအသုံးချနိုင်စေရန် ရည်ရွယ်၍ လိုက်လံစစ်ဆေး အသိပညာပေးခြင်းဖြစ်ကြောင်း သိရသည်။

ရေဦးမြို့နယ်၌ မီးဘေးကာကွယ်ရေးလုပ်ငန်းများတွင် ဒေသခံများ၏ ပူးပေါင်းပါဝင်မှုကြောင့် ၂၀၁၇ ခုနှစ်အတွင်း ဆုံးရှုံးမှုတန်ဖိုးနည်းပါးသည့် အသေးစားမီးလောင်မှု ကိုးကြိမ်သာ ဖြစ်ပွားခဲ့ပြီး ဆိုးရွားသော မီးဘေးအန္တရာယ်ကြုံတွေ့မှုတစ်ကြိမ်မှ မဖြစ်ခဲ့ကြောင်း မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းမှ သိရသည်။

**သန်းထိုက်(ရေဦး)**

## တောင်ကုတ်မြို့နယ်သို့တင်ပို့မည့် ဂေါ်ဖီထုပ်များ ဈေးကောင်းရရန် တောင်သူများမျှော်မှန်း

**ပန်းတောင်း ဒီဇင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ဧရာဝတီမြစ် အနောက်ဘက်ခြမ်းတွင်ရှိသော ပန်းတောင်းမြို့နယ်မှ တောင်သူများအနေဖြင့် နှစ်စဉ်စိုက်ပျိုးပြီး ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ဘက်သို့ နှစ်စဉ်တင်ပို့သော ပန်းဂေါ်ဖီထုပ်များ ပေါ်နေပြီဖြစ်ရာ ယခုနှစ်တွင်လည်း ယမန်နှစ်ကဲ့သို့ ဈေးကောင်းရရန် မျှော်မှန်းထားကြကြောင်း သိရသည်။

"ဇန်နဝါရီ ဒုတိယပတ်ဆိုရင် တောင်ကုတ်ကို ပို့လိုရပြီ၊ မနှစ်က အထုပ်ရေ ၂၄၀၀ စိုက်တာ ၁၅ သိန်းရတယ်၊ အရင်းက သုံးသိန်းပဲရှိတယ်၊ မနှစ်က ဒီအချိန်ဆိုရင် ဂေါ်ဖီ တစ်ထုပ်ကို ၅၀၀ ကနေ ၈၀၀ အထိ ရတယ်၊ ခရမ်းချဉ်သီးလည်း တောင်ကုတ်ကိုပို့တယ်၊ ရခိုင်ငရုတ်သီးလည်းပို့တယ်၊ ဒီကငရုတ်သီးကို မစားဘူး၊ သူတို့ဆီက မျိုးယူပြီးစိုက်တဲ့ ငရုတ်သီးကိုတော့ စားကြတယ်၊ ဂေါ်ဖီအစိုက်များရင် အရှုံးပေါ်လို့ သတိထားပြီး စိုက်ရတယ်၊ ဒီနှစ်တော့ ရခိုင်ကို ဂေါ်ဖီတင်ပို့ဖို့ လုပ်နေကြပြီ"ဟု ပန်းတောင်းမြို့ညောင်ကုန်းရွာအင်းမှ ဆောင်းသီးနှံများ စိုက်ပျိုးထားသည့် တောင်သူဦးစောလင်းက ပြောသည်။

ဧရာဝတီမြစ်အနီး ပန်းတောင်း-တောင်ကုတ် ကားလမ်းဘေးတွင်ရှိသော ညောင်ကုန်းရွာအင်းထဲ၌ ဆောင်းသီးနှံများဖြစ်သော ခရမ်းချဉ်သီး၊ ငရုတ်သီး၊ ရုံးပတီသီး၊ ပဲတောင့်ရှည်၊ မုန်လာဥ၊ ကန်စွန်း၊ ဂေါ်ဖီ၊ နံနံပင်နှင့် ပြောင်ဖူးတို့ကို ဒေသခံတောင်သူများက စိုက်ပျိုးထားကြရာ ထွက်ကုန်များပါက ဈေးကျတတ်သောကြောင့် ဈေးကောင်းရရန် ရာသီကြို စိုက်ပျိုးကြပြီး ယခုနှစ်တွင် တောင်ကုတ်သို့တင်ပို့မည့် ရာသီကြို ပန်းဂေါ်ဖီများအတွက် တစ်ထုပ်လျှင် ကျပ် ၆၀၀၊ ၇၀၀ ခန့် ဈေးကောင်းရရှိရန် တောင်သူများက မျှော်လင့်နေကြသည်။

**သန်းထိုက်(လှိုင်သာယာ)**

## မိုးအကုန်တွင် ဟားခါးမြို့၌ သောက်သုံးရေပြတ်လပ်မှု ရင်ဆိုင်ကြုံတွေ့လာ

**ဟားခါး ဒီဇင်ဘာ ၂၆**

မိုးရာသီကာလ ကုန်ဆုံးသွားသည့်အချိန်တွင် ချင်းပြည်နယ်၏မြို့တော် ဟားခါးမြို့ ပတ်ဝန်းကျင်တောတောင်များရှိ စိမ့်စမ်းရေများ ခန်းခြောက်ကာ ရေမလုံလောက်သည့်အတွက် ဟားခါးမြို့မှ ဒေသခံများအနေဖြင့် သောက်သုံးရေပြတ်လပ်မှုတို့နှင့် ရင်ဆိုင်ကြုံတွေ့လာရကြောင်း သိရသည်။

ဟားခါးမြို့တွင် ရပ်ကွက်ခြောက်ခုရှိပြီး လူဦးရေ ၅၀၀၀၀ ခန့် နေထိုင်ကြကာ သောက်သုံးရေအတွက် မိုးတွင်းကာလတွင် မိုးရေကိုသိုလှောင်၍ အသုံးပြုသူများပြားသည်။ ရေနည်းပါးချိန် ဆောင်းရာသီနှင့် နွေရာသီများတွင် သောက်သုံးရေမလုံလောက်သဖြင့် ငါးဂါလန်ဆံ့ ရေပုံးတစ်ပုံးလျှင် ငွေကျပ် ၂၅၀၊ ရေတိုင်ကီ တစ်လုံးလျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် နှစ်စဉ် ရေဝယ်ယူသုံးစွဲနေရကြောင်း ဟားခါးမြို့ဒေသခံများက ပြောဆိုကြသည်။



ရေပေးဝေရေးလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးနေသည့် ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့အား တွေ့ရစဉ်။

"ဟားခါးမြို့ ရေပေးဝေရေးစီမံကိန်းအရ သတ်မှတ်အချိန်မီ ရေဖြန့်ဝေပေးနိုင်ဖို့အတွက် မြို့တွင်းရေဖြန့်ဝေလိုင်းတွေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပါတယ်၊ သီးမစ်ကနေ တင်ပေးလိုက်တဲ့ ရေတွေဟာ ရေစုကန်တွေကနေတစ်ဆင့် ထိန်းချုပ်ကန်တွေအထိ ရေအားကောင်းကောင်းနဲ့ ရောက်ရှိနေပြီဖြစ်ပေမယ့် ပိုက်လိုင်းတစ်လျှောက် သဲတွေ၊ အနည်တွေ ရှိနေသေးတဲ့အတွက် ရေအားနဲ့ အကြိမ်ကြိမ် ဆေးကြောသန့်စင်ပေးလျက်ရှိပါတယ်၊ လောလောဆယ်မှာတော့ ရေပိုက်တွေကို ထိန်းချုပ်ကန်ကနေ အိမ်အရောက် တိုက်ရိုက်သွယ်တန်းပို့လွှတ်နိုင်အောင် စီစဉ်ပေးသွားမှာဖြစ်ပါတယ်၊ အနည်အနှစ်တွေ ကုန်စင်သွားတာ သေချာမှသာ ရေမီတာတွေကို စနစ်တကျ ဆက်လက်တပ်ဆင်ပေးသွားမှာဖြစ်ပါတယ်"ဟု ချင်းပြည်နယ် စည်ပင်၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်က ဒီဇင်ဘာ ၂၃ ရက်တွင် ပြောကြားသည်။

ဟားခါးမြို့သည် ပြည်နယ်၏မြို့တော်ဖြစ်သည်နှင့်အညီ ဒေသခံအနည်းငယ်နှင့် ဝန်ထမ်းအများစုနေထိုင်သော မြို့ဖြစ်ကာ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ဖြန့်ဝေပေးသောရေကို အသုံးပြုသူများကြောင်း၊ ဟားခါးမြို့မှ ခြောက်မိုင်ကျော်ဝေးသည့် သီးမစ်(ခေါ်) ဘွေနူးမြစ်မှရေကို ဟားခါးမြို့ပေါ်သို့ အမြင့်ရေတင်စနစ်ဖြင့် တစ်ကန်လျှင် ရေဂါလန်ရှစ်သိန်းဆံ့သည့် ရေကန် ၁၇ ကန်သို့ တင်ပို့ထားကြောင်း၊ အဆိုပါ ရေကန်များမှ ရေကို နေအိမ်များအတွက် အိမ်တိုင်ရာရောက် ပေးဝေရန် ရေဂါလန် ၅၀၀၀ ဆံ့ ရေကန် ၄၀ ခန့်ကို တည်ဆောက်နေပြီး ပိုက်လိုင်းသွယ်တန်းခြင်းကိုလည်း ဆောင်ရွက်နေရာ လာမည့်နွေရာသီတွင် ရေစတင်ပေးဝေနိုင်မည်ဖြစ်ကြောင်း ချင်းပြည်နယ် စည်ပင်သာယာရေးကော်မတီရုံးမှ သိရသည်။

ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၆၁၂၀ တွင် တည်ရှိသည့် ဟားခါးမြို့တွင်း၌ ယခင် ကာလများက ရေထွက်စိမ့်စမ်း၊ ချောင်းငယ်မြောင်းငယ်များ ရှိခဲ့သော်လည်း ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်က သဘာဝဘေးကြုံတွေ့ခဲ့ရပြီးနောက်ပိုင်းမှ အစပြု၍ သဘာဝပတ်ဝန်းကျင် ရေထွက်နေရာများ ပျက်ယွင်းလာကာ ဆောင်းနှင့် နွေ ကာလများတွင် ရေရှားပါးမှု၊ ရေပြတ်လပ်မှုကို နှစ်စဉ်ကြုံတွေ့နေရကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

## မဲဇာချောင်းဖြတ် ယာယီ ကားကူးသစ်သားတံတား တည်ဆောက်လျက်ရှိ



**အင်းတော် ဒီဇင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် သုက္ခာအုပ်စု သီလရွာနှင့် မြသီတာကျေးရွာကြားရှိ မဲဇာချောင်းကိုဖြတ်ကျော်သည့် ကားကူးသစ်သားတံတားကို ဒီဇင်ဘာ ၂၃ ရက်မှ စတင်ကာ သီလရွာမှ ဒေသခံပြည်သူများက ကိုယ့်အားကိုယ်ကိုး၍ လူအင်အား ၁၀၀ ကျော်ဖြင့် တည်ဆောက်နေကြကြောင်း သိရသည်။

"မဲဇာချောင်းကူးတံတား မရှိတော့ ကားတွေ၊ ထော်လာဂျီတွေ ဆက်သွယ်သွားလာရေးတွေ မပြေလည်ကြဘူး၊ ဒါကြောင့် ယာယီကားကူးသစ်သားတံတားကို ကိုယ့်အားကိုယ်ကိုး တည်ဆောက်နေကြတာပါ"ဟု သီလရွာမှ ဦးဝင်းရွှေက ပြောသည်။

သီလရွာသည် အိမ်ခြေ ၂၅၀ ခန့်ရှိပြီး ဒေသခံအများစုမှာ လယ်ယာလုပ်ကိုင်သော တောင်သူများဖြစ်ကြကာ ယခုပွင့်လင်းရာသီကာလတွင် စပါးများရိတ်သိမ်းပြီးဖြစ်နေသော်လည်း လယ်ယာထွက် ပိုလျှံစပါးများရောင်းချရန် လမ်းပန်းဆက်သွယ်သွားလာရေး အခက်အခဲများရှိနေကြသဖြင့် ယာယီကားကူးသစ်သားတံတားကို တည်ဆောက်ခြင်းဖြစ်သည်။

မကြာမီ ပြီးစီးတော့မည့် အဆိုပါ ယာယီ ကားကူးသစ်သားတံတားသည် အရှည် ပေ ၃၀၀၊ အကျယ် ပေ ၂၀ ရှိပြီး တိုင်အလုံးပေါင်း ၈၂ လုံးဖြင့် တည်ဆောက်နေခြင်းဖြစ်ကာ တံတားကြီး ပြီးစီးသွားပါက ဆောင်းရာသီနှင့် နွေရာသီကာလအတွင်း ဒေသ၏ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်ပို့ဆောင်ရေးကို လွယ်ကူချောမွေ့သွားစေမည်ဖြစ်ကြောင်း သိရသည်။

**သန်းမောင်လေး**

**ကိုရီးယားနိုင်ငံ KOICA အဖွဲ့၏ ကူညီထောက်ပံ့မှုဖြင့် မြန်မာဆယ်မာအူးလ်အွန်ဒုံ ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော သုံးခွမြို့နယ်အတွင်း နန်းခလဲကျေးရွာ၌ လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်ရေးအတွက် ထွန်စက်နှင့် အခြားစက်တပ်ယာဉ်များကို ဒေသခံများ မောင်းနှင်အသုံးပြုတတ်စေရန် ထွန်စက်မောင်းသင်တန်းကို ဒီဇင်ဘာ ၁၉ ရက်က စတင်ဖွင့်လှစ်စဉ်။** (သင်တန်းတွင် ကျေးရွာစီမံကိန်း စွမ်းဆောင်ရည်မြှင့်တင်ရေးအဖွဲ့ ခေါင်းဆောင် ဦးနေဝင်းအောင်က ကြီးကြပ်ကာ သင်တန်းနည်းပြဆရာ ဦးသောင်းမြင့်နှင့်အဖွဲ့က သင်တန်းသား ၄၀ ဦးအား ထွန်စက်နှင့် စက်ကိရိယာ မောင်းနှင်ပုံများကို ဒီဇင်ဘာ ၂၂ ရက်အထိ စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြသည်)

**ကိုကျော်(သုံးခွ)**



# သထုံမြို့နယ်အတွင်း ယနေ့တိုင်ရှိနေသော တိုင်းရင်းသားရိုးရာ ခြံနတ်ပူဇော်ဓလေ့



မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီး ပတ်ဝန်းကျင်ကျေးရွာများမှ ကရင်နှင့် ပအိုဝ်းတိုင်းရင်းသားများသည် မိမိတို့စိုက်ပျိုးထားသော ရာသီပေါ်သီးနှံပင်များ စတင်၍ အဖူးအပွင့်များ ထွက်ပေါ်လာချိန်နှင့် အသီးအနှံများ စတင်သီးနေချိန်အတွင်း အသီးများအောင်မြင်ဖြစ်ထွန်းစေရန်နှင့် အသီးအနှံများ အထွက်တိုးပြီး အပျက်အစီး အလေအလွင့်မရှိစေရန်၊ ကျေးငှက်တိရစ္ဆာန်များ၏ ဖျက်ဆီးမှုအန္တရာယ်မှ ကင်းဝေးစေရန်အတွက် တောပိုင် တောင်ပိုင်များအား တင်မြှောက်ပူဇော်ခြင်း(ဒေသအခေါ်) ခြံနတ်တင်ခြင်းကို နှစ်စဉ် ဒီဇင်ဘာလအတွင်း တစ်နှစ်တစ်ကြိမ် အစဉ်အဆက် ပြုလုပ်ခဲ့ကြပြီး ယနေ့တိုင်လည်း ထိုဓလေ့ကို ပြုလုပ်နေကြဆဲဖြစ်သည်ကို တွေ့ရသည်။

**နတ်စင်ပင်**

ထိုသို့ ခြံနတ်တင်သည့် ဓလေ့ကို ရာသီပေါ်သီးနှံများဖြစ်သည့် ဒူးရင်းခြံ၊ မင်းကွတ်ခြံ၊ နာနတ်ခြံများတွင်သာမက ရော်ဘာခြံများတွင်လည်း ပြုလုပ်ကြပြီး ခြံများတွင် သက်တမ်းရှည်အပင်ကြီးများ၊ အသီးများသည့်အပင်များကို နတ်စင်ပင်အဖြစ် သတ်မှတ်ကာ မိမိစိုက်ပျိုးထားသော ခြံတစ်ခြံတွင် မိမိယုံကြည်သည့် ဓလေ့ဖြစ်သည့် သက်သတ်လွတ်နတ်စင်ပင်နှင့် အသက်မလွတ် နတ်စင်ပင်ဟူ၍ ခြံတစ်ခြံလျှင် နတ်စင်ပင်နှစ်ပင်ကို သီးခြားစီ သတ်မှတ်ထားကြသည်။ ခြံနတ်တင်ရာတွင် ခြံရှင်၏ ယုံကြည်မှုအတိုင်း အသက်လွတ်နတ်စင်ပင်တွင် အသက်လွတ်ဟင်းလျာများဖြစ်သည့် ထမင်း၊ မုန့်ပဲသရေစာ၊ အချိုရည်၊ ဖယောင်းတိုင်၊ အမွှေးတိုင်များဖြင့် ပူဇော်တင်မြှောက်ကြပြီး အသက်မလွတ် နတ်စင်ပင်တွင် ထမင်း၊ ကြက်သား၊ ကြက်ဥ၊ အချိုရည်၊ ဆေးလိပ်၊ အရက် စသည်တို့ဖြင့် ပူဇော်တင်မြှောက်ကြသည်။



ခြံနတ်တင်မြှောက်ရာတွင် ကရင်တိုင်းရင်းသားနှင့် ပအိုဝ်းတိုင်းရင်းသားများ၏ ရိုးရာအလိုက် တင်မြှောက်ပုံ အနည်းငယ် ပုံသဏ္ဌာန်ကွဲပြားမှု ရှိကြသော်လည်း အဓိကရည်ရွယ်ချက်ဖြစ်သည့် သီးနှံများ အောင်မြင်ဖြစ်ထွန်းရန်၊ အထွက်တိုးရန်၊ အပျက်အစီး အလေအလွင့်နည်းရန် စသည့် အနှစ်သာရများမှာ အတူတူပင်ဖြစ်သည်။

**ညှော့ခံကျွေးမွေး**

ထိုသို့ နတ်တင်ပူဇော်တင်မြှောက်ပြီးချိန်တွင် ခြံရှင်တို့က ခြံနတ်တင်ရန်အတွက် ချက်ပြုတ်လာသော ထမင်း၊ ဟင်း၊ မုန့်ပဲသရေစာ၊ အချိုရည်၊ အရက်များဖြင့် ခြံနတ်တင်ရာ ခြံအတွင်းသို့ လာရောက်ကြသော ကလေး၊ လူကြီး၊ ညှော့သည်အပေါင်းတို့အပြင် ခြံနတ်တင်နေသည်ကို တွေ့မြင်၍ ဝင်ရောက်ကြည့်ရှုသူများအား ညှော့ခံကျွေးမွေးကြတော့သည်။ ယခုကဲ့သို့ ခြံနတ်တင်မြှောက်ပူဇော်ခြင်းကြောင့် သီးနှံများ အထွက်တို့၏ စီးပွားရေးကောင်းမွန်ကာ မိမိတို့ကိုသာမက မိသားစု၊ ဆွေမျိုးများ၏ အသက်အန္တရာယ်များကို တင်မြှောက်ပသသည့် နတ်အပေါင်းက ကာကွယ်စောင့်ရှောက်ပေးသည်ဟု တိုင်းရင်းသားများက လက်ခံယုံကြည်ကြပြီး ယနေ့ထက်တိုင်လည်း ထိုသို့ယုံကြည်မှုများဖြင့် ခြံနတ်တင်သည့် ရိုးရာဓလေ့ကို ပြုလုပ်နေကြဆဲဖြစ်ကြောင်း သိရသည်။

**ရိုးရာဓလေ့**

သုဝဏ္ဏဝတီမြို့ အနီးပတ်ဝန်းကျင်ကျေးရွာများဖြစ်သော ဝင်းပ၊ ဝီယော်၊ နောင်ဘို၊ မိုးကောင်း၊ တံတားဦးနှင့် ဇရစ်ချောင် ကျေးရွာများတွင် နေထိုင်ကြသော တိုင်းရင်းသားများ၏ ဒူးရင်းခြံ၊ မင်းကွတ်ခြံ၊ နာနတ်ခြံများနှင့် ရော်ဘာခြံများ အစရှိသည့် ဉယျာဉ်ခြံများအတွင်း၌ သီးနှံအထွက်တိုးစေရန်နှင့် လေလွင့်ပျက်စီးဆုံးရှုံးမှုနည်းစေရန်အတွက် ခြံနတ်တင်ခြင်းကို တိုင်းရင်းသားများ၏ ရိုးရာဓလေ့တစ်ခုအဖြစ် ဆောင်ရွက်နေကြပုံများကို ဒီဇင်ဘာလအတွင်းမှစ၍ သီးနှံများဖူးပွင့်ချိန် မတိုင်မီအထိ မြင်တွေ့နေရဆဲဖြစ်လေသည်။

**ခွန်(ဝင်းပ)**

# ဖျာပုံငါးဈေးနှင့် မွေးမြူရေးငါးကြင်းဈေးကွက်

**ဖျာပုံ ဒီဇင်ဘာ ၂၆**

ဖျာပုံမြို့သည် အခြားဒေသများနှင့်နှိုင်းယှဉ်ပါက ငါး၊ ပုစွန်နှင့် ရေထွက်ကုန်များ ပေါများသည့် မြို့တစ်မြို့ဖြစ်သည်။ မိုးတွင်းကာလတွင် ရေချိုငါးပုစွန်မျိုးစုံ၊ ပွင့်လင်းရာသီတွင် ပင်လယ်ငါးမျိုးစုံ ပေါများသည်။ ရာသီအလိုက် ငါးပုစွန်များ ပေါများသည်ဆိုသော်လည်း ဈေးကတော့ မြင့်မားသည်။

နွေ၊ မိုး၊ ဆောင်း ရာသီမရွေး ဈေးနှုန်းသင့်တင့်သည့် ငါးမှာ မွေးမြူရေးငါးကြင်းဖြစ်သည်။ ဖျာပုံမြို့နယ်အတွင်း မွေးမြူရေးငါးကန် များစွာရှိသည့်အနက် ငါးကြင်းကို အများဆုံးမွေးကြကြောင်း၊ ရန်ကုန်ဈေးကွက်သို့ တင်ပို့ပါက သယ်ယူပို့ဆောင်စရိတ် များပြားမှုတို့ကြောင့် တွက်ခြေမကိုက်၍ မွေးမြူရေးငါးကြင်းများကို ဖျာပုံငါးဈေးကွက်သို့ပင် အဓိက အားထားရောင်းချနေကြောင်း ငါးမွေးမြူသူများထံမှ သိရသည်။

ဖျာပုံငါးဈေးကွက်သို့ မွေးမြူရေးငါးကြင်း ဝင်ရောက်မှုမှာ တစ်ရက်လျှင် ပိဿာချိန် ၁၅၀၀ မှ ပိဿာချိန် ၂၀၀၀ အကြားရှိကြောင်း၊ ဖျာပုံငါးဈေးအတွင်း မွေးမြူရေးငါးကြင်းကို အများဆုံးဝယ်ယူပြီး လက်ကားပြန်လည်ရောင်းချနေသူများအနေဖြင့် ငါးတစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ မှ ငွေကျပ် ၂၈၀၀ ခန့်ဖြင့် ရောင်းချပြီး လက်လီပြန်လည်ရောင်းချသူများအနေဖြင့်မူ ငါးတစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ မှ ငွေကျပ် ၃၂၀၀ အတွင်း ဈေးနှုန်းဖြင့် ရောင်းချနေကြကြောင်း ဖျာပုံငါးဈေးအတွင်း ငါးရောင်းဝယ်သူများက ပြောသည်။

မွေးမြူရေးငါးကြင်းမှာ အခြားစားသောက်ကုန် ငါး၊ ပုစွန်နှင့် အသားများထက် အမြဲတမ်း ဈေးနိမ့်နေသဖြင့် အခြေခံလူတန်းစားနှင့် အလယ်အလတ်လူတန်းစားများ အဓိကဝယ်ယူကြသလို မွေးမြူရေးငါးကြင်းကို ဟင်းချက်စားရုံသာမက မုန့်ဟင်းခါးဟင်းရည် ချက်ရာတွင်လည်း အသုံးပြုကြကြောင်း သိရသည်။ ထို့အပြင် ငါးအသားကို ခြစ်၍လည်း တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၀ ခန့်ဖြင့် ရောင်းချသလို ငါးဖယ်ခြစ်ဖြင့်ရောနှော၍ ရောင်းချခြင်းတို့ကြောင့်လည်း မွေးမြူရေးငါးကြင်းမှာ ဈေးကွက်တွင်ကျယ်လျက်ရှိနေကြောင်း ဖျာပုံငါးဈေးမှ သိရသည်။

ပြည်ပနိုင်ငံများသို့ မွေးမြူရေးငါးများ တင်ပို့ရာတွင်လည်း မြန်မာနိုင်ငံမှ မွေးမြူရေးငါးကြင်းများသည် ဈေးကွက်ကျယ်ပြန့်လျက်ရှိပြီး အများဆုံးတင်ပို့နေရသော မွေးမြူရေးငါးဖြစ်သည့်အတွက် အခြားမွေးမြူရေးငါးများနှင့် နှိုင်းယှဉ်ပါက ပြည်တွင်းပြည်ပငါးဈေးကွက်တွင် ဈေးကွက်ခိုင်မာလျက်ရှိနေကြောင်း သိရသည်။

**အောင်ဝင်း(ဖျာပုံ)**



# ဒေသခံများကန့်ကွက်ထားသော်လည်း ဆက်သွယ်ရေးတာဝါတိုင် တည်ဆောက်ခြင်းကို ဆက်လက်ပြုလုပ်နေ

**ဟိုပင် ဒီဇင်ဘာ ၂၆**

ကချင်ပြည်နယ် ဟိုပင်မြို့ မြဇေယျာနယ်မြေ (၆) ရန်ကင်းအောင်ရပ်ကွက်အတွင်းရှိ ဦးငွေသောင်းပိုင် ခြံမြေတွင် MYTEL ကုမ္ပဏီက ဆက်သွယ်ရေးတာဝါတိုင် တည်ဆောက်နေခြင်းနှင့် ပတ်သက်၍ လူနေအိမ်နှင့်ဝေးသော အခြားနေရာသို့ ပြောင်းရွှေ့စိုက်ထူပေးရန် ဒေသခံများက နိုဝင်ဘာလကုန်ပိုင်းက ကန့်ကွက်ဆန္ဒဖော်ထုတ်ထားသော်လည်း တည်ဆောက်ခြင်းကို ဆက်လက်ပြုလုပ်နေကြောင်း ရပ်ကွက်နေပြည်သူများက ပြောကြားသည်။

ဆက်သွယ်ရေးတာဝါတိုင်တည်ဆောက်ရန် မြေနေရာငှားရမ်းပေးသူ ဦးငွေသောင်းကမူ တာဝါတိုင်တည်ဆောက်မည့်ကိစ္စနှင့်ပတ်သက်၍ အသိပညာများပေးခြင်းနှင့် တာဝါတိုင်ကြောင့် နောက်ဆက်တွဲ ပြဿနာများကို တာဝန်ယူဖြေရှင်းပေးရန် ဟိုပင်မြို့ မြဇေယျာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ အောက်တိုဘာ ၂၄ ရက်က တာဝါတိုင်တည်ဆောက်မည့်နေရာ အနီးဝန်းကျင်ရှိ ရပ်မိရပ်ဖများ၊ ရပ်ကွက်နေပြည်သူများအား ခေါ်ယူပြီး ချပြရှင်းလင်းသည့် အခမ်းအနားကို ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

“ကျွန်တော်က ဥပဒေဘောင်အတိုင်းပဲ လုပ်တာပါ၊ တာဝါတိုင်ကိစ္စနဲ့ပတ်သက်ပြီး အုပ်ချုပ်ရေးမှူးရုံးမှာ ရှင်းလင်းပွဲလုပ်တော့ အခုကန့်ကွက်တဲ့လူတွေကို ဖိတ်စာနဲ့ခေါ်တာ သူတို့က မလာဘူးလေ”ဟု ပြောသည်။

ကန့်ကွက်ထားသူများကမူ ဖိတ်စာကို ရှင်းလင်းပွဲလုပ်မည့် နံနက်တွင်မှ ရရှိပြီး အကြောင်းအရာ မရှင်းလင်းသဖြင့် မသွားလိုက်ကြောင်း ပြောသည်။ အဆိုပါရပ်ကွက်အတွင်းနေထိုင်ပြီး တာဝါတိုင်တည်ဆောက်ရန် ကန့်ကွက်နေသူဖြစ်သည့် ကိုအောင်စိုးမိုးက “ရှင်းလင်းပွဲလုပ်မယ့်ရက် နံနက် ၈ နာရီလောက်မှ လာဖိတ်တာပါ၊ အဲဒီအချိန်မှာ နေ့စားသွားလုပ်တဲ့သူက သွားပြီ၊ တောင်ယာသွားတဲ့သူက သွားကုန်ပြီ၊ ဖိတ်စာမှာက အကြောင်းအရာလည်း ဘာမှမရေးထားဘူး၊ နေရာလည်း မရေးထားဘူး၊ ဘာမှန်းလည်းမသိလို့ မသွားလိုက်တာပါ”ဟု ပြောသည်။

အဆိုပါတာဝါတိုင်တည်ဆောက်ခြင်းကိစ္စကို မြို့နယ်မှ တစ်စုံတစ်ရာညွှန်ကြားထားခြင်း မရှိသည့်အတွက် မြဇေယျနယ်မြေအုပ်ချုပ်ရေးမှူးအနေဖြင့် ဆက်လက်လုပ်ကိုင်ရန် မပြောသလို ရပ်တန့်ရန်လည်း ပြောဆိုထားခြင်းမရှိကြောင်း၊ ယခုပြုလုပ်နေသည်မှာလည်း ၎င်းတို့သဘောအတိုင်း ပြုလုပ်နေခြင်းသာဖြစ်နိုင်ကြောင်း မြဇေယျာနယ်မြေအုပ်ချုပ်ရေးမှူး ဦးမျိုးအောင်က ပြောသည်။



ဆက်သွယ်ရေးတာဝါတိုင်စိုက်ထူခြင်းကို ဦးငွေသောင်းပိုင်ခြံမြေမှ လူနေအိမ်များနှင့်ဝေးသော အခြားနေရာသို့ ပြောင်းရွှေ့စိုက်ထူပေးရန်အတွက် နိုဝင်ဘာ ၂၈ ရက်က အဆိုပါရပ်ကွက်နေ ဒေသခံတစ်ရာခန့်ဖြင့် ဆန္ဒဖော်ထုတ်ထားကြောင်း၊ ဆန္ဒဖော်ထုတ်ပြီးနောက်ပိုင်းတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများထံမှ တစ်စုံတစ်ရာညွှန်ကြားလာခြင်း မရှိသေးသော်လည်း တာဝါတိုင်တည်ဆောက်ခြင်းကို ဆက်လက်လုပ်ကိုင်နေကြသည့်အတွက် ကန့်ကွက်မှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကန့်ကွက်ရာတွင် ဦးဆောင်ပါဝင်သူများက ဆိုသည်။

“အရင်ကဝန်ကြီးချုပ်ဆီကိုတစ်ခါ၊ နေပြည်တော်ကိုတစ်ခါ တိုင်ထားတယ်၊ ဆန္ဒဖော်ထုတ်ခြင်းလည်း ပြုလုပ်ထားတယ်၊ ကျွန်တော်တို့ပြည်သူတွေရဲ့ဆန္ဒကို ဥပက္ခာပြုထားသလားလို့တောင် ခံစားနေရတယ်၊ သူတို့ဆက်လုပ်ရင် ကျွန်တော်တို့လည်း ဆက်ပြီးဆန္ဒဖော်ထုတ်သွားမှာပဲ”ဟု ကန့်ကွက်ရာတွင် ဦးဆောင်ပါဝင်သူ ကိုအောင်ဇော်ဝင်းက ပြောသည်။

အဆိုပါ ဆက်သွယ်ရေးတာဝါတိုင် တည်ဆောက်နေမှုကိစ္စနှင့် ပတ်သက်၍ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက အချိန်မီလာရောက်၍ ဖြေရှင်းပေးရန် ဒေသခံပြည်သူများက လိုလားနေကြပြီး အချိန်မီဖြေရှင်းခြင်းမရှိပါက ပြဿနာများ ဆက်လက်ကြီးထွားလာမည်ကို ရပ်ကွက်နေပြည်သူများက စိုးရိမ်နေကြကြောင်း သိရသည်။

**မင်းမင်းဦး**

# ဖြူးမြို့နယ်တွင် နွေစပါးများ စတင်စိုက်ပျိုးလျက်ရှိ

**ဖြူး ဒီဇင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကညွတ်ကွင်းဒေသရှိ ကျေးရွာများမှ လယ်သမားများသည် ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း ဖြူးချောင်းဘက်စုံတာတမံမှ လွှတ်ပေးသော ဆည်ရေများဖြင့် နွေစပါးဧက ၁၇၀ ခန့်ကို ပထမဆုံးအကြိမ်အဖြစ် စမ်းသပ်စိုက်ပျိုးခဲ့ကြရာ စပါးအထွက်နှုန်းမှာ တစ်ဧကလျှင် ပျမ်းမျှတင်း ၉၀ ခန့်အထိ ထွက်ရှိခဲ့ကြပြီး စပါးစိုက်တောင်သူများ အဆင်ပြေခဲ့ကြသည်။

ထို့ကြောင့် ယခု ၂၀၁၇-၂၀၁၈ နွေစပါးရာသီအတွင်း ဖြူးချောင်းဘက်စုံတာတမံဇဟားချောင်းမှ လွှတ်ပေးသည့် ဆည်ရေများဖြင့် နွေစပါးများ ထပ်မံစိုက်ပျိုးကြမည်ဖြစ်ကာ ဖြူးမြို့နယ် ပေါက်ဇလုပ်ကျေးရွာမှ လယ်သမားများအနေဖြင့် နွေစပါး ဧက ၃၀၀ ကျော်ခန့် စိုက်ပျိုးပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။ ဖြူးမြို့နယ် ကညွတ်ကွင်းဒေသရှိ ကျေးရွာအုပ်စုများမှ လယ်သမားများအနေဖြင့် ယခု နွေစပါးစိုက်ရာသီအတွင်း စုစုပေါင်း ဧက ၃၆၅၀ ကျော်ခန့် စိုက်ပျိုးသွားကြရန် လုပ်ငန်းခွင်သို့ ဝင်ရောက်လုပ်ကိုင်နေကြသည်ကိုလည်း တွေ့ရသည်။

**ဖြူးမြင့်ဦး**

## ကျေးဇူးတင်လွှာ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်မြသိန်း**

**(ကုန်သွယ်ရေး၊ ဆေးနှင့်ဆေးပစ္စည်း၊ ငြိမ်း)**

**အသက်(၉၃)နှစ်**

၁၉-၁၂-၂၀၁၇ရက်(အင်္ဂါနေ့)တွင်ကွယ်လွန်သွားသော ကျေးဇူးရှင်မိခင်ကြီးဒေါ်မြသိန်း၏ရုပ်ကလာပ်ကို ယင်းနေ့တွင်ပင် ပို့ဆောင်သင်္ဂြိုဟ်ရန် ဈာပနကိစ္စအဝဝကို ကူညီဆောင်ရွက်ပေးခဲ့ပါသော 'အနိုင်းမဲ့' နာရေးကူညီမှုအသင်းအားလည်းကောင်း၊ မိခင်ကြီး သက်ရှိထင်ရှားရှိနေစဉ်က အစဉ်စောင့်ရှောက် ကုသပေးခဲ့ပါသော ရွှေဂုံတိုင်အထူးကုဆေးရုံမှ အထူးကုသမားတော်ကြီး ဒေါက်တာဦးညွန့်နိုင်၊ အထူးကုသမားတော်ကြီး ဒေါက်တာဒေါ်ဝင်းနီအောင်တို့အားလည်းကောင်း၊ မိခင်ကြီး ကွယ်လွန်ပြီး ဝမ်းနည်းကြောင်း နှစ်သိမ့်အားပေးကြပါသော ဦးဇော်ဇော် (ဥက္ကဋ္ဌ)-ဒေါ်ငွေငွေခိုင်နှင့် BOD အဖွဲ့ဝင်များ၊ ဧရာဝတီဘဏ် လီမိတက်မိသားစုများ၊ ဒေါက်တာဒေါ်ငွေငွေကြည် (MD) BOD အဖွဲ့နှင့်ဝန်ထမ်းမိသားစုများ(ပင်လုံဆေးရုံများအုပ်စု)၊ ရွှေဂုံတိုင်ဆေးရုံ၊ ပင်လုံဆေးရုံ၊ Universal Laboratory မှ ဆရာမကြီး ဒေါက်တာဒေါ်သန်းမြင့်နှင့်ဝန်ထမ်းများ၊ရွှေဘုန်းအထူးကုဆေးခန်းနှင့်အဆင့်မြင့်ရောဂါရှာဖွေရေးစင်တာမိသားစု၊ ဧရာမြန်မာအာမခံကုမ္ပဏီမိသားစု၊ ဧည့်ခံကျွေးမွေးရေးအားလုံးကို တာဝန်ယူပေးပါသော ဧရာဝတီဘဏ်ကုမ္ပဏီလီမိတက်နှင့် ဧရာမြန်မာအာမခံကုမ္ပဏီ၊ ရွှေဂုံတိုင်ဆေးရုံ Universal Laboratory နှင့်ရွှေဘုန်းစင်တာတို့မှ ဝန်ထမ်းမိသားစုများ၊ ရပ်နီးရပ်ဝေးမှ လာရောက်အားပေးနှစ်သိမ့်သတင်းမေးကြသူ ဆွေမျိုးမိတ်သင်္ဂဟများ၊ Email, Facebook, Viber၊ သတင်းစာတို့မှ ဝမ်းနည်းဆုတောင်းစကား ပြောကြားသူများ အားလုံးတို့အားလည်းကောင်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ပေးပို့လှူဒါန်းခဲ့ကြသူများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသည့် ကျေးဇူးတင်ထိုက်သူများ အားလုံးကိုလည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**

### ဒေါ်သောင်း (ချမ်းသာကြီးပွဲရုံ)

**အသက်(၉၂)နှစ်**

ပခုက္ကူမြို့၊ (၉)ရပ်ကွက်၊ ဇီဝဌာယီလမ်းနေ (သခင်ဘညွန့်-ဒေါ်ရန်မယ်)တို့၏သမီး၊ (ဦးထိန်)၏ဇနီး၊ ဦးသုမင်္ဂလ(ငွေးချိုကျောင်းတိုက်)၊ (ဦးကျော်သန်း)-ဒေါ်ကြည်ရှိန်-ဒေါ်ညိုတင်၊ ဦးထွန်းဝေ-ဒေါ်ခင်မာရီ၊ ဦးသိန်းဇော်-ဒေါ်မော်မော်ဝင်း၊ ဦးကျော်ငွေးစိန်-ဒေါ်သိန်းသိန်းငွေး(ခ)မညို (အောင်ဇေယျာမုန့်မျိုးစုံဖြန့်ချိရေး)တို့၏ချစ်လှစွာသောမိခင်ကြီး၊ မြေး ၂၅ယောက်၊ မြစ်နှစ်ယောက်၊ တီ နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၆-၁၂-၂၀၁၇ရက် နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၂-၂၀၁၇ရက် ညနေ ၃နာရီတွင် ပခုက္ကူမြို့ ကန်တော်ရွာသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

### ဆရာမကြီး ဒေါ်အုံးအုံး(ခ)ဒေါ်ထားအုံ အသက်(၈၄)နှစ်

**အထက(၁)ရန်ကင်း**

**ဇာသပြင်ကျေးရွာ၊ ဘားအံမြို့နယ်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ကြယ်စင်အိမ်ရာ၊ တိုက် A2/224 နေ (ဦးဘိုးထယ်-ဒေါ်မာ)တို့၏သမီး၊ ဦးသွင်လှ(လက်ထောက်ညွှန်မှူး၊ စာရင်းစစ်ချုပ်ရုံး)၏ချစ်လှစွာသောဇနီး၊ ဒေါ်ထားတင်၊ ဦးမောင်သန်း၊ ဒေါ်မြင့်ကြည်၊ ဒေါ်သန်းထွေး၊ ဒေါ်မြလေး(ရန်ကုန်တိုင်းကျောင်းကျန်းမာ၊ ငြိမ်း)တို့၏အစ်မ၊ ဒေါက်တာဇော်အောင်(အထူးကုဆရာဝန်ကြီး၊ ခွဲစိတ်၊ သန်လျင်ပြည်သူ့ဆေးရုံကြီး)-ဒေါက်တာခိုင်ခိုင်ရှိန် (တွဲဖက်ပါမောက္ခ၊ အထူးကုဆရာဝန်ကြီး၊ နှလုံး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)တို့၏ချစ်လှစွာသောမိခင်ကြီးသည် ၂၆-၁၂-၂၀၁၇ ရက် မွန်းလွဲ ၁၂း၅၄နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁၂-၂၀၁၇ ရက် မွန်းလွဲ ၁နာရီတွင် ပျဉ်ထောင်ကျောင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

### ဆရာမကြီး ဒေါ်အုံးအုံး(ခ)ဒေါ်ထားအုံ

**အထက(၁)ရန်ကင်း**

**ဇာသပြင်ကျေးရွာ၊ ဘားအံမြို့**

**အသက်(၈၄)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ကြယ်စင်အိမ်ရာ၊ A2/224 နေ ဒေါက်တာဇော်အောင်(အထူးကုဆရာဝန်ကြီး၊ ခွဲစိတ်၊ သန်လျင်ပြည်သူ့ဆေးရုံကြီး)-ဒေါက်တာခိုင်ခိုင်ရှိန် (တွဲဖက်ပါမောက္ခ၊ အထူးကုဆရာဝန်ကြီး၊ နှလုံး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)တို့၏ချစ်လှစွာသောမိခင် ဆရာမကြီးဒေါ်အုံးအုံး(ခ)ဒေါ်ထားအုံသည် ၂၆-၁၂-၂၀၁၇ရက်(အင်္ဂါနေ့)မွန်းလွဲ ၁၂း၅၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ/ဌာနမှူး ဒေါ်နွယ်နွယ်နှင့်နှလုံးဆေးကုဌာန ဝန်ထမ်းမိသားစုများ**

---

**ဝမ်းနည်းကြေကွဲခြင်း**

### ဒေါ်သန်းနွဲ့

**အသက်(၈၁)နှစ်**

ဦးကျော်ဝင်းမော်ထွန်း(ကထိက၊ ရန်ကင်းပညာရေးကောလိပ်)၏ချစ်လှစွာသောမိခင်ကြီး ဒေါ်သန်းနွဲ့(ဖျာပုံမြို့)သည် ၂၆-၁၂-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၀၀း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်ခင်ခင်ကြီး**
**ဒေါ်ခင်သန္တာဝင်း**
**ပညာရေးဝန်ကြီးဌာန**

---

**ဝမ်းနည်းကြေကွဲခြင်း**

### ဒုတိယဗိုလ်မှူးကြီးစိုးညွန့်(ငြိမ်း)

**စစ်တက္ကသိုလ်အပတ်စဉ်(၁၄)**

**အသက်(၆၇)နှစ်**

ပြည်မြို့နေ ဒေါ်မြမြအေး၏ခင်ပွန်းသည် ၂၄-၁၂-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စတသ(၁၄)မှ သူငယ်ချင်းများ**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး**

### ဦးဘတင်

**(အလက-၂၊ မိုးထိ)**

**အသက်(၉၈)နှစ်**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ကနီကျေးရွာနေ (ဦးညီပု-ဒေါ်ပုလေး)တို့၏သား၊ တောင်တွင်းကြီးမြို့နေ (ဒေါ်ညွန့်ညွန့်ယဉ်)၏ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးစိန်ငွေး(ထလရ-၅၊ ငြိမ်း)-ဒေါ်ထွေးတင်၊ ဦးသန်းငွေး (ဟိုတယ်/ခရီး၊ ငြိမ်း)-ဒေါ်အုန်းမြင့်၊ ပါမောက္ခ ဒေါက်တာကြည်ကြည်ဦး၊ မကွေးမြို့နေ ဦးသိန်းထွန်းအောင်(ခရိုင်ပြန်/ဆက်၊ ငြိမ်း)-ဒေါ်စန်းစန်းဝင်း (ကျန်းမာရေး)၊ တောင်တွင်းကြီးမြို့နေ ဆရာမဒေါ်သီသီတင်၊ ဒေါ်စုစုတင် (လ/ထ ကထိက၊ မကွေးပညာရေးကောလိပ်)၊ ဆရာမဒေါ်သီတာစမ်း(အထက-၃၊ ရတနာဒေဝီ၊ တောင်တွင်းကြီးမြို့)တို့၏ဖခင်၊ မြေး ၁၀ယောက်တို့၏ဘိုးဘိုးကြီး၊ မြစ် ၁၀ယောက်တို့၏ဘေးဘေးကြီးသည် ၂၅-၁၂-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၂-၂၀၁၇ရက်တွင် တောင်တွင်းကြီးမြို့ မြို့မသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**

### ဒေါ်ခင်သန်းမြင့်(ပဲခူး) အသက်(၆၆)နှစ်

**(လှိုင် ကွန်ပျူတာ-မိတ္တူ၊ သတင်းစာကိုယ်စားလှယ်)**

ပဲခူးမြို့နေ (ဦးစံတင်-ဒေါ်နွယ်)တို့၏သမီး၊ (ဦးကြည်-ဒေါ်အုန်းစိန်)တို့၏သမီးချွေးမ၊ ဘီလူးကျွန်း၊ ချောင်းဆုံမြို့နေ ဦးကြည်ဝေ-ဒေါ်ကြည်ကြည်အေး၊ ဦးသန့်ဇင်မြိုင်-ဒေါ်တင်တင်ရီ(USA)၊ ရန်ကုန်မြို့နေ ဦးမျိုးလှိုင်-ဒေါ်ခင်မေကြည်၊ (ဒုတိယဗိုလ်မှူးကြီးခင်မောင်ကြီး၊ ငြိမ်း)-ဒေါ်ဆွေဆွေမြင့်တို့၏ညီမ၊ ပဲခူးမြို့၊ အမှတ် ၁၁၇၇၊ ဆိုရှယ်လစ် ဓလမ်း၊ ရှင်စောပုရပ်ကွက်နေ ဦးစိန်လှိုင်(စိန်လှိုင်ဗိုလ်)(တရားလွှတ်တော်ရှေ့နေ) (ပဲခူးတိုင်းဒေသကြီး သတင်းစာဆရာအသင်း၊ နာယက)(ပဲခူးမြို့နယ်စာရေးဆရာအသင်း၊ နာယက)၏ဇနီး၊ စစ်ကိုင်းမြို့နေ ဗိုလ်ကြီးစိုးလွင်(ငြိမ်း)(ဝါကြိတ်စက်ရုံ၊ စစ်ကိုင်း)-ဒေါ်ခင်စုလှိုင်၊ ဦးနီဇော်လှိုင်(စုံစမ်းရေးမှူး၊ စ.စ.စ၊ ပဲခူး)-ဒေါ် နန္ဒာဇော်(AGD Bank၊ ရန်ကုန်)၊ ဦးကျော်သူရ-(မအေးအိလှိုင်)တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၂၆-၁၂-၂၀၁၇ရက်(အင်္ဂါနေ့)နံနက် ၂နာရီတွင်ကွယ်လွန်သွားပါသဖြင့်၂၈-၁၂-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

### ဦးမျိုးသန့် B.A(His;)

**အသက်(၄၉)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ သုခမြိုင်(၄)လမ်း၊ အမှတ်(၁၀၇)နေ ဦးသန်း-(ဒေါ်အေး)တို့၏သား၊ ဒေါ်မာမာသန်း(အထက-၂၊ ကမာရွတ်)၊ ဦးရဲမြင့်(ညွှန်ကြားရေးမှူး၊ အမျိုးသားလွှတ်တော်ရုံး)-(ဒေါ်ကြည်ကြည်သိန်း)တို့၏မောင်/ညီသည် ၂၆-၁၂-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၅း၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၈-၁၂-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (သုခမြိုင်လမ်းထိပ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ထားရီ (ဒါးပိန်)

**အသက်(၈၈)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒါးပိန်မြို့နေ ကျောင်းဆရာ(ဦးစိုးမင်း) (ဒေါ်သိန်းနု၊ ဒေါ်လှကြည်)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ သံလွင်လမ်း၊ အမှတ် ၁၁၇(ဒီ)နေ (ဦးမြရွှေ)၏ဇနီး၊ ဦးစိုးကြည်-ဒေါ်မြင့်မြင့်ကြည်၊ ဗိုလ်မှူးကြီးခင်မောင်စိုး(ငြိမ်း)-ဒေါ်ဝင်းကြည်၊ ဦးထင်အောင်-ဒေါ်ထွေးထွေးမူ(ကျော်စီးပွားရေးလုပ်ငန်းစု)တို့၏အစ်မ၊ ဦးမြင့်ဇော်-ဒေါ်အေးပြုံး (ရွှေပုစွန်)၊ Capt-လှအောင်-ဒေါ်ခင်ပြုံး၊ ဒေါ်လှပြုံး(ရွှေပုစွန်)၊ ဦးညြ-ဒေါ်ရီရီမြင့်၊ ဒေါ်ထွေးပြုံး၊ ဦးထွန်းဦး-ဒေါက်တာနွယ်နွယ်စိုး(ခေတ္တ-USA)တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၂၆-၁၂-၂၀၁၇ရက် နံနက် ၇နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၂-၂၀၁၇ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးထွဏ်းရည် အသက်(၇၂)နှစ်

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ကုလားချောင်းကြီးကျေးရွာနေ (ဦးရွှေကျုံး-ဒေါ်ကုလားမ)တို့၏သား၊ (ဦးရှိန်-ဒေါ်သိန်းရှင်)တို့၏သားသမက်၊ မရမ်းကုန်းမြို့နယ်နေ (ဦးတင်ရှိန်)-ဒေါ်မြတ်ကြည်၊ (ဦးလှရွှေ-ဒေါ်တင်ငွေ)၊ (ဦးနီ)-ဒေါ်ခင်ရီ၊ ဦးစံမြင့်-ဒေါ်ခင်သန်းတို့၏ညီ၊ (ဦးအုံး)-ဒေါ်ခင်တင့်၊ ဦးစိုးဝင်း-ဒေါ်ငယ်၊ (ဦးငြိမ်းအောင်)-ဒေါ်ထွေးကြည်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ ဒေါ်ညိုအိ၊ ဒေါ်ညိုအေးတို့၏မောင်၊ ဦးမောင်မောင်-ဒေါ်စန်းမြင့်၊ ဦးသောင်းရွှေ-ဒေါ်မြင့်မြင့်ဝင်းတို့၏အစ်ကို၊ ဦးကိုကိုမြင့်-ဒေါ်ခင်မာသင်း၊ ဦးမင်းသိမ်းထွဏ်း-ဒေါ်စုလေးမေ၊ ဦးကျော်သူရထွဏ်း-ဒေါ်စုမြတ်လွင်၊ ဦးမျိုးသူရ-ဒေါ်ခင်သီတာထွဏ်း၊ မပြည့်ပြည့်ထွဏ်းတို့၏ချစ်လှစွာသောဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရွှေဝါထွန်းလမ်း၊ အမှတ်(၂၀၇/၅၉)နေ ဒေါ်မြင့်မြင့်၏ချစ်လှစွာသောခင်ပွန်းသည် ၂၅-၁၂-၂၀၁၇ရက်(တနင်္လာနေ့)ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ရွှေဝါထွန်းလမ်း၊ အမှတ် ၂၀၇/၅၉ နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃၁-၁၂-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါ ရွှေဝါထွန်းလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးတင်ဦး အသက်(၆၈)နှစ်

**(လ/ထ ညွှန်ကြားရေးမှူး၊ CMA-ငြိမ်း)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ် ၃၂၊ မြေကွက်အမှတ် ၂၃၀နေ (ဦးအောင်မြင့်-ဒေါ်ကျင်ယုံ)တို့၏သား၊ (ဒေါ်ခင်မာစီ)၏ခင်ပွန်း၊ မလတ်လတ်ဦး၊ ကိုနေမျိုးဦး - မခင်ကျော့ကျော့ရီ၊ ကိုတင်ဝင်းကျော်-မသန္တာဦး၊ ကိုဝင်းလွင်ဦး - မနန်းမွေးမွေးခင်တို့၏ဖခင်သည် ၂၆-၁၂-၂၀၁၇ရက် နံနက် ၀၀း၁၁နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၈-၁၂-၂၀၁၇ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁-၁-၂၀၁၈ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးမြင့်အောင် အသက်(၄၈)နှစ်

ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ လက်ပန်တန်းရပ်နေ ဦးလှမင်း-ဒေါ်အုန်းတို့၏သား၊ ဦးထွန်းမောင်-ဒေါ်တင်ကြည်တို့၏သားသမက်၊ ဦးညွန့်မောင်-ဒေါ်မြင့်၊ ဦးဝင်းအောင်၊ ဦးသံချောင်း-ဒေါ်မြင့်ကြည်တို့၏ညီ/မောင်၊ ဦးသန်းလွင်-ဒေါ်ရီ၊ ဦးကျော်ဇင်-ဒေါ်ငွေးငွေး၊ ဦးငွေးအောင် ဒေါ်အေးချို၊ ဦးစိန်လင်း - ဒေါ်ခင်မြင့်ဆွေတို့၏အစ်ကို၊ ဒေါ်ခင်နွဲ့ရီ၏ခင်ပွန်း၊ မမေသူအောင်၊ မောင်ဝေဖြိုးအောင် (ဆေးတက္ကသိုလ်၊ မန္တလေး)တို့၏ဖခင်သည် ၂၆-၁၂-၂၀၁၇ရက် နံနက် ၀၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့်၂၇-၁၂-၂၀၁၇ရက် နံနက် ၁၀နာရီတွင် တောင်အင်းမြောက်အင်းသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဦးသန်းဖေ

**မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်(ငြိမ်း)**

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၄၉)ရပ်ကွက်၊ ဒူးယား ဇလမ်း၊ အမှတ်၉၆၈နေ(ဦးတင်-ဒေါ်သန်း)တို့၏သား၊ (ဒေါ်လှနု)၏ခင်ပွန်း၊ (ဦးကျော်ကျော်အောင်)၊ ဦးအောင်ကျော်မိုး(ကမ္ဘောဇဘဏ်၊ ရုံးချုပ်)-ဒေါ်ကေသီနွယ် (မြန်မာ့စီးပွားဘဏ်၊ ဘဏ်-၄)တို့၏ဖခင်၊ မောင်ခန့်ဇာနည်ကို၏အဘိုးသည် ၂၆-၁၂-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၅း၂၃နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁၂-၂၀၁၇ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဒေါ်တင်တင်အေး(ထားဝယ်)

**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ နဝဒေးဥယျာဉ်အိမ်ရာ၊ အမှတ် ၁၁၁/၂ နှင့် ထားဝယ်မြို့၊ ခုံဝင်းဒပ်ရပ်၊ အမှတ် ၂၆၈နေ (ဦးဘသင်းစိန်-ဒေါ်ဖွားမေ)တို့၏သမီး၊ (ဦးထွန်းခင်-ဒေါ်အေးကြွယ်)တို့၏သမီးချွေးမ၊ ဒေါ်တင်ရီ၊ ဒေါက်တာ ဒေါ်တင်နွယ် (အငြိမ်းစား ပါမောက္ခ၊ သတ္တဗေဒဌာန)တို့၏ညီမ၊ (ဦးမောင်မောင်ကြီး)၏ဇနီး၊ ဦးမင်းဦး-ဒေါ်တင်တင်ချို၊ ဒေါ်ယဉ်ယဉ်ထိုက်-ဦးအောင်ဝင်းထိုက်၊ ဒေါ်ယဉ်ယဉ်ဝေ-ဦးဇော်မင်းတို့၏မိခင်၊ မြေး ခြောက်ယောက်တို့၏အဘွားသည် ၂၅-၁၂-၂၀၁၇ရက်(တနင်္လာနေ့)ည ၁၁း၁၅နာရီတွင် နဝဒေးနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁၂-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၁၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီမှ ၁၀နာရီအထိအထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်သန်းငွေး

**အသက်(၆၆)နှစ်**

မော်လမြိုင်ကျွန်းမြို့နေ ဦးတိန်ရင်-ဒေါ်စန်းကြည်တို့၏သမီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မစိုးရိမ်လမ်းသွယ် (၂)၊ (၉)မိုင်နေ (ဦးဝင်းမြင့်)၏ဇနီး၊ မမေနန္ဒာဝင်း - မောင်မင်းမြတ်သူဦး၊ မောင်ဥက္ကာဝင်းတို့၏မိခင်သည် ၂၆-၁၂-၂၀၁၇ရက် မွန်းလွဲ ၁း၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈-၁၂-၂၀၁၇ ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဦးအေးကို (ရုံးအုပ်)

**တပ်မတော်မိုးရေကာဖျင်စက်ရုံ**

**လောမြို့**

**အသက်(၆၄)နှစ်**

လယ်ဝေးမြို့နယ်၊ လောမြို့နေ(ဦးဘရွှေ-ဒေါ်အုန်းခင်)တို့၏သား၊ (ဦးခင်ထွန်း)-ဒေါ်ဇာနည်ဏီတို့၏သားသမက်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ သစ္စာဥယျာဉ်အိမ်ရာနေ ဦးစိန်ဝင်း-ဒေါ်သန်းသန်းနွဲ့၊ (ဦးစန်းမောင်-ဒေါ်ဝင်းကြည်)၊ (ဦးတင်ဝင်း)-ဒေါ်ခင်ခင်လှတို့၏ညီ/မောင်၊ ဦးထွန်းလွင်၏အစ်ကို၊ မရမ်းကုန်းမြို့နယ်၊(၃)ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ တပ်မတော်မိုးရေကာဖျင်စက်ရုံရိပ်သာဝင်းနေ မောင်စည်သူအေးကို-မခရေ၊ မောင်အောင်မျိုးကျော်-မတင်ဇာအေးကို၊ မောင်ရဲလင်းအေးကို-မခိုင်ဇာမိုးမြင့်၊ မောင်မိုးဦးအေးကို-မလွင်လွင်ချို၊ မောင်ဇာနည်အေးကို-မသဇင်ဟိန်းအောင်တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုး၊ ဒေါ်မူမူခင်၏ချစ်လှစွာသောခင်ပွန်းသည် ၂၅-၁၂-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၀၀း၂၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၁၂-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

### ဘဒ္ဒန္တဇောတိက

**(သာသနဓဇ ဓမ္မာစရိယ၊ ဥဘတောဝိဘင်္ဂရေ မဟာဂန္ထဝါစကပဏ္ဍိတ)**

**သက်တော်(၆၈)နှစ်၊ သိက္ခာတော်(၄၈)ဝါ**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့၊ ဇေယျဝတီစာသင်တိုက်ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဇောတိက(သာသနဓဇ ဓမ္မာစရိယ ဥဘတောဝိဘင်္ဂရေ မဟာဂန္ထဝါစကပဏ္ဍိတ)မထေရ်မြတ်သည် (၁၃၇၉ခုနှစ် ပြာသိုလဆန်း ၃ရက်) ၂၀-၁၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ခုနှစ် ပြာသိုလပြည့်ကျော် ၁၃ရက်) ၁၄-၁-၂၀၁၈ရက်(တနင်္ဂနွေနေ့)တွင် အန္တိမအဂ္ဂိဈာပနသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှတပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ

---

### ဦးစိန်လှ

**အထက(၁)မြောက်ဥက္ကလာပ**

**အထက(၁)တာမွေ**

**အသက်(၈၈)နှစ်**

(ဦးဘဆိုင်-ဒေါ်တီ)တို့၏သား၊ (ဦးမွေး-ဒေါ်ပုလေး)တို့၏သားသမက်၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေကျော်လမ်း၊ အမှတ် ၉၇(မြေညီထပ်)နေ(ဒေါ်ချိုချိုသန်း)၏ခင်ပွန်း၊ ဦးသန်းထွဋ်စိန်-ဒေါ်နွယ်နီလင်း၊ ဦးစိန်ဇေယျာထွန်း-ဒေါ်အေးမြင့်ကြည်မြိုင်တို့၏ဖခင်၊ Willian Chen Fu Cheng, Richard Chen Fu Hai, မောင်ကောင်းသန့်၊ မောင်သူရဇေတို့၏အဘိုးသည် ၂၆-၁၂-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၈း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၂-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၁-၂၀၁၈ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးတင်ညွန့်(ပြည့်ဝ) အသက်(၈၇)နှစ်

**စိုက်ပျိုးရေး လ/ထ ကထိက**

**ဌာနမှူး(ငြိမ်း)၊ ရန်ကင်းပညာရေးကောလိပ်နှင့်**

**Ex UNV Agricultural Science Teacher Botswana**

ရခိုင်ပြည်နယ်၊ သံတွဲမြို့၊ ပြည့်ဝရွာနေ (ဦးရွှေမြ-ဒေါ်အဖြူ)တို့၏တစ်ဦးတည်းသောသား၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ စ/သုမင်္ဂလာရပ်ကွက်၊ ကုဋ္ဌာသယလမ်းသွယ်၊ ၉၀န၊ တိုက် ၇၂၊ အခန်း ၁၀နေ ဒေါ်မြရီ(အထက-၂၊ တ/ဥက္ကလာ၊ ငြိမ်း)၏ခင်ပွန်း၊ ဒေါ်ရီရီညွန့်(အလက-၃၊ ရန်ကင်း)-(ဦးထင်ကျော်) MOGE ဘူမိဗေဒအရာရှိ၊ ဦးဝင်းစိန်(Ex MV. VIGNESSWARA)-တပ်ကြပ် ဒေါ်စိုးစိုးမာ (အမြန်လမ်းမကြီးရဲတပ်ဖွဲ့၊ လှည်းကူး)၊ (ဦးဝင်းရှိန်)၊ ဒေါ်ရီရီလွင်၊ ဒေါ်ရီရီခိုင်(ငွေကြိုးကြာချည်ချောလုံချည်)-ဦးရဲဦး(Novotel Max Hotel-Yangon)တို့၏ချစ်လှစွာသောဖခင်၊ မခိုင်ခိုင်ဆွေ(Myanmar Traffic Co.,Ltd)၏ ဘိုးဘိုးကြီးသည် ၂၅-၁၂-၂၀၁၇ရက် ညနေ ၆း၀၃နာရီတွင် SSC ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂၈-၁၂-၂၀၁၇ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးအေးကြူ (သန်လျင်)

**အသက်(၆၇)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ဦးအောင်ဇေယျလမ်း၊ အမှတ် ၆နေ (ဦးချစ်ဖေ-ဒေါ်ကြည်)တို့၏သား၊ (ဦးဟန်မောင်)-ဒေါ်ဝင်းကြည်တို့၏သားသမက်၊ ဒေါ်ခင်သစ်ကြည်၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်သိန်း၏အစ်ကို၊ ဦးစိုင်းအောင်လင်း-ဒေါ်မေဖြိုး၊ ကိုလင်းထက်အောင်-မမေသဇင်၊ မသက်အိငြိမ်း၊ မောင်အေးချမ်းမောင်တို့၏ဖခင်၊ သားချစ်၏အဘိုးသည် ၂၅-၁၂-၂၀၁၇ရက် (တနင်္လာနေ့) ည ၈း၄၅နာရီတွင် သန်လျင်မြို့၊ အောင်မင်္ဂလာ(၂)လမ်း၊ အမှတ်(၂)၊ မြို့မမြောက်ရပ်ကွက်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၁၂-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးထွန်းလှအေး အသက်(၅၂)နှစ်

**လက်ထောက်အထွေထွေမန်နေဂျာ**

**ဘဏ်ခွဲသစ်ဖွင့်လှစ်ရေးဌာန (CB Bank H.O)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊(၁၀)မိုင်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ နဝဒေးလမ်းသွယ်(၂)၊ အမှတ် ၆၆နေ(ဦးမြင့်လွင်-ဒေါ်ရွှေဝင်း)တို့၏သား၊ ဦးမောင်စန်း-ဒေါ်ခင်ကြည်တို့၏တူသား၊ ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၁၉လမ်း၊ အမှတ် ၁၃၄နေ ဦးတင်ငွေ-(ဒေါ်မြင့်မြင့်)တို့၏သားသမက်၊ ဦးသက်နိုင်(သင်းပျံ့ပျံ့ဆောက်လုပ်ရေးလုပ်ငန်းအုပ်စု)-ဒေါ်မြင့်မြင့်သိန်း (ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး၊ CB-KMA Foundation)တို့၏ညီ၊ ဦးစိန်ငွေး၊ ဦးဝင်းမြင့်-ဒေါ်သီတာအေး၊ ဦးကျော်ဝဏ္ဏ(MYTEL Co.,Ltd)-ဒေါ်အေးမြဇာကြည်(MYANMAR BREWERY Co.,Ltd)၊ ဦးမြင့်လွင်-ဒေါ်သီတာ(စွမ်းထက် အုတ်၊သဲ၊ကျောက်လုပ်ငန်း)၊ ဦးခင်မောင်တင်(လက်/မန်၊ ငွေကြေးဌာန၊CB Bank)၊ ဦးထွန်းမင်းသန်း-ဒေါ်တင်တင်ထွေးတို့၏အစ်ကို၊ တူ၊ တူမ ၁၀ယောက်တို့၏ဘကြီး၊ ဒေါ်ရင်ရင်ကြည်(ဒု-ကြီးကြပ်ရေးမှူး၊ ငွေစုဘဏ်ခွဲ-၂)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ညီမင်းထက်(1st yr M.A.C CREATION)၏ဖခင်သည် ၂၅-၁၂-၂၀၁၇ ရက်(တနင်္လာနေ့) နံနက် ၃း၂၀နာရီတွင် ကျိုက်ထိုမြို့၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃၁-၁၂-၂၀၁၇ ရက် (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ကိုကျော်နိုင်

**အသက်(၄၆)နှစ်**

ရန်ကုန်မြို့၊ ၄၉လမ်းနှင့် မဟာဗန္ဓုလလမ်းထပ်၊ ဗိုလ်မြတ်ထွန်းအိမ်ရာနေ (ဦးဗိုစိန်-ဒေါ်ကျင်နု)တို့၏မြေး၊ ဦးကျော်ညွန့်-ဒေါ်နှင်းနှင်းမော်(ခ)ဒေါ်လှုံရှုမ္မီတို့၏သား၊ မခင်မီမီလတ်၏ခင်ပွန်း၊ မောင်ဘုန်းပြည့်ကျော်(စီးပွားရေးတက္ကသိုလ်၊ ပထမနှစ်၊ အဝေးသင်တက္ကသိုလ်)၊ မောင်လုံ့လကျော်(ရတနာပုံဆိုက်ဘာစီးတီး၊ ပထမနှစ်)တို့၏ဖခင်၊ ဦးဝင်းဇော်-ဒေါ်မြတ်ချစ်သူဇာတို့၏ညီ၊ ကိုမိုက်ကီ-မသန္တာကျော်၊ ကိုနိုင်ဝင်း-မခိုင်စုဝေတို့၏အစ်ကိုသည် ၂၆-၁၂-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၂-၂၀၁၇ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

# ငွေဆောင်အပန်းဖြေစခန်း၌ ယခုနှစ်တွင် ပြည်တွင်း၊ ပြည်ပ ခရီးသွားများ လာရောက်အပန်းဖြေမှု များပြားသောကြောင့် ဟိုတယ်အခန်းခများ ဈေးတက်

**ငွေဆောင် ဒီဇင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ငွေဆောင်အပန်းဖြေစခန်းတွင် ယခုနှစ်ခရီးသွားရာသီ၌ ပြည်တွင်း ပြည်ပ ခရီးသွားများ လာရောက်လည်ပတ် အပန်းဖြေသူများလာသောကြောင့် ဟိုတယ်အခန်းခများ ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ဟိုတယ်မှာ နောက်တစ်ပတ်လောက်အထိ အခန်းတွေက မအားပါဘူး၊ ရန်ကုန်က သူတွေက ကြိုတင် ဘိုကင်ယူထားကြတာပါ၊ ဒီဇင်ဘာကျောင်းပိတ်ရက်လည်းဖြစ်၊ ရုံးပိတ်ရက်လည်းဖြစ်တာကြောင့် လာရောက်လည်ပတ် အပန်းဖြေသူတွေနဲ့ စည်ကားနေတာဖြစ်ပါတယ်၊

*စာမျက်နှာ ၄ ကော်လံ ၅* ❒



ငွေဆောင်ကမ်းခြေ၌ အပန်းဖြေသူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-သက်ထက်

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသာ လေဖိအားနည်းရပ်ဝန်းသည် မလေးကျွန်းဆွယ်အနီးတွင် ဆက်လက်တည်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ ထုတ်ပြန်ချက်အရ သိရသည်။

**မြန်မာ့အလင်း**

## အပူပိုင်းမုန်တိုင်းငယ် လေဖိအားနည်းရပ်ဝန်းအဖြစ် အားပျော့

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ထူးခြားသည့် အခြေအနေမှာ ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဗီယက်နမ်နိုင်ငံ တောင်ပိုင်းကမ်းခြေအနီးတွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် အနောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ထိုင်းပင်လယ်ကွေ့သို့ ရောက်ရှိကာ လေဖိအားနည်းရပ်ဝန်းအဖြစ် အားပျော့သွားပြီ ဖြစ်သည်။

**မိုး/ဇလ**

# လအတန်ကြာပိတ်ထားသော မောင်တောမြို့မဈေးကြီး ပြန်လည်ဖွင့်လှစ်



**မောင်တော ဒီဇင်ဘာ ၂၆**

နယ်မြေလုံခြုံရေးအခြေအနေကြောင့် လအတန်ကြာ ပိတ်ထားခဲ့ရသော မောင်တော မြို့မစည်ပင်သာယာဈေးကြီးကို ယနေ့နံနက်ပိုင်းက ဈေးတာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဈေးသူ ဈေးသားများပါဝင်၍ ဖွင့်လှစ်ပေးခဲ့သည်။

"ကျွန်တော်တို့ မောင်တောမြို့မဈေးကြီးကို ဩဂုတ် ၂၅ ရက်က အကြမ်းဖက်မှုဖြစ်ပွားပြီးတဲ့နောက် နယ်မြေလုံခြုံရေးအခြေအနေကြောင့် ပိတ်ထားခဲ့ရပါတယ်၊ ဒီကနေ့မှာတော့ နယ်မြေဒေသ တည်ငြိမ်အေးချမ်းလာပြီ ဖြစ်တဲ့အတွက် မြို့မဈေးကြီးကို ပြန်လည်ဖွင့်လှစ်ပေးရခြင်း ဖြစ်ပါတယ်"ဟု မောင်တောမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဦးရွှေမောင် က ပြောသည်။

အဆိုပါဈေးကြီးတွင် ဆိုင်ခန်းပေါင်း ၄၅၃ ခန်းရှိကြောင်း၊ နံနက် ၈နာရီမှ ညနေ ၆နာရီအထိ ဖွင့်လှစ်ကြောင်း၊ လောလောဆယ် စတင်ဖွင့်လှစ်ရက်များအတွင်း ဆိုင်ခန်း သုံးပုံနှစ်ပုံခန့် လာရောက်ဖွင့်လှစ်ရန် ခန့်မှန်းထားကြောင်း၊ အဝတ်အထည်နှင့် လူသုံးကုန်၊ အိမ်သုံးကုန်ပစ္စည်းများရောင်းချကြောင်း၊ ဘင်္ဂလားဒေ့ရှ် ပစ္စည်းအချို့လည်းရောင်းချကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ❋

## ထိုင်းနိုင်ငံမှ စည်းကမ်းမဲ့ ကုန်တင်လာသော ယာဉ်များအား မော်တော်ယာဉ် ဥပဒေဖြင့် အရေးယူဖမ်းဆီး

စာ - ၁၂

## တရုတ်နိုင်ငံက မြောက်ကိုရီးယားသို့ ရေနံထွက်ကုန်တင်ပို့မှုကို နိုဝင်ဘာလက ရပ်ဆိုင်းခဲ့

စာ - ၁၄





# နေရာသစ် ရှာဖွေနေရသော ရန်ကုန်သစ်တောများ





**ထင်ပေါ်ဝင်း**

မိုးမျှော်တိုက်ကြီးများ တစ်တိုက်ပြီးတစ်တိုက် ပေါ်ထွက်လျက်ရှိသော မြို့တော်ရန်ကုန်တွင် သစ်ပင်၊ သစ်တောတို့က တစ်စတစ်စ ပျောက်ကွယ်လျက်ရှိသည် မြေဈေးကြီးမြင့်သော်လည်း စီးပွားရေးဖြစ်ထွန်းနေသောကြောင့် တိုက်တာ အဆောက်အအုံများဆောက်လုပ်ရန် ရန်ကုန်မြို့တော်ရှိ သစ်ပင်ကြီးငယ်တို့ ခုတ်လှဲခြင်းခံနေရ သည်။ နေ၏အပူရှိန်ကို ကာကွယ်ပေးမည့် သစ်ပင်၊ သစ်တောများ မရှိသောကြောင့် ရန်ကုန်မြို့သူ မြို့သားတို့က အပူဒဏ်ကို ခါးစည်းခံနေကြရသည်။

ရန်ကုန်မြို့နေပြည်သူများအတွက် ခဏတာ အပန်းဖြေအနားယူရန် ရေကန်ကြီးများ၊ ပန်းခြံများ၊ စိမ်းစိုသော မြက်ခင်းပြင်များရှိသော်လည်း ရာသီဥတုဒဏ်၊ အပူဒဏ်ကို အကာအကွယ်ပေးမည့် သစ်ပင်ကြီးများမှာ ရှားပါးလာလျက်ရှိသည်။ သစ်ပင်ကြီးများ ရှားပါလာသည့်အတွက် ကာဗွန်ဒိုင်အောက်ဆိုဒ်ကဲ့သို့ လေထုအတွင်းမှ မသန့်ရှင်းသော ဓာတ်ငွေ့များကို စုပ်ယူထားနိုင်စွမ်းမရှိတော့ချေ။ ထိုသို့ မသန့်ရှင်းသော ဓာတ်ငွေ့များနှင့် ဖုန်မှုန့်၊ သဲမှုန့်များ လေထဲပျံ့လွင့်နေသည့်အတွက် ရန်ကုန်နေပြည်သူများမှာ သန့်ရှင်းသော လေထုကို ရှူရှိုက်ခွင့်မရတော့ချေ။

ထို့ကြောင့်ပင် ယခုအပတ်၌ ရန်ကုန်တိုင်းဒေသကြီး၏ သစ်တောဖုံးလွှမ်းမှု၊ သစ်တောဖော်ထုတ်နေမှုများ အကြောင်းကို ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသိန်းတိုး အား တွေ့ဆုံမေးမြန်းခဲ့ရာ-

## ရန်ကုန်တိုင်း၏ သစ်တောဖုံးလွှမ်းမှု

ရန်ကုန်တိုင်းဒေသကြီးထဲမှာ သစ်တောကြိုးဝိုင်းအနေနဲ့ကတော့ ၁၅ ခုရှိပါတယ်။ ကြိုးပြင်ကာကွယ်တောအနေနဲ့ကတော့ သုံးခု ဖွဲ့ထားပါတယ်။ သဘာဝထိန်းသိမ်းရေးနယ်မြေအနေနဲ့ တစ်ခုဖွဲ့ထားပါတယ်။ ဒီဟာတွေအားလုံးကို သစ်တောမြေအနေနဲ့ သတ်မှတ်ပါတယ်။ သစ်တောမြေဧရိယာစုစုပေါင်းက ၂၆၄၈၇၉ ဒသမ ၂၁၇ ဧက ဖြစ်ပါတယ်။ ရန်ကုန်တိုင်းတစ်ခုလုံးကလည်း ဧရိယာက ၂၅၃၉၄၂၉ ဧကဖြစ်တဲ့အတွက်ကြောင့် သစ်တောမြေဧရိယာက ၁၀ ဒသမ ၄၃ ရာခိုင်နှုန်းရှိပါတယ်။ သစ်တောဖုံးလွှမ်းမှုအနေနဲ့က ရန်ကုန်တိုင်းက မြို့ပြဧရိယာတွေများတဲ့အတွက်ကြောင့်မို့လို့ သစ်တောဖုံးလွှမ်းမှုမှာ ၄ ဒသမ ၇၂ ရာခိုင်နှုန်း ရှိပါတယ်။

## သစ်ထုတ်တာရပ်နားထား

ဒီသစ်တောတွေ တိုင်းဒေသကြီးအတွင်းမှာ ပြန်လည်ပြည့်ဖြိုးကောင်းမွန်လာစေဖို့ သစ်ထုတ်တဲ့အခါမှာလည်း ပဲခူးရိုးမကို ၁၀ နှစ်ရပ်နားထားပါတယ်။ ပဲခူးရိုးမဧရိယာတွေက တိုက်ကြီးမြို့နယ်ဘက်အခြမ်းမှာ ပါပါတယ်။ တစ်ချိန်တုန်းက သစ်တောတွေက အကြောင်းအမျိုးမျိုးကြောင့် အများကြီးထုတ်ထားတဲ့အတွက်ကြောင့်မို့လို့ အခု အချိန်မှာ ပဲခူးရိုးမကို သစ်ထုတ်တာရပ်နားထားတာ ဖြစ်ပါတယ်။ တခြားပြည်နယ်နှင့် တိုင်းဒေသကြီးတွေမှာတော့ သူ့ရဲ့နှစ်စဉ်ထုတ်လုပ်နိုင်တဲ့ စွမ်းအားရှိတယ်။ အဲဒီထုတ်လုပ်နိုင်စွမ်း သတ်မှတ်ချက်ထက်လျှော့ပြီး ထုတ်နေတာတွေရှိပါတယ်။ ဒါကလည်း ဒေသသုံးဖို့အတွက်နဲ့ နိုင်ငံတော်ရဲ့စီးပွားရေးကဏ္ဍအတွက် ထုတ်လုပ်ပေးတာ ဖြစ်ပါတယ်။

## သစ်တောတွေပြန်လည်ထူထောင်ဖို့ ၁၀ နှစ်စီမံကိန်း ဆောင်ရွက်လျက်ရှိ

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ သစ်တောတွေပြန်လည်ထူထောင်ဖို့အတွက် ၁၀ နှစ် စီမံကိန်းရေးဆွဲ ဆောင်ရွက်လျက်ရှိပါတယ်။ သစ်တောလုပ်ငန်းတွေအနေနဲ့ ဓမ္မတာမျိုးဆက်ခြင်းလုပ်ငန်း၊ သဘာဝတောတန်းမြှင့် စိုက်ပျိုးခြင်းလုပ်ငန်း၊ စီးပွားရေး စိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်း၊ ပုဂ္ဂလိကတွေကိုလည်း သစ်မာတို့ ကျွန်းတို့ တည်ထောင်ဖို့အတွက် အခွင့်အလမ်းတွေ ဖော်ထုတ်ပေးပြီးတော့ ပုဂ္ဂလိကစိုက်ခင်းတွေကိုလည်း တည်ထောင်ခွင့်ပြုပါတယ်။ နောက်တစ်ခါ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတွေလည်း တည်ထောင်ပါတယ်။ တည်ထောင်ပြီးတဲ့ စိုက်ခင်းဟောင်းတွေကိုလည်း ပြန်လည်ဆယ်တင်တဲ့လုပ်ငန်းတွေလည်း လုပ်ပါတယ်။ တချို့နေရာတွေမှာ ပြန်လည်ပြီးဖာထေးစိုက်ပျိုးသင့်တဲ့ စိုက်ခင်းတွေကို ဖာထေးစိုက်ပျိုးပြီးတော့ သက်ကြီးစိုက်ခင်းတွေကိုလည်း ပင်ကျပ်နုတ်ခြင်းလုပ်ငန်းတွေ ဆောင်ရွက်ပေးပါတယ်။

## သစ်တောမြေတိုးချဲ့ဖွဲ့စည်း

နောက်လုပ်ငန်းတစ်ခုကတော့ ရန်ကုန်တိုင်းအတွင်းမှာ သစ်တောမြေတိုးချဲ့ဖွဲ့စည်းခြင်း ဖြစ်ပါတယ်။ သစ်တောမြေ တိုးချဲ့ဖွဲ့စည်းဖို့ကလည်း အရင်တုန်းက အကြောင်းအမျိုးမျိုးကြောင့် သစ်တောမြေအတွင်းမှာ ကျူးကျော်ဝင်ရောက်နေထိုင်တဲ့သူတွေကို ဒေသခံတွေ နေရေးထိုင်ရေး အဆင်ပြေစေဖို့အတွက် ယခင်အစိုးရလက်ထက်မှာ သစ်တောမြေအဖြစ်ရှိနေတဲ့ နှစ်ကာလကြာရှည်စွာရှိနေတဲ့ ရွာမြေ၊ လယ်မြေ၊ သာသနာမြေ အစရှိတဲ့ အများပိုင်မြေတွေကို သစ်တောမြေအဖြစ်က စွန့်လွှတ်ပေးခဲ့ရပါတယ်။ ရန်ကုန်တိုင်းအတွင်းမှာ သစ်တောမြေအဖြစ်က စွန့်လွှတ်ပေးခဲ့ရတဲ့ မြေပေါင်းကတော့ (အိမ်ခြေ ၅၀ နှင့်အထက်) ၁၈၇၈ ဒသမ ၂ ဧက ပယ်ဖျက်ပြီး ဖြစ်ပါတယ်။ အိမ်ခြေ ၅၀ အောက်ကတော့ ၃၁၅ ဒသမ ၅ ဧက ပယ်ဖျက်ပြီးဖြစ်ပါတယ်။ တိုင်းဒေသကြီးအနေနဲ့က မူလကတည်းက သစ်တောမြေဧရိယာ နည်းပါးတဲ့အထဲမှာ ပြည်သူတွေအကျိုးအတွက် မဖြစ်မနေ ပယ်ဖျက်ပေးရတဲ့အခါကျတော့ သစ်တောမြေဧရိယာလျော့ပါးမှုကို ပြန်လည် ဖာထေးနိုင်ဖို့အတွက်ကို မုတ္တမပင်လယ်ကွေ့ ပင်လယ်ကမ်းရိုးတန်းတွေမှာ ဒီရေတောပြန်လည်ဖြစ်ထွန်းနိုင်တဲ့ နေရာတွေ၊ ဒီရေတောပေါက်ရောက်နေတဲ့ နေရာတွေကို သစ်တောမြေအဖြစ်နဲ့ ပြန်လည်ဖွဲ့စည်းနေပါတယ်။ အဲဒီဒေသမှာနေတဲ့ ဒေသခံတွေအနေနဲ့ နာဂစ်မုန်တိုင်းတုန်းက ဆိုးရွားတဲ့ သဘာဝဘေးအန္တရာယ်တွေကို ခံစားရပြီး ခါးသီးတဲ့ အတွေ့အကြုံတွေကြောင့် ပြည်သူတွေကိုယ်တိုင်ကနေ လိုလိုလားလားနဲ့ ဒီရေတောတွေကို ပြန်ပြီးတော့ ဖွဲ့ပေးပါ။ ဒီရေတောတွေ ကျဲပါးတဲ့ နေရာတွေမှာလည်း ပြန်ပြီးတော့စိုက်ပေးပါလို့ ဆိုလာပါတယ်။ ပြည်သူတွေ သဘောထားဆန္ဒကောက်ယူပြီးတော့ တိုင်းဒေသကြီးအစိုးရကို တင်ပြတဲ့အခါမှာလည်း တိုင်းဒေသကြီးအစိုးရက ဒီရေတောတွေ အလားအလာကောင်းတဲ့နေရာတွေမှာ သစ်တောမြေပြန်လည်ဖွဲ့စည်းဖို့အတွက်ကို သဘောတူပါတယ်။ ဒါကြောင့်မို့လို့ အခုအခါမှာ ဧကပေါင်း ၁၆၀၀၀ ကျော်ကို ကြိုးပြင်ကာကွယ်တောတွေ ဖွဲ့ဖို့အတွက် အဆိုပြုတင်ပြထားပြီး ဖြစ်ပါတယ်။

## သဘာဝဘေးအန္တရာယ်ထိခိုက်မှုတွေ လျော့နည်းသက်သာလာနိုင်

တောအခြေအနေတွေကလည်း မြေပြင်ဆင်းကြည့်တာရော၊ ဒရုန်းကနေရိုက်ကြည့်တဲ့အခါရော တော်တော်လေးကောင်းပါတယ်။ တချို့နေရာတွေမှာ ဒီရေတောအပင်တွေ ၂၀၀၀၊ ၃၀၀၀ အထိကို ရှိပါတယ်။ ကျဲပါးတဲ့ နေရာတွေကိုလည်း ကျွန်တော်တို့က ဒီရေတောအပင်တွေ ဖြည့်တင်းစိုက်ပျိုးဖို့ စီမံထားပါတယ်။ ဒီလိုစီမံတဲ့နေရာမှာ ပြင်ပအကူအညီတွေဖြစ်တဲ့ အင်န်ဂျီအို၊ အိုင်အင်န်ဂျီအို အကူအညီတွေနဲ့လည်း စိုက်ပျိုးသွားဖို့ရှိပါတယ်။ WIF အဖွဲ့နဲ့လည်း ချိတ်ဆက်ထားပါတယ်။ ဒီအဖွဲ့က လာမယ့် ၂၀၁၈-၂၀၁၉ အတွက်ကို ဒီရေတော အပင်တစ်သိန်း အခမဲ့ပျိုးထောင်စိုက်ပျိုးပေးဖို့ရှိပါတယ်။ အဲဒါတွေကို ဆောင်ရွက်ပြီးမယ်ဆိုရင် ဒီရေတောဖွဲ့မယ့်နေရာတွေမှာ ရှိပြီးသား ဒီရေတောအပင်တွေရော၊ ကျဲပါးတဲ့နေရာတွေမှာ နောက်ထပ်စိုက်မယ့်အပင်တွေရောဆိုရင် ဒီနေရာတွေမှာ ဒီရေတောတွေ ပြန်လည်ဖြစ်ထွန်းပြီးတော့ ဒေသခံတွေ သဘာဝဘေးအန္တရာယ်ထိခိုက်မှု လျော့နည်းသက်သာလာတော့မှာ ဖြစ်ပါတယ်။

## ဒီရေတောတွေရှိမှ ငါး၊ ပုစွန်တွေ သဘာဝအတိုင်းရေရှည်တည်တံ့နိုင်

ဒေသခံတွေကိုယ်တိုင်လည်း ဒီရေတောတွေရှိမှ ငါး၊ ပုစွန်တွေ သဘာဝအတိုင်း ရေရှည်တည်တံ့နိုင်တယ်ဆိုတာကိုလည်း သဘောပေါက်ကြပါတယ်။

*အချပ်ပို (ဃ)သို့*

တင်ဝင်းလေး(ကြည့်မြင်တိုင်)
ဓာတ်ပုံ-သက်ထက်ကို




# မှုန်ပျပျအဝေးဆီမှ ရန်ကုန်ရုပ်ရှင်ရုံများ

**ရုပ်**ရှင် (ခေါ်) ဘိုင်အိုစကုပ်(Bioscope)၊ နောက် ကာလ ရွေ့လျားလာ၍ "ဘိုင်စကုပ်"ကို စာရေးသူငယ်ငယ် မူလတန်းကျောင်းသားအရွယ်ကစတင်၍ မိဘများနှင့်အတူ ကြည့်ခဲ့ဖူးခြင်း ဖြစ်သည်။

စာရေးသူနေထိုင်သည့် ကြည့်မြင်တိုင်မြို့နယ်မှ အနီးဆုံးဖြစ်သော စမ်းချောင်းမြို့နယ် မြေနီကုန်းလမ်းဆုံရှိ ရုပ်ရှင်ရုံများသို့ သွားရောက်ကြည့်ရှုရခြင်း ဖြစ်သည်။ ကြည့်မြင်တိုင်မြို့နယ်အစွန်တွင် တည်ရှိသော်လည်း အလုံ သီတာရုံဟုခေါ်ဆိုသော "သီတာ" ရုပ်ရှင်ရုံမှာ စာရေးသူတို့ အလယ်တန်းကျောင်းသားဘဝ လူပျိုပေါက်ရောက်မှ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ၁၉၆၇ ဝန်းကျင်ခန့်က ဖြစ်မည်ဟု မှန်းဆကြည့်မိသည်။

မည်သည့်ခုနှစ်များက စတင်တည်ဆောက်ခဲ့သည်ကို မသိသော်လည်း သိတတ်သောအရွယ်တွင် ယခု ဒဂုံစင်တာ(၂) နေရာတွင် "တပင်ရွှေထီး" ရုပ်ရှင်ရုံ၊ ၎င်း၏ဘယ်ဘက် ဗားကရာလမ်းမတစ်ဖက်ခြားတွင် "ရတနာပုံ" ရုပ်ရှင်ရုံ၊ တပင်ရွှေထီးရုံ၏ ကားလမ်းမအကျော်တွင် "နယူးဆန်းသီရိ" ရုပ်ရှင်ရုံ၊ နယူးဆန်းသီရိရုံညာဘက် ဗားကရာလမ်းပေါ် ယခု ပဒုမ္မာကဇာတ်ရုံရှေ့ ကားလမ်းတစ်ဖက်ခြားတွင် "ရွှေမန်း" ရုပ်ရှင်ရုံ၊ ထိုမြေနီကုန်း လမ်းဆုံရှိ ရုပ်ရှင်ရုံလေးရုံအနက် ရွှေမန်းရုံမှာ နောက်ဆုံးမှ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ကန့်လန့်ကာ အဖွင့်အပိတ်ကို အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်၏ "အောင်ပါစေ" သီချင်းဖြင့် ဆန်းသစ်ခဲ့၍ အကြားအမြင်ဆန်းခဲ့ရသည်။ တစ်ဖန် ဦးဝိစာရလမ်းနှင့် ဓမ္မစေတီလမ်းဆုံတွင် "ဝိဇယ" ရုပ်ရှင်ရုံတို့ တည်ရှိခဲ့သည်။

နယူးဆန်းသီရိရုံမှာ အင်္ဂလိပ်ကားများသာ ပြသခဲ့ပြီး ဝိဇယရုံမှာ အိန္ဒိယဇာတ်ကားများပြသခဲ့သည်။ ကျန် တပင်ရွှေထီး၊ ရတနာပုံ၊ ရွှေမန်း၊ သီတာရုံတို့မှာ မြန်မာဇာတ်ကားများ ပြသခဲ့ကြသည်။

### လက်မှတ်မှောင်ခိုရောင်းသော ခေတ်

"ဇာတ်ကားကောင်းပြီဟေ့"ဆိုလျှင် ကျောင်းပြေးကြည့်လေ့ရှိကြသည်။ လက်မှတ်ရရှိရေး အားစိုက်တိုးကြရသည်။ ရဲများထိန်းသည့်ကြားက မနိုင်ပေ။ အပေါက်ဝတွင် အကျော်အခွများဖြင့် လူငယ်ဘဝက အလွန်ပျော်ခဲ့ကြရသည်။ မကြာခဏဆိုသလို လက်မှတ်ရလုရခင် အပေါက်ဝရောက်ခါနီးလေးတွင်မှ လက်မှတ်ကုန်သွားခြင်းနှင့် ကြုံတွေ့ခဲ့ရသည့်အခါပေါင်းများခဲ့သည်။ ထိုအချိန်က လက်မှတ်မှောင်ခိုရောင်းသောခေတ်ဖြစ်၍ ရုံမှလက်မှတ်ရောင်းသူနှင့် လက်မှတ်မှောင်ခိုရောင်းသူတို့ အလုပ်ဖြစ်သော ကာလဖြစ်သည်။

ရုပ်ရှင်ရုံများခေတ်ကောင်းချိန်က မြေနီကုန်းတစ်ဝိုက်တွင် နေ့နေ့ညည အလွန်စည်ကားခဲ့သည်။ ပွဲပြချိန်မှာ မွန်းလွဲ ၁၂ နာရီခွဲ ၊ မွန်းလွဲ ၃ နာရီခွဲ၊ ညနေ ၆ နာရီခွဲ ၊ ည ၉ နာရီခွဲ လေးပွဲပြလေ့ရှိသည်။ ဇာတ်ကား ပေရှည်ပါက ၁၅ မိနစ်ရှေ့တိုးပြသခဲ့သည်။ ထိုအချိန်က နောက်ဆုံးပွဲမှာ ည ၁၂ နာရီခန့် ပြီးလေ့ရှိသည်။ ထိုအချိန် ညဥ့်နက်သန်းခေါင်ဖြစ်သော်လည်း ရုပ်ရှင်မှပြန်သူများ လုယက်ခံရသည်ဟု တစ်ခါ မျှ မကြားမိခဲ့ရပေ။

ရုံဝင်ခမှာလည်း ဆင်ခြေဖုံး ဖြစ်၍ သူ့ ခေတ်နှင့် သူ့အခါ ပြား ၅၀ (ငါးမူး) တန်း၊ ၇၅ ပြား (သုံးမတ်) တန်း၊ တစ်ကျပ် ငါးဆယ်ပြား (တစ်ကျပ်ခွဲ)တန်း၊ Stall ဟုခေါ်သော အတန်းမှာ နှစ်ကျပ်ငါးဆယ်ပြား(နှစ်ကျပ်ခွဲ)တန်း၊ DC ခေါ် Dress Class မှာ သုံးကျပ်တန်းဖြစ်သည်။ သမီးရည်းစားစုံတွဲများက များသောအားဖြင့် DC နောက်ဆုံးတန်း ထောင့်ခုံတွဲကို ကြိုတင်ဝယ်လေ့ရှိကြသည်။ မြို့လယ်တွင် ၇၅ ပြားတန်းမှ DC တန်း ကျပ် လေးကျပ်ဖြစ်သည်။




### အားလုံးပျောက်ကွယ်

ယနေ့ မြေနီကုန်းလမ်းဆုံရှိ ထိုရုပ်ရှင်ရုံလေးရုံမှာ "ဒီနေရာမှာ ရုပ်ရှင်ရုံတွေ ရှိခဲ့ဖူးသည်" ဟု လက်ညှိုးထိုး၍ လူငယ်များကို ပြန်ပြောရမည့် လွမ်းစရာပုံပြင်လေးများပင် ဖြစ်တော့သည်။ အားလုံးပျောက်ကွယ်သွားကြပြီဖြစ်သည်။ အထောက်အထားများအရ ရန်ကုန်မြို့တွင် ၁၉၁၀ ပြည့်နှစ်ကတည်းက ရုပ်ရှင်ရုံစပေါ်ခဲ့သည်ဟု ဆရာသူရဇော်က " အမှတ်တရ ကျောက်တံတားမဂ္ဂဇင်း"တွင် ဖော်ပြထားသည်။ ရုပ်ရှင်ပြသသူ မျက်နှာဖြူလူမျိုး "အယ်ဒီဆင်"၏ အမည်ကို အစွဲပြု၍ အမည်ပေးခေါ်ဆိုခဲ့ကြခြင်းဖြစ်ကြောင်း ဖတ်ခဲ့ရသည်။

၁၉၁၀ ပြည့်နှစ်ထဲမှာပင် ဂျူဒါအိစကယ်လမ်း (ယခု သိမ်ဖြူလမ်း)တွင် "စတား" (Star)အမည်ဖြင့် ရုပ်ရှင်ရုံတစ်ရုံ၊ ရွှေတိဂုံဘုရားလမ်း(ယခုစစ်သမိုင်းပြတိုက်နေရာတွင် )"အလမ်ဘရာ" (Allambra)အမည်ဖြင့် တစ်ရုံ၊ မောင်ဂိုမာရီလမ်း (ယခု ဗိုလ်ချုပ်အောင်ဆန်းလမ်း)နှင့် ရွှေတိဂုံဘုရားလမ်းထောင့် ခရစ်ယာန်ဘုရားရှိခိုးကျောင်းနှင့်ကပ်လျက်တွင် "အယ်လီဖန့်စတုံး" ရုပ်ရှင်ရုံ၊ ဘုရားရှိခိုးကျောင်းဈေးအနီး ရှေ့တွင် "စီနီမာဒီပဲရစ်" ရုံနှင့် "အင်ပါယာရုံ"တို့ ရှေ့ဆင့်နောက်ဆင့် ပေါ်လာခဲ့သည်ဟု သိခွင့်ရခဲ့သည်။ ထိုစဉ်က စနေနေ့တိုင်း ဇာတ်ကားအသစ်များလဲလေ့ရှိပြီး စနေ၊ တနင်္ဂနွေ နှစ်ရက်သာ နှစ်ပွဲ ပြလေ့ရှိသည်။ ကျန်ရက် များတွင် တစ်ပွဲစီသာပြသည်ဟု ဆိုသည်။ ပြသသောဇာတ်ကားများမှာ အထိုး၊ အခုတ်၊ အသတ်၊ အပုတ်၊ ဒိုင်ဗင်၊ ဖိုက်တင်၊ မြင်းစီး၊ သေနတ်ပစ်ကားများသာ အများဆုံးပြသခဲ့သည်ဟု ကွယ်လွန်သူအဘိုး၏ ပြောပြမှုအရ သိခဲ့ရသည်။

ပထမဦးဆုံးသော မြန်မာရုပ်ရှင်ကားကို နိုင်ငံရေးခေါင်းဆောင်ကြီးတစ်ဦးဖြစ်သူ ဦးထွန်းရှိန်၏ ဈာပနစမ်းသပ်စီစဉ်ရိုက်ကူးထားသော သတင်းရုပ်ရှင်ဖြစ်သည်။ ၁၉၂၀ ပြည့်နှစ်စက်တင်ဘာလတွင် စီနီမာဒီပဲရစ်ရုံ၌ အမေရိကန်ဇာတ်ကားတစ်ကားနှင့် ပူးတွဲပြသခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်းတော်လှန်ရေးကောင်စီခေတ်နှင့် မဆလခေတ်ဦးပိုင်းအထိ ရုပ်ရှင်ကားကြီး မပြသမီ "မော်ကွန်းရုပ်ရှင်"မှ ရုပ်ရှင်သတင်းကား အတိုလေးများကို ပြသလေ့ရှိခဲ့သည်။

ပထမဦးဆုံးသော မြန်မာရုပ်ရှင်ဇာတ်ကားမှာ "မေတ္တာနှင့်သူရာ"ဇာတ်ကားဖြစ်ပြီး ၁၉၂၀ ပြည့်နှစ် အောက်တိုဘာ ၁၃ ရက်တွင် "ရွှိုင်ရွှယ်စီနီမာ ဒီပဲရစ်"ရုံ၌ တင်ဆက်ပြသခဲ့သည်ဟု ဆရာသူရဇော်၏ မှတ်စုအရ သိရသည်။

### မြန်မာအမည်များ ပြောင်းလဲပေးခဲ့

စာရေးသူမှတ်မှတ်ရရရှိနေသော မြို့တွင်းမှ ရုပ်ရှင်ရုံများမှာ ထိုစဉ်က အင်္ဂလိပ်အမည်များသာ အများဆုံးပေးခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဆူးလေဘုရားလမ်းထောင့်တွင် နှစ်ရုံတွဲရှိခဲ့ပြီး "ပလေဒီယမ်" (Palladium) ရုပ်ရှင်ရုံနှင့် "ဂလုပ်" (Globe) ရုပ်ရှင်ရုံတို့ ရှိခဲ့ဖူးသည်။ ပြည်သူပိုင်သိမ်းပိုက်ပြီးနောက် ၁၉၆၆ ခုနှစ်နောက်ပိုင်း ရုပ်ရှင်ရုံများကို မြန်မာအမည်များ ပြောင်းလဲပေးခဲ့သည်။ "ပလေဒီယမ်"ရုံမှာ နောက်ပိုင်း "ပပဝင်း" ဖြစ်လာသကဲ့သို့ "ဂလုပ်"ရုံမှာ " ဂုဏ်" ရုံဖြစ်လာခဲ့သည်။ ယခု ထိုနေရာတွင် ကုန်သည်ကြီးများဟိုတယ် (Traders Hotel)၊ ထိုမှ ထပ်မံအမည်ပြောင်းလိုက်သော Sule Shangrila Hotel (Yangon)အဆောက်အအုံကြီးတို့က နေရာယူသွားကြပြီကို တွေ့မြင်ရသည်။

တစ်ဖန် ထိုရုပ်ရှင်ရုံများ၏ရှေ့ ဆူးလေဘုရားလမ်း၏ တစ်ဖက်ခြား ယခု ကျောက်တံတားမြို့မရဲစခန်းနှင့်ကပ်လျက်တွင် ယခင်က "ဟစ်ပိုဒရုံ" (Hippodrome)ခေါ် ဒဂုံ ရုပ်ရှင်ရုံ ရှိခဲ့ဖူးသည်။ ယခုအခါ နေပြည်တော်ရုံအဖြစ် ပြောင်းလဲခဲ့ပြီး ယနေ့တိုင် ရုပ်ရှင်ကားများ ပြသလျက်ရှိနေသည်။ နေပြည်တော်ရုံ၏ လက်ယာဘက်သုံးတိုက်မျှ အခြားတွင် "ရီဂျင့်" (Re-gent) ရုပ်ရှင်ရုံရှိခဲ့ဖူးပြီး ပြန်လည်တည်ဆောက်ပြီးသည့်အခါ "လိုက်ဟောက်" (Light House)ဖြစ်လာခဲ့သည်။ ရုပ်ရှင်ရုံများ အဆင့်မြှင့်တင်လာပြီးနောက် "ရှေ့ဆောင်" ရုံအဖြစ် ယနေ့အထိဇာတ်ကားများ ပြသဆဲ ဖြစ်သည်။

ထို့အပြင် ဆူးလေဘုရားလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့် ဟိုတယ်ကြီးနှင့် လမ်းတစ်ဖက်ခြားတွင် ယခင်က "မက်ဂျစ်စတစ်" (Megestic)ဟု ခေါ်ဆိုသော ရုပ်ရှင်ရုံရှိခဲ့ဖူးသည်။ ထိုမှ "အိုဒီအံ့ရစ်" (Odion Ritz) ဟု အမည်ပြောင်းခဲ့ပြီးနောက် "ရဲရင့်" အဆင့်မြင့် ရုပ်ရှင်ရုံ ဖြစ်လာခဲ့သည်။ ယခု ဦးခေါင်းတမော့အဆုံးကြည့်မှ ထိပ်ဖျားကို မြင်ရသော "ဆာကူရာ" (Sakura) တာဝါကြီးအဖြစ် ထီးထီးမားမားတည်ရှိသွားပြီဖြစ်သည်။

ဆူးလေဘုရားလမ်းမှ ဘယ်ဘက်သို့ချိုးကွေ့၍ ဗိုလ်ချုပ်လမ်း လမ်းမပေါ်သို့သွားပါက ၃၁ လမ်းနှင့် ၃၂ လမ်းအကြားတွင် ယခင်က "ရွှိုင်ရယ်"(Royal)ရုပ်ရှင်ရုံနှင့် "ကာလ်တန်" (Carlton)ရုပ်ရှင်ရုံနှစ်ရုံ ကပ်လျက်ရှိခဲ့ဖူးသည်။ မြန်မာအမည်ဖြင့် "ရွှိုင်ရယ်ရုံ"ကို "တော်ဝင်ရုံ"၊ "ကာလ်တန်ရုံ"ကို "ယုဇန" ဟု ပြောင်းလဲပေးခဲ့သည်။ ယခုအခါ ထိုနေရာတွင်လည်း Central Hotel ကြီးက ပိုင်ဦးသွားခဲ့ပြန်သည်။

၃၃ လမ်းနှင့် ၃၄ လမ်းအကြားတွင် "အိတ်ဆဲစီယာ" (Excelsior) ရုပ်ရှင်ရုံရှိခဲ့ပြီး မြန်မာအမည်ဖြင့် "ဝဇီရာ" ရုပ်ရှင်ရုံအဖြစ် ယနေ့တိုင် အဆောက်အအုံရှိသော်လည်း ယခင်က ပြဇာတ်များသာ ကပြလေ့ရှိပြီး ရုပ်ရှင်ကားများ ပြသမှုနည်းခဲ့သည်။ ယနေ့ ရုပ်ရှင်မပြသည်မှာ သုံးလေးနှစ်ခန့်ရှိပြီဟု ရုံရှေ့တွင် ဈေးရောင်းသူတစ်ဦးကဆိုသည်။

### ပျောက်ကွယ်သွားသော ရုပ်ရှင်ရုံ

တစ်ဖန် ၃၄ လမ်းထောင့်တွင် "ရွှေဂုဏ်"နှင့် မြို့မ ရုပ်ရှင်ရုံအတွဲလိုက်ရှိခဲ့ဖူးပြီး ၃၅ လမ်းထိပ်တွင် မူလအမည် "ဂရင်း" (Grand) ရုပ်ရှင်ရုံမှ မြန်မာအမည် "ဆုထူးပန်" ရုပ်ရှင်ရုံတို့ ရှိခဲ့သည်။ ယခုအခါ ကွက်လပ်ကြီးများအဖြစ် ရုပ်ရှင်ရုံများနေဝင်ချိန်တွင် အမှောင်ဖုံးလွှမ်းခံခဲ့ရသည်။ ထို့အတူ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း) ထောင့်တွင် ယခင်က "ကင်း" (King) ရုပ်ရှင်ရုံအဖြစ် တည်ရှိခဲ့သော "ဘုရင့်"ရုံသည်လည်း မျက်စိအတွင်းမှ ပျောက်ကွယ်သွားသော ရုပ်ရှင်ရုံတစ်ရုံဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းလမ်းပေါ်မှ ရုပ်ရှင်ရုံအတွဲများတွင် လက်တွဲဖြုတ်၍ သူရဲကောင်းအဖြစ် ကျန်ခဲ့သော ရုပ်ရှင်ရုံများတွင် "သွင်"တစ်ရုံတည်းသာ အဖော်မဲ့လျက်ရှိနေသည်။ သို့တိုင်သူ့တာဝန်ကိုတော့ဖြင့် ထမ်းဆောင်နေဆဲ၊ ရုပ်ရှင်ကားများ ပြနေဆဲပင် ဖြစ်သည်။

သို့သော် ရုံဝင်ကြေးမှာ အခြေခံလူတန်းစားများ အနားမသီနိုင်သော ငွေကြေးပမာဏဖြစ်သည်။ ရုံရှေ့က ဖြတ်သွားစဉ် လက်မှတ်ရုံရှေ့တွင် အပေါ်ထပ် ငွေကျပ် ၃၀၀၀၊ အောက်ထပ် ငွေကျပ် ၂၀၀၀ ဟု အော်ခေါ်သံကို ကြားလိုက်ရသည်။ လက်မှတ်ဝယ်ရန် အပေါက်ဝ မှန်ကာဘာများပေါ်တွင် ရေးထားသည်က ထို့ထက်ပင်ပို၍ ဝင်ကြေးများ မြင့်နေသည်ကို တွေ့ရသည်။

*အချပ်ပို(ဂ)သို့*



# ရန်ကုန်မြို့ အနာဂတ် . . . .

ဝေယံဦး၊ ဓာတ်ပုံ-ကေဇင်

**ရန်ကုန်** မြို့ ဖွံ့ဖြိုးတိုးတက်ရန် ဂျပန်နိုင်ငံက ယန်း ၈၀၀ ဘီလီယံ ကူညီမည်ဆိုသည့် သတင်းက ပျံ့နှံ့နေသည်။ ပြည်တွင်းထုတ် သတင်းမီဒီယာများတွင်လည်း အလုအယက်ဖော်ပြနေကြသည်။ ကမ္ဘာပေါ်တွင် နည်းပညာအပိုင်း၊ ငွေကြေးအပိုင်းများတွင်သာမက လုပ်ငန်းဆောင်ရွက်ရာ၌ သေချာတိကျသော ဂျပန်နိုင်ငံက အကူအညီပေးမည်ဆိုသည့် သတင်းက ရန်ကုန်မြို့နေ ပြည်သူများအတွက် မင်္ဂလာသတင်းပင် ဖြစ်သည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး ကိုယ်တိုင်ပြောကြားသော စကားအရ ရန်ကုန်မြို့ပြဖွံ့ဖြိုးရေး စီမံကိန်း၊ အခြေခံအဆောက်အအုံ၊ ပို့ဆောင်ရေးနှင့် လျှပ်စစ်ဓာတ်အားကဏ္ဍများတွင် ဂျပန်က အကူအညီပေးမည်ဟု ဆိုထားပြီဖြစ်ရာ အားတက်ဖွယ်ကောင်းသည်က အမှန်ပင်။ လမ်းစနစ်၊ လျှပ်စစ်ဓာတ်အားအပြည့်အဝ သုံးစွဲနိုင်ရေးစနစ်၊ ရေမြောင်းစနစ်၊ မီးပွိုင့်စနစ်၊ အခြေခံအဆောက်အအုံများ စသည့်ကဏ္ဍများတွင် ရန်ကုန်မြို့က အားနည်းချက်များရှိနေသည်။

### စက်မှုဇုန်များနှင့် ဝိုင်းရံလျက်ရှိ

လူဦးရေ တစ်နေ့တခြား တိုးပွားလာသော ရန်ကုန်မြို့သည် မြန်မာနိုင်ငံအတွက် စီးပွားရေးမြို့တော်ဖြစ်ရာ စီးပွားရေးလုပ်ငန်းများ ပီပီပြင်ပြင် ထွက်ပေါ်လာဖို့ လိုအပ်နေသည်။ ရန်ကုန်မြို့ပြသည် စက်မှုဇုန်များနှင့် ဝိုင်းရံလျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်မှုဇုန်ပေါင်း ၂၉ ခုရှိနေရာ စက်မှုဇုန် အတော်များများက လည်ပတ်လျက်ရှိသည်။ ၁၉၉၅ ခုနှစ်က စတင်ထူထောင်ခဲ့သည့် လှိုင်သာယာစက်မှုဇုန်က စုစုပေါင်း ၅၆၇ ဧကရှိရာ ရန်ကုန်မြို့၌ အကြီးဆုံးစက်မှုဇုန်တစ်ခုလည်း ဖြစ်နေသည်။ လက်ရှိအချိန်တွင် စက်ရုံပေါင်း ၆၅၀ ကျော် လည်ပတ်နေသည် ဖြစ်ရာ မြန်မာနိုင်ငံအတွက် အကျိုးပြုသည့် စက်မှုဇုန်တစ်ခုလည်း ဖြစ်သည်။

**“ရန်ကုန်မြို့ကို နေချင်စဖွယ်ဖြစ်လာစေရန် သန့်ရှင်းသပ်ရပ်မှု၊ လမ်းများ ကောင်းမွန်မှု၊ နေအိမ်တိုက်တာ အဆောက်အအုံများ ဒီဇိုင်းလှပခိုင်ခံ့ကာ ခေတ်မီရန်ကုန်မြို့ပြ၏ ဂုဏ်ဒြပ်နှင့်ညီသော အနေအထားဖြစ်ပေါ်လာစေမှုများ ဖြစ်ပေါ်စေရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် JICA တို့က ပူးပေါင်းကာ စီမံကိန်းရေးဆွဲထားပြီး အကောင်အထည်ဖော် ကြိုးစားနေပြီဖြစ်”**

ရန်ကုန်မြို့တွင် လည်ပတ်နေပြီဖြစ်သော စက်မှုဇုန် ၂၉ ဇုန်တွင် အချို့စက်မှုဇုန်ရှိ စက်ရုံ၊ အလုပ်ရုံများ လည်ပတ်မှု နှေးကွေးနေဆဲ ဖြစ်သည်။ အချို့စက်ရုံ၊ အလုပ်ရုံများက ရပ်ထားဆဲ။ သို့သော် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဧက ၁၀၀၀ ခန့်စီရှိသော စက်မှုဇုန်များ ထူထောင်ဦးမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောထားသည်။ ယင်းစက်မှုဇုန်များအတွက် မြေနေရာများ ရှာဖွေထားပြီးဖြစ်ရာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဦးစားပေးဆောင်ရွက်ရန်လည်း အစီအစဉ်ရှိနေသည်ဟု ဆို၏။ ထိုစက်မှုဇုန်များတွင် ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များကလည်း ပါဝင်ရန် တာစူနေကြောင်း သိရသည်။

### စီးပွားရေးအချက်အချာကျ

လောလောဆယ်တွင် သီလဝါအထူးစီးပွားရေးဇုန်တွင် ဂျပန်နိုင်ငံ စီးပွားရေးလုပ်ငန်းများက အဓိကပါဝင် အကောင်အထည်ဖော်လျက်ရှိနေသည်ဖြစ်ရာ ရန်ကုန်မြို့ ဖွံ့ဖြိုးတိုးတက်ရေးတွင် ဂျပန်နိုင်ငံက တတ်စွမ်းသမျှ ပါဝင်ဆောင်ရွက်နေခြင်းပင် ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့က ပူးတွဲပြီး ရန်ကုန်မြို့ကို စိမ်းလန်းစိုပြည်သည့် မြို့၊ စီးပွားရေးအချက်အချာကျသည့်မြို့၊ နေထိုင်ချင့်စဖွယ်ကောင်းသော မြို့နှင့် ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းသော မြို့တစ်မြို့ဖြစ်လာရန် ကြိုးစားဆောင်ရွက်နေကြောင်း သိရသည်။

ထိုသို့ အချက်လေးချက်နှင့် ပြည့်စုံသော နိုင်ငံတကာ အဆင့်မီ မြို့ကြီးတစ်မြို့ဖြစ်စေရန် အချက်တစ်ချက်ဖြစ်သည့် စီးပွားရေးအချက်အချာကျသည့် မြို့ဖြစ်လာစေရေးအတွက် စက်မှုဇုန်အသစ်များ ထူထောင်ရန် ကြိုးစားနေခြင်းဖြစ်သည်။ စီးပွားရေးလုပ်ငန်းများ တိုးတက်လာစေရန်၊ ရင်းနှီးမြှုပ်နှံမှုများ လာရောက်စေရန် ဂျပန်စီးပွားရေးလုပ်ငန်းရှင်များကို ဂျပန်အစိုးရကလည်း တိုက်တွန်းပေးမည်ဖြစ်ရာ ရန်ကုန်မြို့၏ စီးပွားရေးမြို့တော်ပုံရိပ်ကို ပိုမိုပီပြင်လာစေမည်ဖြစ်သည်။



### လွှတ်တော်တွင် ဆွေးနွေးမှုများ ပြုလုပ်

ရန်ကုန်မြို့ကို နေချင်စဖွယ်ဖြစ်လာစေရန် သန့်ရှင်းသပ်ရပ်မှု၊ လမ်းများ ကောင်းမွန်မှု၊ နေအိမ်တိုက်တာ အဆောက်အအုံများ ဒီဇိုင်းလှပခိုင်ခံ့ကာ ခေတ်မီရန်ကုန်မြို့ပြ၏ ဂုဏ်ဒြပ်နှင့်ညီသော အနေအထားဖြစ်ပေါ်လာစေမှုများ ဖြစ်ပေါ်စေရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီနှင့် JICA တို့က ပူးပေါင်းကာ စီမံကိန်းရေးဆွဲထားပြီး အကောင်အထည်ဖော် ကြိုးစားနေပြီဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး ၃၃ မြို့နယ်တွင် လမ်းများ ကောင်းမွန်စေရန် လမ်းညွှန်ချက်နှင့် လူကူးမျဉ်းကျားများ အသစ်ရေးဆွဲပြီး အပိုင်းလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ ဘတ်စ်ကားမှတ်တိုင်များ၊ မှတ်တိုင်ဧရိယာ မျဉ်းဝါများ ရေးဆွဲမှုကိုလည်း ဆောင်ရွက်နေပြီဖြစ်သည်။ ရန်ကုန်မြို့ စည်ပင်သာယာရေး နယ်နိမိတ်ပြင်ပတွင်လည်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်နှင့် အဆင့်မြှင့်တင်ရန် ထပ်တိုးဘဏ္ဍာငွေကျပ် ၄၇ ဘီလီယံ သုံးစွဲနိုင်ရေး ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်တွင် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးဖြစ်သည်။

ရန်ကုန်မြို့ဧရိယာတွင် အများပြည်သူတို့ အပန်းဖြေနိုင်သည့် ပန်းခြံပေါင်း ၆၁ ခုရှိရာ ပန်းခြံများ အားလုံးကို ပြည်သူများ အခမဲ့ဝင်ရောက်အပန်းဖြေနိုင်ကြပြီ ဖြစ်သည်။ ပန်းခြံအားလုံး အဆင့်မြှင့်တင် ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိရာ ယခုအခါ ပန်းခြံအတော်များများ သန့်ရှင်းသာယာလှပနေပြီဖြစ်သည့်အတွက် ရန်ကုန်မြို့ကို နေချင့်စဖွယ်မြို့အဖြစ် ရောက်ရှိလာစေရန် ပြည်သူများကလည်း ပူးပေါင်းပါဝင်ရန် လိုအပ်လျက်ရှိနေပြီ ဖြစ်သည်။ *အချပ်ပို (ဃ) သို့*



*အချပ်ပို (ခ)မှ*

“သွင်” ကဲ့သို့ပင် တစ်ရုံတည်းရှိနေသော ရုပ်ရှင်ရုံမှာ “သမ္မတ” ရုပ်ရှင်ရုံဖြစ်သည်။ ဆူးလေဘုရားလမ်းမှ တည့်တည့်သွား၍ ရထားခုံးကျော်လိုက်သည်နှင့် တွေ့ရသော ရုပ်ရှင်ရုံဖြစ်သည်။ ထိုခေတ်က ခေတ်အမီဆုံး ရုပ်ရှင်ရုံတစ်ရုံဖြစ်ခဲ့သည်။ အပြင်အဆင်ကအစ အခြားသောရုံများထက် သာလွန်သည်။ ပိတ်ကားအဖွင့်အပိတ်ကို ဂီတသုတေသီ ရွှာစားကြီး စိန်ဗိုလ်တင့်၏ တီးလုံးဖြင့် ဖွင့်ခြင်း၊ ပိတ်ခြင်းဖြစ်သည်။ “သမ္မတတီးလုံး” ရုပ်ရှင်ချစ်သူများအကြား ရေပန်းစားခဲ့သည်။

ကျောက်တံတားမြို့နယ် အနော်ရထာလမ်းနှင့် ၃၉ လမ်းဆုံထိပ်တွင် ယခင်က “ဆန်နီ” ရုပ်ရှင်ရုံအဖြစ် စတင်သိရှိခဲ့ပြီး နောက် “ဂျိုတီရုံ” (Joti) ရုံဖြစ်လာခဲ့သည်။ မြန်မာအမည် “သီဟ” ရုပ်ရှင်ရုံအဖြစ် နောက်ဆုံးပြောင်းလဲခဲ့သည်။ အိန္ဒိယဇာတ်လမ်းများသာ ပြသခဲ့သော ရုံဖြစ်သည်။ ယခုယင်းနေရာတွင် အထပ်မြင့် Tower ကြီးအဖြစ် ပေါ်ပေါ်လွင်လွင် ရပ်တည်နေရာယူသွားခဲ့ပြီဖြစ်သည်။

### ပြောင်းလဲသွား

လမ်းမတော်မြို့နယ်အတွင်း အနော်ရထာလမ်းပေါ်တွင် ရှိခဲ့သော “ကာဒွေး” ရုံခေါ် “ကေသွယ်” ရုံမှာလည်း ကော်ဇောများရောင်းရာ အရောင်းဆိုင်ကြီးဖြစ်ခဲ့ပြီး “စံပြ” ရုံမှာ ယခုတိုင် ရုပ်ရှင်ကားများ လက်ခံပြသနေဆဲဖြစ်သည်။ ထို့အတူ မြို့နယ်များအထဲမှ မှတ်မိသမျှသော ယခင်က ကမာရွတ် “စန္ဒာမြိုင်”နှင့် “မြနန်းသိင်္ဂီ” ရုံ (ယခုလှိုင်မြို့နယ်အတွင်း) တို့မှာ ရုပ်ရှင်နှင့်မဆိုင်သောလုပ်ငန်း အဆောက်အအုံများအဖြစ် ပြောင်းလဲသွားသည်ဟု “ဒါဖတ်ပြီးမှ ရုပ်ရှင်ကြည့်ပါ” ရုပ်ရှင်ဝေဖန်ရေးဆောင်းပါးများကို ဘက်မလိုက် တစိုက်မတ်မတ် ရေးသားအောင်မြင်ခဲ့သည့် ဆရာ စိန်ခင်မောင်ရီ၏ သား သတင်းထောက် ဦးခင်မောင်သော်က လှမ်းသတင်းပေးခဲ့သည်။

စာရေးသူတို့ သိမီသောခေတ်တွင် သောကြာနေ့တိုင်း ဇာတ်ကားအသစ်များ လဲတတ်(ပြောင်းတတ်)ကြသည်။ ရုပ်ရှင်ရုံရှေ့တွင် ချိတ်ဆွဲထားသော ကြော်ငြာဘုတ်များမှာ ယခုကဲ့သို့ ဗီနိုင်းများဖြင့် မဟုတ်ပေ။ ပိတ်သားအထူပေါ်တွင် ဆေးရေးပန်းချီများကို ပန်းချီဆရာကြီးများကိုယ်တိုင် ပုံတူရေးဆွဲကြပြီး ကြော်ငြာဘုတ်များမှာ ယခုကဲ့သို့ သတ်မှတ်အတိုင်းအတာမဟုတ်ပေ။ ရုံအပြည့်ဘောင်ကျော် ရေးဆွဲချိတ်ကြခြင်း ဖြစ်သည်။

တစ်ခေတ်တစ်ခါက ရုပ်ရှင်ကြော်ငြာဘုတ်ကြီးများ ရေးဆွဲရာတွင် နာမည်ကြီးခဲ့သော ပန်းချီဆရာကြီးများကို ပန်းချီ၊ ပန်းပု အစည်းအရုံးမှ ဥက္ကဋ္ဌ ဆြာနွယ်နှင့် ကိုယ်တိုင်ပါဝင်ရေးဆွဲခဲ့သည့် ဦးသိန်းဇံတင့်တို့က လှမ်းမောဖွယ် ပြန်လည်လှစ်ဟခဲ့သည်။

“ရှေ့ခေတ်ဦးပိုင်းမှ ဆရာဦးတင်လှ(မာမူကြီး)၊ ဆရာဦးစိန်ထွန်း၊ ဆရာဦးစိန်ဝင်း၊ ဆရာဦးဘရင်လေး၊ ဆရာ စတားမြသန်း၊ ဆရာဦးမြဟန်(ကန်တော်လေး)တို့က ရေးဆွဲခဲ့ကြတယ်၊ နောက်ပိုင်း ကျွန်တော်တို့ခေတ်မှာ ပန်းချီ မောင်ကျော်ညွန့်နှင့်အဖွဲ့ ၊ မောင်မောင်တို့အဖွဲ့ ၊ မောင်ဒွေးအောင်အဖွဲ့ ၊ မောင်ညိုဝင်း၊ မောင်ဖေသဏ်း၊ ကျော်ကျော်ဝင်း၊ ဇော်ဇော်၊ မြင့်ထွေး(ကန်တော်လေး)၊ ဟန်ဝင်းသျှင်နဲ့ ကျွန်တော်တို့ အပါအဝင်ပေါ့၊ ဒါတွေက လွမ်းရုံအပြင် ဘာမှမရှိတော့ပါဘူး၊ ခေတ်ရေစီးကြောင်းနဲ့အတူ မျောပါသွားခဲ့ပါပြီ”ဟု ပန်းချီဆရာ ဦးသိန်းဇံတင့်က မှတ်မိသမျှကို ပြန်လည်ပြောပြသည်။

### မှုန်ပျပျမြင်ကွင်းများ

စာရေးသူအနေဖြင့် ကွယ်လွန်သူအဆိုတော် လွှမ်းမိုးသီဆိုခဲ့သည့် “ဟိုအစ်ကိုကြီးရဲ့ မခင်နှင်းဆီ” သီချင်းထဲမှ “အခုတော့ ဒါတွေ---- ဒါတွေ ပြီးခဲ့ပါပြီ... ပြီးခဲ့ပါပြီ ဒါပေမယ့်လည်း တစ်ခါတစ်ရံမှာတော့--- သတိရနေပါသည်” အပိုဒ်လေးကို အထပ်ထပ်ညည်းလျက်က ပြန်လည်မှန်းဆတမ်းတကြည့်ပါသော်လည်း မပီဝိုးတဝါး အဝေးဆီမှ မှုန်ပျပျမြင်ကွင်းများအဖြစ်သာ . . . ဟု ။ ။

**တစ်ပတ်အတွင်း ရန်ကုန် ကားဈေးကွက်**

# နှစ်သစ်ကူးဆောင်းရာသီနဲ့အပြိုင် အေးစက်ဆဲကားဈေးကွက်

မင်းသော်



**တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့်ဈေးနှုန်းများ**

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်းကျပ်သိန်း |
|---|---|---|---|---|---|
| Suzuki Ciaz | 2017 | စတိ(ရန်ကုန်) | 1400 cc | အရောင်းပြခန်း | ၂၄၆+ဝင်ငွေခွန် |
| Suzuki Ertiga | 2017 | စတိ(ရန်ကုန်) | 1400 cc | အရောင်းပြခန်း | ၂၃၀+ဝင်ငွေခွန် |
| Suzuki Carry Truck | 2012 | မန္တလေး | 660 cc | အရောင်းပြခန်း | ၁၁၅ |
| Honda Fit | 2012 | နယ် | 1300 cc | အပြင်ဈေး | ၁၉၅ |
| Vanguard | 2012 | ရန်ကုန် | 2400 cc | အပြင်ဈေး | ၇၁၀ |
| Wish | 2011 | ရန်ကုန် | 1800 cc | အပြင်ဈေး | ၄၇၀ |
| Hiace | 2008 | ရန်ကုန် | 2700 cc | အပြင်ဈေး | ၃၆၈ |
| Chevrolet | 2006 | ရန်ကုန် | 1300 cc | အပြင်ဈေး | ၁၂၀ |
| Probox DX | 2007 | ရန်ကုန် | 1500 cc | အပြင်ဈေး | ၁၇၀ |
| Will Vs | 2002 | ပဲခူး | 1800cc | နယ် | ၁၁၀ |

**နှစ်**သစ်ကူးရာသီ ဆောင်းနှင့်အတူ ရန်ကုန်မြို့ရှိ မော်တော်ကားဈေးကွက်မှာလည်း အေးစက်နေဆဲပင်ဖြစ်သည်။ တစ်ပတ်အတွင်း ဈေးနိမ့်ကားများသာ အရောင်းအဝယ် အနည်းငယ်ရှိနေပြီး ဈေးမြင့်၊ မော်ဒယ်မြင့်၊ လိုင်စင်စုံ မော်တော်ကားများမှာမူ အရောင်းအဝယ် မရှိသလောက် အေးစက်နေကြောင်း ကားဈေးကွက်အတွင်းမှ သိရှိရသည်။

ဂျပန်ညာမောင်းကားများသည် မူလရောက်ရှိနေသည့်ဈေးများထက် မြင့်တက်လာခဲ့ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်၍ ညာမောင်းမော်တော်ကားများ တင်သွင်းခွင့် မရရှိတော့ဘဲ ဘယ်မောင်းကား ၂၀၁၄ ခုနှစ်ထုတ် နောက်ပိုင်း မော်တော်ယာဉ်များကိုသာ တင်သွင်းကြရတော့မည်ဖြစ်သဖြင့် လူကြိုက်များသည့် ညာမောင်းကားများ၏ ဈေးနှုန်းများသည် သုံးနှစ်တာအတွင်း အမြင့်ဆုံးအနေအထားကို မြင်တွေ့ရသည်။

"အရောင်းအဝယ်ကတော့ အေးပါတယ်၊ ကားဈေးနှုန်းတွေကတော့ စံချိန်တင် မြင့်တက်လာတယ်၊ ဝယ်သူကလည်း လိုက်ဖို့ မဆုံးဖြတ်နိုင်တော့တဲ့ အနေအထား ဖြစ်နေတယ်၊ အတက်မှာပဲ အကြာကြီး ငြိမ်နေမယ်ဆိုရင်တော့ တက်ဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ကြမယ် ထင်ပါတယ်၊ လက်ရှိမှာတော့ စတိနံပါတ်နဲ့ ရန်ကုန်လိုင်စင်တွေက ဈေးတွေ မတရားတင်နေကြတာကို တွေ့ရတယ်"ဟု ဒီဇင်ဘာ ၂၄ ရက်က မော်တော်ကားဝယ်ယူခဲ့သူတစ်ဦးက ပြောပြသည်။

## ဆက်လက်တင်သွင်းလို

မော်တော်ယာဉ်အသင်းများမှတစ်ဆင့် ညာမောင်းကားများကို ၂၀၁၈ ခုနှစ်အတွင်း ဆက်လက်တင်သွင်းခွင့်ရရန် ကြိုးပမ်းနေကြောင်း သိရသော်လည်း လက်ရှိအစိုးရ၏ မော်တော်ယာဉ်တင်သွင်းခွင့်အတွက် ကန့်သတ်ချက်များသည် ကျိုးကြောင်းဆီလျော်ကြောင်း၊ လက်ရှိ နိုင်ငံ၏ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးတို့နှင့်လည်း ကိုက်ညီမှုရှိကြောင်း၊ မော်တော်ယာဉ်ဈေးကွက် ဈေးကစားလိုသူများအဖို့ ညာမောင်းကားများ ဆက်လက်တင်သွင်းလိုခြင်းဖြစ်ကြောင်း ထောက်ခံဝေဖန်ကြသူများကိုလည်း မြင်တွေ့ရသည်။

"ညာမောင်းက အသားကျနေပြီလေ၊ အခုလို ပိတ်လိုက်မယ်ဆိုရင် ကားဈေးနှုန်းတွေက အများကြီးမြင့်တက်သွားမယ်၊ ဒီလိုဆိုရင် ထိခိုက်ရမှာက ကျွန်တော်တို့ ကားဝယ်၊ရောင်းသမားတွေ မဟုတ်ပါဘူး၊ ဝယ်ယူစီးနင်းမယ့်သူတွေ အားလုံး ထိခိုက်မှာပဲ၊ မတန်တဆ ဈေးတွေဖြစ်ကုန်ရင် လူလတ်တန်းစားတွေ ကားတစ်စီး ဝယ်ယူနိုင်ဖို့ အများကြီး အခက်အခဲရှိတယ်၊ အမှန်က ညာမောင်းကားတွေကို တင်သွင်းခွင့်ပေးသင့်တယ်"ဟု ကားဝယ်ရောင်းသမား ကိုကျော်ဇေယျာထွန်းက ပြောသည်။

ဈေးကွက်တွင် ဂျပန်တစ်ပတ်ရစ် ညာမောင်းကားလောကကို စိန်ခေါ်နေသည့် ပြည်တွင်းမှာပင် ထုတ်လုပ်တပ်ဆင်ရောင်းချနေသည့် ဘရန်းနယူး မော်တော်ကားဈေးကွက်သည်လည်း ပိုမိုအောင်မြင်လာနေသည်ကိုလည်း မြင်တွေ့ရသည်။ ပြည်သူများအနေဖြင့် ဈေးခေါ်သူတို့ စိတ်ကြိုက်ဈေးခေါ်ရောင်းချနေသည့် ဂျပန် တစ်ပတ်ရစ်ကားများထက် ပြည်တွင်းထုတ် မော်ဒယ်မြင့် ကားသစ်များကို ဈေးနှုန်းချင်းတူပါက မျှတစွာအားပေးကြမည့် အရိပ်အယောင်များဟု ယူဆရသည်။

ထို့ပြင် ပြည်တွင်းထုတ်ကားသစ်များသည် ရန်ကုန်လိုင်စင်ရရှိရန် လွယ်ကူသော အချက်သည် လက်ရှိ ဂျပန်တစ်ပတ်ရစ်ကားဈေးကွက်အတွင်း ရန်ကုန်လိုင်စင်ရရှိရန် ခက်ခဲမှုကို စိန်ခေါ်လျက်ရှိကြောင်း မော်တော်ကားဈေးကွက် ကျွမ်းကျင်သူများက ပြောသည်။ မော်တော်ကားဈေးကွက်အတွင်း ရန်ကုန်ဈေးကွက်သည် အခရာဖြစ်နေပြီး အစိုးရ၏ မူဝါဒအပြောင်းအလဲများ၊ စည်းကမ်းကလနားများကြောင့် မော်တော်ကားဈေးကွက်သည် မှန်းဆရန် ခက်ခဲလွန်းလှသည်။ လက်ရှိတွင်လည်း နယ်လိုင်စင်ကားများကို ညအိပ်ခွန်များ ကောက်ခံမည်ဆိုခြင်းကြောင့် နယ်လိုင်စင်အရောင်းအဝယ် အားအလွန်နည်းလျက်ရှိသည်။ ရန်ကုန် လိုင်စင်မှာမူ တရိပ်ရိပ်နှင့် ဈေးခေါ်သလောက် ဈေးမြင့်နေသည်ကို မြင်တွေ့ရသည်။

## ရွေးချယ်ရန်ခက်ခဲ

လက်ရှိတွင် ငွေအလုံးအရင်းအားနည်းသူများသာ အရောင်းအဝယ်အဖြစ်များပြီး အောက်ကားများ ပိုမိုရောင်းချနေကြရကြောင်း ဈေးကွက်အတွင်းမှ သိရှိရသည်။ အများစုမှာ ငွေကျပ်သိန်း ၁၅၀ မှ ၂၂၀ အကြား မော်တော်ကားများသာ အရောင်းအဝယ် အဖြစ်များပြီး အများစုမှာ ရွေးချယ်ရန်ခက်ခဲကာ ရောင်းချရန်ရှိသည့် ယာဉ်များအနက်မှသာ မျက်စိမှိတ်ဝယ်ယူနေကြောင်းလည်း သိရှိရသည်။

"ဝယ်စုထားတဲ့သူတွေက ၂၀၁၈ နှစ်လယ်လောက်အထိ ဈေးကိုဆွဲကြပြီး ရသလောက်မြှင့်ကြလိမ့်မယ်၊ ဝယ်သူအတွက် ကားရှားတဲ့ အနေအထားတော့ ရှိတယ်၊ တတ်နိုင်တဲ့ ငွေနဲ့ ဝယ်မယ်ဆိုရင်တော့ စိတ်ကြိုက်ကားဖြစ်ဖို့ မလွယ်ဘူး၊ ဒါပေမယ့် ဒီအချိန်က ငွေတတ်နိုင်မယ်ဆိုရင် ငွေထုပ်ပိုက်ပြီး အလောတကြီး ရောင်းမယ့်ကားကို ထိုင်စောင့်မယ်၊ ပြန်ရောင်းရင်လည်း ဝယ်သူမရမချင်း အေးအေးစောင့်ပြီး ရောင်းနိုင်မယ်ဆိုရင် အကျိုးအမြတ်ရှိတဲ့ ကာလဖြစ်ပါတယ်"ဟု ကိုကျော်ဇေယျာထွန်းက ပြောသည်။

ဂျပန်တစ်ပတ်ရစ်ကားသစ်များကို စလစ်ကပ် တင်သွင်းသည့်အခါ ရန်ကုန်လိုင်စင်ဖြင့် အင်ဂျင်ပါဝါ ၁၃၀၀ စီစီသာရှိသည့် မော်တော်ကားများ၏ ဈေးနှုန်း ငွေကျပ် သိန်း ၃၀၀ ဝန်းကျင်အထိ ဖြစ်နေခြင်းသည် ဈေးနှုန်းထိန်းရာမရောက်ကြောင်း၊ တတ်နိုင်သူများအနေဖြင့် တစ်ပတ်ရစ်ကားထက် ဘရန်းနယူးကားများကိုသာ ဈေးနှုန်းမကွာသည့်နည်းတူ ဝယ်ယူလာနိုင်ကြောင်း စိုးရိမ်သူများလည်း အများအပြားရှိသည်။

"လာမယ့်အပတ်မှာတော့ ကားဈေးတွေက သိပ်ထူးပြီး တက်မယ်မထင်ဘူး၊ နှစ်သစ်ကူးကာလလည်းဖြစ်တော့ ကားဝယ်ဖို့၊ ရောင်းဖို့ ဘယ်သူမှ အာရုံရကြမယ် မထင်ဘူး၊ ဒီကာလမှာအကောင်းဆုံးက ဘာမှမလုပ်ဘဲ ထိုင်စောင့်သင့်တဲ့ ကာလဖြစ်ပါတယ်။ စလစ်ဈေးကလည်း လက်ရှိမှာ အမြင့်ဈေး ငွေကျပ် ၁၃၅ သိန်း ဝန်းကျင်နဲ့ပဲ ငြိမ်နေတာကို တွေ့ရတယ်"ဟု လက်ရှိအခြေအနေကို ကျွမ်းကျင်သူတစ်ဦးက သုံးသပ်ပြသည်။ ။

*အချပ်ပို( ၈ )မှ*

ရန်ကုန်မြို့သည် မြို့ပြအမွေအနှစ် အဆောက်အအုံများ ထိန်းသိမ်းနိုင်သည့် မြို့တစ်မြို့အဖြစ် ရောက်ရှိလာရန် ကြိုးစားနေရာ အရှိန်အဟုန် ရရှိနေပြီဖြစ်သည်။ ရှေးဟောင်းအဆောက်အအုံများကို အပြာရောင် ကမ္ပည်းပြားများ တပ်ဆင်ကာ စနစ်တကျ ထိန်းသိမ်းဆောင်ရွက်လျက်ရှိရာ ရန်ကုန်မြို့လယ်တွင် ရှေးဟောင်းအဆောက်အအုံများကို မပျက်စီးစေရန် ထိန်းသိမ်းထားနိုင်မှုမှာ ထင်ထင်ရှားရှား မြင်တွေ့နေရပြီ ဖြစ်သည်။ ရှေးဟောင်း အဆောက်အအုံ၊ ရှေးဟောင်းအမွေအနှစ်များကို မြို့ပြ၏ဂုဏ်ဒြပ်တစ်ခုအဖြစ် အရှည်တည်တံ့အောင် ထိန်းသိမ်းထားခြင်း ဖြစ်သည်။

## ပူးပေါင်း ဆောင်ရွက်သွားမည်

တစ်ဖန် ရန်ကုန်မြို့တွင် အရန်မြို့သစ်စီမံကိန်းများကိုလည်း အကောင်အထည်ဖော်ရန် စီမံကိန်းရှိနေရာ လောလောဆယ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ကို ရွေးချယ်ထားသည်။ ရန်ကုန်မြို့သည် လာမည့် ၂၀၃၀ ပြည့်နှစ်၌ လူဦးရေ ၁၀ သန်းခန့် ရှိလာနိုင်မည်ဖြစ်ရာ ယခုကတည်းက ကြိုတင်ပြင်ဆင်ကာ အစီအစဉ်များ ရေးဆွဲနေခြင်းဖြစ်သည်။ ကမ္ဘာ့သတ်မှတ်ချက်အရ လူဦးရေ ၁၀ သန်းရှိလျှင် Mega City အဖြစ် ရောက်ရှိလာမည်ဖြစ်ရာ အရန်မြို့သစ်စီမံကိန်းအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးဆောင်ကာ စီမံကိန်းရေးဆွဲနေခြင်းဖြစ်ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့် အိုးအိမ်ဌာနများအပြင် အခြားဦးစီးဌာနများ ပါဝင်ပူးပေါင်းကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အရန်မြို့များအဖြစ် ထောက်ကြန့် အရန်မြို့၊ ရွှေလင်ဗန်း အရန်မြို့၊ အရှေ့ဒဂုံ၊ ပန်းလှိုင်၊ သန်လျင်မြို့နယ်အတွင်း တစ်မြို့၊ သီလဝါဘက်တွင် တစ်မြို့အဖြစ် ရွေးချယ်လျာထားကြောင်း သိရသည်။ အရန်မြို့သစ်များတွင် စက်မှုဇုန်၊ ဈေး၊ ပန်းခြံ၊ ဆေးရုံ၊ စာသင်ကျောင်းနှင့် အိမ်ရာစီမံကိန်းများလည်း ပါဝင်မည်ဖြစ်ရာ ရန်ကုန်မြို့၏ အနာဂတ်သည် အဆမတန်ကြီးထွားဖွံ့ဖြိုးလာမည့် အနေအထားသို့ ရောက်ရှိလာတော့မည်ဖြစ်သည်။

## တိုးတက်ပြောင်းလဲမှုများ

စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်၊ မြို့သစ်စီမံကိန်းများ၊ အခြေခံ အဆောက်အအုံများ မြှင့်တင်မှုအစီအစဉ်များကို ဂျပန် နိုင်ငံကလည်း အကူအညီပေးမည်ဖြစ်ရာ ရန်ကုန်မြို့၏ အနာဂတ်သည် တိုးတက်ပြောင်းလဲမှုများနှင့်အတူ နိုင်ငံတကာအဆင့်မီ Mega city အဖြစ် မြင်တွေ့ရမည်ဖြစ်ပါကြောင်း။ ။

*နေရာသစ်ရှာဖွေနေရသော ရန်ကုန်သစ်တောများ ...မှ*

ဒီအလုပ်မှာ ပြည်သူတွေကလည်း ကျွန်တော်တို့နဲ့အတူ ပူးပေါင်းပါဝင် ဆောင်ရွက်ဖို့ စိတ်အားထက်သန်လျက်ရှိကြပါတယ်။ တစ်နိုင်ငံလုံးအနေနဲ့ သစ်တောမြေ ၃၀ ရာခိုင်နှုန်းရရှိဖို့ ဆောင်ရွက်နေတဲ့အချိန်မှာ ရန်ကုန်တိုင်းဒေသကြီးအနေနဲ့ ထပ်မံဖွဲ့စည်းစရာ ကုန်းပေါ်မြေအနေနဲ့ မရှိတဲ့အတွက်ကြောင့် မုတ္တမပင်လယ်ကွေ့တစ်လျှောက်မှာ ရှိတဲ့ ဒီရေတော ပေါက်နေတဲ့တောတွေ၊ ဒီရေတောတွေ ပြန်လည်ဖြစ်ထွန်းလာဖို့အတွက် အလားအလာကောင်းတွေရှိတဲ့နေရာတွေကို အမြန်ဆုံး သစ်တောမြေအဖြစ်နဲ့ ဖွဲ့စည်းဖို့အတွက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ရှင်းပြသည်။

ပဲရစ်သဘောတူညီချက်အရ ကမ္ဘာကြီးပူနွေးမှုကို ၂ ဒီဂရီစင်တီဂရိတ်လျှော့ချရန်အတွက် မြန်မာနိုင်ငံအနေနှင့် သစ်တောမြေကို နိုင်ငံ့ဧရိယာ၏ ၃၀ ရာခိုင်နှုန်းအထိ တိုးချဲ့ဖွဲ့စည်းရန် ကတိကဝတ်ထားရှိခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံသည် သစ်တောမြေဧက ၈ ဒသမ ၆ သန်းခန့်ထပ်မံဖွဲ့စည်းရန် လိုအပ်လျက်ရှိပြီး ၂၀၁၇-၂၀၁၈ ခုနှစ်အထိ ၄ ဒသမ ၈ သန်းကို သစ်တောမြေအဖြစ်ဖွဲ့စည်းရန် တင်ပြပြီးဖြစ်သောကြောင့် ၁၂ နှစ်တာ ကာလအတွင်း နောက်ထပ်လေးသန်း ထပ်မံဖွဲ့စည်းရမည်ဖြစ်သည်။

## ရှက်အုပ်ပွင့် သစ်တော

မြန်မာနိုင်ငံရှိ သစ်တောများကို အဓိပ္ပာယ်ဖွင့်ဆိုရာ၌ မြေဧရိယာ ၁ ဒသမ ၂၅ ဧကအတွင်း၌ ၁၅ ပေအမြင့်ရှိသော အပင်ကြီးများ ၁၀ ရာခိုင်နှုန်းထက်ပို၍ ပေါက်ရောက်နေခြင်းကို သစ်တောဟု အဓိပ္ပာယ်ဖွင့်ဆိုထားကြောင်း သိရသည်။ သစ်ပင်ကြီးများ ၂၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိ ပေါက်ရောက်နေသော သစ်တောကို ရှက်အုပ်ပွင့်သစ်တောဟုခေါ်ပြီး ၂၀ ရာခိုင်နှုန်းထက်လျော့နည်းသော သစ်တောကို ရှက်အုပ်ပွင့် သစ်တောဟု အဓိပ္ပာယ်ဖွင့်ဆိုထားကြောင်း သိရသည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး၏ သစ်တောမြေဧရိယာအတွင်း ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းများကိုလည်း ထပ်မံခွင့်ပြုတော့မည်မဟုတ်ကြောင်း တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ သိရသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း သစ်တောများ ပြုန်းတီးလာမှု၊ သစ်တောများအတွင်း ဝင်ရောက်ပြီး စည်းကမ်းမဲ့ လုပ်ဆောင်မှုများကြောင့် သစ်တောအဆင့်အတန်းကျဆင်းလာမှုများကို ဝိုင်းဝန်းထိန်းသိမ်းရန် အရေးတကြီး လိုအပ်လျက်ရှိပါကြောင်း . . .။ ။

ပြန်လည်အစားထိုး ကျွန်းသစ်တောစိုက်ခင်း

